
www.burmeseclassic.com



www.burmeseclassic.com



ဒေဝတာ
လူသေအသက်သွင်းသူ/ဒေဝတာ။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၄၊ ဇူလိုင်လ၊ (၅၀၀)အုပ်။
၁၅၆ - စာ၊ ၁၃.၅ × ၂၁ စင်တီ။
(၁) ဒေဝတာ




www.burmeseclassic.com

www.burmeseclassic.com







# (နိဒါန်း)

ကောင်းကင်တစ်ခွင်လုံး ပိန်းပိတ်အောင်မိုးသားများနှင့် မည်းမှောင်လျက်ရှိသည်။ မည်းနက်နေသော တိမ်စိုင်တိမ်လိပ်များအား မီးခိုးဖျော့ဖျော့ တိမ်မျှင်တန်းတို့က အနားသတ်ပေးထားသလို. . . ထိုတိမ်စိုင်အစုအဝေးကြီးအား တိုင်ဖွန်းမုန်တိုင်းတစ်ခုက နွားမောင်းသလို ထိန်းကျောင်းလမ်းပြကာ. . လိုရာရောက်အောင် ပို့ဆောင်နေသည့်အလား ထင်ရ၏။

မုန်တိုင်းသည် ကမ္ဘာလောကအတွင်းရှိ သက်ရှိသက်မဲ့ အ

www.burmeseclassic.com



ရာအားလုံးကို ဝရုန်းသုန်းကားဖြစ်အောင် အနှောင့်အယှက်ပေးနေလေပြီ။ မိုးတိမ်အစုအဝေးကြီးအောက်ရှိ ပင်လယ်ပြင်မှာလည်း လေ၏အရှိန်ကြောင့် လှိုင်းတံပိုးထကာ ဝုန်းဒိုင်းကြဲနေတော့သည်။

ပေနှစ်ဆယ်လောက် အမြင့်ရှိမည့် လှိုင်းလုံးကြီးများကြောင့် ပင်လယ်ပြာပြာလည်း အလှပျက်လို့နေသည်။ တနင်္သာရီကမ်းမြောင်ဒေသ၊ ကော့သောင်းခရိုင်အတွင်းရှိ မြန်မာ့ပင်လယ်ပြင်တွင်. . မုန်တိုင်းဖြစ်ပေါ်နေခြင်းဖြစ်ပေသည်။

မုန်တိုင်းအရှိန်နှင့် ပြောင်းဆန်နေသော ပင်လယ်ပြင်တွင် ရွက်သင်္ဘောတစ်စင်း ပေါ်လောမြောကာ လှိုင်းသယ်ဆောင်ရာသို့ လိုက်ပါလို့နေ၏။ လေဟုန်ပြင်းလွန်းလှသဖြင့် ရွက်အားလုံးသိမ်းထားသော်လည်း ပင်လယ်ပြင်တွင် လျင်မြန်စွာရွေ့လျားနေပြီး၊ သင်္ဘောမှာ မှောက်လုမှောက်ခင်ပင် ဖြစ်နေတော့သည်။

"ကပ္ပတိန်ရေ. . တက်မကျိုးသွားပြီ ထိန်းလို့မရတော့ဘူး"

"တတ်နိုင်သလောက်ထိန်းထား၊ ရှေ့မှာ ကျွန်းကိုတွေ့နေရပြီ"

ကမ္ဘာပျက်သလိုဖြစ်နေသော သင်္ဘောပေါ်တွင် ကပ္ပတိန်နှင့် သင်္ဘောသားများ အသက်လုပွဲ ဆင်နွှဲနေကြသည်။ လူသုံးဆယ်ကျော်၏ ဆက်လက်ရှင်သန်နိုင်ခွင့်မှာ ကံကြမ္မာပေါ်တွင်သာ မူတည်နေတော့၏။ ထိုစဉ်မှာပင် မုန်တိုင်းက သင်္ဘောအား ကျွန်းနှင့်နီးအောင် တွန်းပို့လိုက်သလို ဖြစ်သွား၏။

ကံကောင်းထောက်မသောဖြစ်ရပ်ဟုပင် ဆိုရပေတော့မည်။ သင်္ဘောက ကျွန်းစပ်သောင်ပြင်ပေါ် မေးတင်သွား၏။ ကပ္ပတိန်၏အမိန့်ပေးသံ မကြားရခင်မှာပင် သင်္ဘောသားများ တစ်ယောက်ပြီး





တစ်ယောက် သဲသောင်ပြင်ပေါ်သို့ ခုန်ချကြလေသည်။ ဒီလိုအခြေအနေ၌ အမိန့်ပေးလို့ရမှာမဟုတ်မှန်း သိထားသည့် ကပ္ပတိန်ကိုယ်တိုင်ပင် သင်္ဘောပေါ်မှ လွှားခနဲခုန်ချလိုက်လေသည်။

သောင်ပြင်ပေါ်ရောက်သည်နှင့် လေကွယ်မိုးကွယ်ဖြစ်နိုင်မည့် ကျောက်ဆောင်များဆီသို့ ဆက်ပြေးကြသည်။ မိုးခိုစရာ မရသော်လည်း လေကွယ်ရာတွင်တော့ ခိုနားလို့ရသွားသည်။ သို့နှင့်. . အချိန်တွေလည်း နေ့အမှောင်မှ ညအမှောင်သို့ ကူးပြောင်းသွားခဲ့လေပြီ။

သူတို့အားလုံး မလှမ်းမကမ်းမှ သင်္ဘောဆီသို့ ဝိုင်းကြည့်နေကြ၏။ အဝေးမှရိုက်ခတ်လာသော လှိုင်းလုံးကြီးများကြောင့်. . . သင်္ဘောကြီး တုံးလုံးလဲမသွားပါစေနှင့်ဟုသာ ဝိုင်းဝန်းဆုတောင်းနေကြရသည်။ ထိုသို့စောင့်ကြည့်နေကြရင်း မိုးစဲသွား၏။

လေကတော့ ထန်နေဆဲ. . ။

သင်္ဘောသားများ မိုးရေစိုရွှဲလျက်ပင် ပတ္တူစခြုံကာ ကြုံသလိုအိပ်ကြရသည်။ ကပ္ပတိန် စောလှေဒူးတစ်ယောက်သာ သံယောဇဉ်ကြီးစွာနှင့် သူ့သင်္ဘောအား ငုပ်တုပ်ထိုင်ကြည့်နေလေသည်။

သင်္ဘောပေါ် ကျန်ရစ်ခဲ့သော ရန်လုံနှင့် တိုင်းကျော်အမည်ရှိ အချစ်တော်ခွေးကြီးနှစ်ကောင်ကိုလည်း စိတ်မချဖြစ်နေရှာသည်။

"ဝုတ်!!. . ဝုတ်!!. . "

ညဥ့်သုံးယံလွန်မြောက်၍ အာရုဏ်တက်သို့ ရောက်လုလုတွင် မုန်တိုင်းအားပျော့သွား၏။ မည်းမှောင်နေသော ကောင်းကင်လည်း အရောင်ဖျော့သွားကာ မိုးစင်စင်လင်းခဲ့သည်။ ကပ္ပတိန်က အနားမနေဘဲ သင်္ဘော၏အခြေအနေကို ကြည့်ရှုစစ်ဆေး၏။



www.burmeseclassic.com

www.burmeseclassic.com



သဘော်မှ အရံရွက်တိုင်တစ်ခု ကျိုးနေသလို. . တက်မက လည်း သုံးမရတော့။ ဒီကျွန်း၌ခိုပြီးမှသာ ခရီးဆက် ရွက်လွှင့်နိုင်တော့မည်ဖြစ်သည်။

"အားလုံးနားထောင်၊ မင်းဒင်နဲ့ ငါးယောက်အဖွဲ့ တောတိုးအမဲလိုက်ပြီး ရိက္ခာစုပါ၊ ပုညနဲ့ဆယ်ယောက်အဖွဲ့ ရွက်တိုင်လဲဖို့ သစ်ရှာပြီး ခုတ်လာခဲ့၊ ဖိုးစည်နဲ့သုံးယောက် စားဖိုခန်းဝင်၊ ငါနဲ့ကျန်တဲ့သူတွေ တက်မပြင်မယ်"

ကပ္ပတိန်၏ အမိန့်အတိုင်း အဖွဲ့များခွဲကာ ပြင်ဆင်ကြရသည်။ ကပ္ပတိန်စောလှေဒူး သူတာဝန်ယူရသည့်. . ဒေါ်(လ်)ဖင်သဘော်ကြီးပေါ် ပြန်တက်ခဲ့ပြီး တက်မအခြေအနေအား စစ်ဆေးသည်။ ရေတစ်ပိုင်း ကုန်းတစ်ပိုင်းဖြစ်နေသော သဘော်နောက်ပိုင်းမှ တက်မ၏အခြေအနေကို သဘော်သားတစ်ယောက်အား ရေငုပ်ဆင်းကြည့်နိုင်းလိုက်သည်။

ဒေါ်(လ်)ဖင်သည် စောလှေဒူး၏ ဘဝ၊ စောလှေဒူး၏ အသက်မွေးမှု၊ စောလှေဒူး၏ ရည်မှန်းချက်သာဖြစ်သည်။ တကယ်တော့ ဒေါ်(လ်)ဖင်ကို ပိုင်ဆိုင်သူက ဗြိတိသျှလူမျိုး သောမတ်(ခ)နလ်ဆင် ဖြစ်သည်။ (၁၈၈၅)ခုနှစ် မြန်မာတစ်ပြည်လုံးကို အင်္ဂလိပ်တို့ ကျွန်ပြုလိုက်ချိန်မှစ၍ ကုန်သည်အဖွဲ့နှင့်ပါလာသော နလ်ဆင်မှာ သဘော်များစွာပိုင်သော ကုန်သည်ကြီးတစ်ဦးလည်းဖြစ်သည်။

စောလှေဒူး၏ဖခင်က နလ်ဆင်၏လူယုံတော်ဖြစ်၍ စောလှေဒူး အရွယ်ရောက်သည်နှင့် သဘော်သားဖြစ်လာခဲ့ခြင်းဖြစ်သည်။ အင်္ဂလိပ်များနှင့်အနေနီးပြီး ထက်မြက်ဖျတ်လတ်သော စောလှေဒူးမှာ အသက်နှစ်ဆယ့်ငါးနှစ်အရွယ်မှာပင် ဒေါ်(လ်)ဖင်သဘော်၏ကပ္ပတိန် ဖြစ်လာခဲ့သည်။

သူက အိန္ဒိယတိုက်၊ အင်ဒိုနီးရှားမှ ဆူမတြားကျွန်း၊ ဘော်နီယိုကျွန်းနှင့် မလေးရှားမှ ပီနန်ကျွန်းတို့သို့ အခေါက်ခေါက်အခါခါ ရွက်လွှင့်ခဲ့သူဖြစ်၏။ ယခုတစ်ခေါက် ပီနံမှအပြန်တွင် မုန်တိုင်းမိခြင်းဖြစ်သည်။

ကပ္ပတိန်စောလှေဒူး တက်မပြင်နေသလို မင်းဒင်နှင့် ပုညတို့မှာလည်း သူတို့အဖွဲ့များကို ဦးဆောင်ကာ ကျွန်းပေါ်မှတောထဲသို့ တိုးဝင်သွားကြပြီဖြစ်သည်။ အပြန်ခရီး၌ တစ်လမ်းလုံး ရေသတ္တဝါတွေကိုသာ ထည်လဲစားခဲ့ရသော သဘော်သားတို့ ကုန်းသတ္တဝါဖမ်းမိဖို့အရေး အားတက်သရော တောတိုးလာခဲ့ကြ၏။

ဒီကျွန်းက ဘာကျွန်းလည်းဆိုတာ သူတို့မသိ။ ဒီမှာ လူတွေအခြေချနေထိုင်သလား၊ တောကောင်တွေ ကျက်စားရှင်သန်မှုရှိသလားဆိုတာလည်းမသိ။ ရေလေနှင့်မြေထုရှိလျှင် သက်ရှိမျိုးစုံရှိရမည်ဆိုသောအသိနှင့် ကျွန်းပေါ်မှ တောထဲဝင်လာခဲ့ကြခြင်း ဖြစ်သည်။

သူတို့အုပ်စုတွင် ဓား၊ လှံ၊ လေးမြားတို့အပြင် တူမီးသေနတ်နှစ်လက်လည်း ပါလာသည်မို့ တော်ရုံသားကောင်လောက်တော့ မှုစရာမလို။

လူသွားလမ်းမရှိသည့် တောတွင်းသို့တိုးလာရင်း မြေမျက်နှာသွင်ပြင်က ဆင်ခြေလျှောသဏ္ဌာန် ဇဖြည်းဖြည်းမြင့်တက်လာ၏။ အောက်ခြေရှုပ်ပြီး သက်ငယ်ပင်များ ထူထပ်စွာပေါက်ရောက်နေသဖြင့် တောကောင်တို့ ခိုအောင်းရန် သင့်တော်သော အရပ်ဒေသဖြစ်နေသည်။

ကွမ်းတစ်ယာညက်ခန့် တောတိုးလာပြီးနောက် ဖါးပင်တို့







www.burmeseclassic.com

www.burmeseclassic.com



ဝန်းရံနေသည့် ရွက်ကြွေအတိပြီးသော ကွက်လပ်တစ်ခုကို တွေ့လိုက်ကြရသည်။ ထိုရွက်ကြွေတောကို ဖြတ်သန်းစီးဆင်းနေသည့် တောင်ကျစမ်းချောင်းငယ်လေးတစ်ခုက ထိုနေရာလေးအား ပီပြင်စွာ လှပအောင် ဖန်ဆင်းအသက်သွင်းထားသကဲ့သို့ ရှိနေလေသည်။

"သောက်ရေအတွက် တောကောင်တွေ ဒီစမ်းချောင်းကို လာမှာပဲ၊ အားလုံးကိုယ်ယောင်ဖျောက်ပြီး စောင့်ကြ. . ဘာကောင်လာလာ မလွတ်စေနဲ့ဟေ့. . "

မင်းဒင်၏အမိန့်အတိုင်း ငယ်သားတွေလိုက်နာသည့်အနေနှင့် ဝါးရုံကွယ် ခြုံကွယ်များတွင် ဝင်ရောက်နေရာယူလိုက်ကြသည်။ သဘောသားတစ်ဖြစ်လဲ မုဆိုးကျော်တို့ အသံမပြု၊ လှုပ်ရှားမှုမရှိအောင် ထိန်းသိမ်းကာ စောင့်ဆိုင်းနေကြ၏။ လေပွေက ရွက်ကြွေတစ်ဆုပ်ကို သယ်ဆောင်ကာ နေရာပြောင်းပေးသည်။

ရှဉ့်လေးတွေ ဝါးရုံပင်တွေပေါ် လိုက်တမ်းပြေးတမ်း ကစားနေကြသည်။ မြွေတွန့်သံသဲ့သဲ့ကြားနေရ၏။ ဟိုးအဝေးဆီမှ မျောက်တစ်အုပ်၏ ရန်စောင်သံတွေက လေကိုခိုစီးကာ ဝဲလွင့်ရောက်ရှိလာနေသည်။

မင်းဒင်တို့အဖွဲ့ ချောင်းမြောင်းစောင့်ဆိုင်းနေစဉ် ပုညတို့မှာလည်း တောတိုးလျက်ရှိ၏။ ရွက်တိုင်လုပ်ဖို့ ဖြောင့်တန်းသောကျွန်းပင်ကို ရှာနေကြသည်။ တနင်္သာရီကမ်းရိုးတန်းနှင့် ဝေးခြားနေသော်လည်း ရေအောက်ကုန်းမြေနှင့်တော့ တစ်ဆက်တည်းဖြစ်ပုံရသည်။

ရေမြေတူနေသဖြင့် ဒီကျွန်း၌လည်း တနင်္သာရီတိုင်းဘက်တွင်ရသည့် အပင်တွေအကုန်ရှိနေ၏။ လိုအပ်သောအရှည်နှင့်လုံးပတ် စိတ်ကြိုက်ရှိသည့် အပင်ကိုတွေ့မှ အဖွဲ့သားများ စခန်းချကြသည်။ အပင်ကိုခုတ်ပြီး သယ်ယူရမည့် လမ်းခရီးကို တွက်ချက်ကာသွားလို့သာအောင် အရင်ဆုံးခြုံရှင်းရသည်။

ဒီကျွန်းတွေကိုရော ဗြိတိသျှအစိုးရပင် ပိုင်လေသလားဟု ပုည တွေးမိသည်။ မွေးမွေးချင်း အင်္ဂလိပ်ကျွန်ဖြစ်ခဲ့ရသော ပုညမှာ ယခု (၁၉၃၅)တွင် အသက်နှစ်ဆယ်တင်းတင်း ပြည့်ခဲ့ပြီဖြစ်သည်။

ဒီကျွန်းကို အင်္ဂလိပ်ပိုင်သည်ဆိုလျှင် သစ်ခုတ်ခွင့်လျှောက်ရဦးမှာလား၊ တောခေါင်းကိုရော အကြောင်းကြားရဦးမှာလား ပုည တွေးမိသေးသည်။ သို့သော် ကျွန်းပေါ် စရောက်ကတည်းက ဗြိတိသျှ သခင်ကြီးများကို မတွေ့သလို ဒေသခံကျွန်းသားများကိုလည်း ယခုထိတစ်ယောက်မှ မတွေ့သဖြင့်. . လူမနေသည့် ကျွန်းပဲဖြစ်မည်ဟု သတ်မှတ်လိုက်မှပဲ စိတ်ပေါ့ပါးလွတ်လပ်သွားတော့သည်။

ရေမြေသနင်း အင်္ဂလိပ်မင်းတွေ မရှိသော်လည်း တောပိုင်တောင်ပိုင်၊ ကျွန်းပိုင်နတ်တွေရှိမည်မှာ သေချာနေ၍ တောစောင့်နတ်၊ ကျွန်းစောင့်နတ်တို့ကို ပူဇော်ခွင့်ပန်ရန် ပုည ပြင်ဆင်တော့သည်။ တောတိုးစကပင် ရှာဖွေခုတ်ယူလာခဲ့သည့် အုန်းသီးနှင့် ငှက်ပျောရိုင်းသုံးဖီးအား ငှက်ပျောဖက် ယိုင်ပတ်တွင်ထည့်ကာ အပင်ခြေရင်းတွင် ပသထားလိုက်သည်။

"တောစောင့်နတ်၊ တောင်စောင့်နတ်နှင့် ကျွန်းညိုသခင် အရှင်တို့ခင်ဗျာ"

"ဝုန်း!. . ဝုန်း!. . ဝရော!. . ဝေါ!. . "

ပုည ဆိုင်ရာပိုင်ရာတို့အား ပင့်ဖိတ်အသံပေးလိုက်သည်နှင့် တစ်တောလုံး ဝရုန်းသုန်းကာ ဖြစ်သွားကာ ဝုန်းဝုန်းဒိုင်းဒိုင်းအသံ





www.burmeseclassic.com

www.burmeseclassic.com



တွေ ဆူညံသွားတော့သည်။ ပုညတို့တစ်ဖွဲ့လုံး အထိတ်တလန့် ဖြစ်သွားကာ ပတ်ဝန်းကျင်ကို ကျီးကန်းတောင်းမှောက် ကြည့်မိကြသည်။

သတ္တဝါကြီးတစ်ကောင် အတင်းတိုးဝင် ပြေးလွှားသွားသဖြင့် တောနှင့်ခြုံနွယ်သစ်ပင်တွေ သွက်သွက်ခါ လှုပ်ယမ်းသွားခြင်းပင်ဖြစ်၏။ ဝါးတစ်ရိုက်အမြင့်ခန့် သစ်ပင်များ လှုပ်ယမ်းသွားခြင်းမို့ အတော်ကြီးမားသော သတ္တဝါဖြစ်မည်ဟု တွက်မိပြီး အထိတ်တလန့် သည်း ဖြစ်ကြရသည်။ လှုပ်ယမ်းနေသောသစ်ပင်များ တဖြည်းဖြည်း ဝေးသွားမှ တစ်တောလုံး ငြိမ်သက်လို့ သွားပြန်သည်။ ဘာကောင်ဆို တာလည်း မမြင်လိုက်ကြရ။

"အပင်ခုတ်လို့ ဖြစ်ပါ့မလား ဆရာ"

"ရွက်တိုင်မစုံဘဲနဲ့ရော ငါတို့သင်္ဘော ဒီကျွန်းက ခွာလို့ရမှာတဲ့လား"

ပုည တာဝန်ခွဲဝေပေးသည့်အတိုင်း. . သင်္ဘောသားများ တက်ညီလက်ညီ လုပ်ဆောင်ကြတော့၏။

ထိုအချိန်တွင် မင်းဒင်တို့ရှိသည့် ရွက်ကြွေတောမှ စမ်းချောင်းသို့ တောဝက်တစ်ကောင် ရေသောက်ဆင်းလာသည်။ ထိုတောဝက်ကိုမြင်၍ မင်းဒင်တို့ အားရဝမ်းသာဖြစ်သွား၏။ တူမီးကိုင်နှစ်ယောက်အား မင်းဒင် အချက်ပေးလိုက်သည်။ သေနတ်သမားနှစ်ယောက်လုံး ရေသောက်နေသော တောဝက်အား သေနတ်များနှင့် ထိုးချိန်လိုက်ကြ၏။ လေအောက်တွင်ရှိနေသည့် မင်းဒင်တို့အနံ့ကို လေတင်အရပ်မှ တောဝက်မရခြင်းက သူတို့အတွက် ကံကောင်းခြင်းပင် ဖြစ်သည်။

နားရွက်များကို အနားမပေးဘဲ လှုပ်ရမ်းနားစွင့်ရင်း တော





ဝက်ရေသောက်နေသည်။ တူမီးသမားတို့ ပစ်မှတ်ကို အသေအချာ ချိန်ရွယ်ကာ ပြိုင်တူဆိုသလိုပင် ပစ်လိုက်ကြသည်။

"ထိန်း!. ." "ထိန်း!. ."

ကျယ်လောင်သော ယမ်းပေါက်ကွဲသံနှစ်ချက်. . ရှေ့ဆင့်နောက်ဆင့်ဆိုသလို မြည်ဟီးသွားပြီးနောက် နာကျင်စွာအော်ဟစ်လိုက်သည့် တောဝက်ကြီး ရေစပ်တွင် တုံးခနဲ ဖစ်လဲကျသွားသည်။

"ဝေး. . ဟေး. . ဟေး"

စားစရာအသားရိက္ခာရပြီမို့ သင်္ဘောသားများ ဝမ်းသာအားရ အော်ဟစ်ကာ ညာသံပေးလိုက်ကြသည်။ ထိုစဉ်မှာပင် ထင်မှတ်မထားတာတွေ ဆက်တိုက်ဖြစ်ပေါ်လာသည်။ ကြီးမားထွားကျိုင်းလှသော လူနှင့်ဆင်တူသည့် သတ္တဝါကြီးတစ်ကောင် တောထဲမှပြေးထွက်လာကာ အသက်ငင်နေသော တောဝက်အား ဆွဲယူထွက်ပြေးသွားခြင်းပင်ဖြစ်သည်။

ထိုအဖြစ်မှာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်သာ ကြာသည်မို့ လူလား၊ သတ္တဝါလား ကွဲပြားအောင်ပင် မြင်တွေ့ခွင့်မရလိုက်ကြသည့်အတွက် မင်းဒင်တို့အကြီးအကျယ် ထိတ်လန့်တုန်လှုပ်သွားကြသည်။ အရွယ်ရောက်ပြီး ဝက်တစ်ကောင်ကို အသာကလေး သယ်ယူကာ အလျင်အမြန် ပြေးထွက်သွားနိုင်သည်မို့ ခွန်အားဗလကြီးမားမှန်း ရိပ်မိကြ၍လည်း လိုက်လံဖမ်းဆီးဖို့ ဘယ်သူမှ မတွေးရဲကြ။

"ဘာကောင်ကြီးလည်း မသိဘူး၊ လူနဲ့တော့ ခပ်ဆင်ဆင်ပဲ"

"မျောက်ဝံကြီးလား"

"မျောက်က အသားစားပါ့မလားကွ"

ဝေခွဲမရ အငြင်းပွားရင်းနှင့်ပင် ရထားသည့် တောဝက်အား



www.burmeseclassic.com

www.burmeseclassic.com



အလှူပေးကာ ပြန်လာခဲ့ကြ၏။

ပုညတို့အဖွဲ့မှာလည်း တစ်လှည့်စီစောင့်၊ တစ်လှည့်စီခုတ်ပြီး ရွက်တိုင်လုပ်မည့်သစ်ပင်အား မရမက သယ်လာကြသည်။ လူဆယ်ယောက် ဝိုင်းထမ်းကာ သစ်လုံးကြီးကိုသယ်လာရသည်။

တောအုပ်ထဲမှအထွက်တွင် ဝူးဝူးဝါးဝါးနှင့် ကျယ်လောင်လှသော အသံနက်ကြီးကို ကြားလိုက်ကြရလေ၏။ ထိုအသံကြောင့်. . သစ်ထမ်းလာသော သင်္ဘောသားများ အလန့်တကြားနှင့် သောင်ပြင်ကိုဖြတ်၍ သစ်လုံးကြီးနှင့် ခြေကုန်သုတ်ကြတော့သည်။

ထိုအော်သံကြီးကို သင်္ဘောပေါ်မှလူများလည်း ကြားလိုက်ကြရသည်မို့ ဆင်းလာကြသည်။

အသံထွက်ပေါ်လာရာ တောစပ်ဆီသို့ ကြည့်နေစဉ်မှာပင် ပုညအဖွဲ့ တောထဲမှထွက်လာတာ မြင်ကြရပြန်သည်။ မုဆိုးအဖွဲ့လည်း အမျိုးအမည်မသိ သတ္တဝါကြီး၏အသံကြောင့် သူ့ထက်ငါဦးအောင် အလုအယက် ပြေးလာကြလေ၏။

အားလုံးလူစုံတော့မှပဲ. . လုံခြုံသွားသလို ခံစားကြရလေသည်။ ကပ္ပတိန်စောလှေဒူးအား အတွေ့အကြုံကို အလုအယက် ပြောပြကြသည်။

"တော်တော်ထွားတယ် ခြောက်ပေခွဲလောက်ရှိမယ်"

"ဟုတ်တယ် ကပ္ပတိန်၊ မြန်ချက်ကလည်း ပြောမနေနဲ့တော့ ဝက်အသေကောင်ကိုထမ်းပြီး တောထဲဝင်သွားတာများ လှစ်ခနဲပဲ"

ဘယ်လိုတွေးတွေး အဖြေမပေါ်သည့်အတွက် မရေမရာကိစ္စအား အချိန်မပေးလိုသည့် ကပ္ပတိန်က ရွက်တိုင်အသစ်လဲဖို့သာ ဆော်ဩလိုက်သည်။ ကပ္ပတိန်၏ ဆော်ဩမှုက လက်တွေ့ကျသည့်





အတွက် ခုတ်လာသောသစ်ပင်ကို အချောကိုင်ကာ ရွက်တိုင်အဖြစ် ပြောင်းလဲကြတော့၏။

သင်္ဘောသားဆယ်ယောက်ကိုတော့ ရှိသမျှလက်နက် အပြည့်အစုံ တပ်ဆင်ပေးကာ တောအုပ်အား အဆက်မပြတ် ကင်းဆောက်နေစေသည်။ ရင်ဆိုင်ရမည့်ရန်သူက ဘာမှန်းအတိအကျမသိရသဖြင့်. . အရေးပေါ်ကာလကဲ့သို့ပင် ကင်းတာဝန်ချထားပြီး အလှည့်ကျ အလုပ်လုပ်၊ အလှည့်ကျ နားကာ၊ အလှည့်ကျ စားသောက်စေသည်။ ဒီလိုနှင့် တစ်နေ့တာ ကုန်ဆုံးသွားသည့်အချိန်၌ ညကိုသုံးဆိုင်းခွဲကာ ကင်းစောင့်စေသည်။

နောက်တစ်နေ့ နေ့လည်တွင်တော့ ရွက်တိုင်ထူနိုင်သည့်အဆင့်သို့ ရောက်လာခဲ့ပြီဖြစ်သည်။ စောလှေဒူး တာဝန်ယူထားသည့် တက်မပြင်ဆင်ရေးလုပ်ငန်းကလည်း အတော်ပင် ပြီးစီးနေလေပြီ။ မိုးလေဝသ ကောင်းမွန်လျှင် သန်ဘက်ခါလောက် ဤကျွန်းမှ ခွာနိုင်တော့မည်ဖြစ်သည်။

နေဝင်ဖြိုးဖြ ဆည်းဆာအစတွင် တစ်နေ့တာလုပ်ငန်း စခန်းသိမ်းခိုက်. . စောလှေဒူး၏ အချစ်တော် ရန်လုံနှင့်တိုင်းကျော်တို့ သင်္ဘောကုန်းပတ် လက်ရန်းပေါ်တက်၍ ပတတ်ရပ်ကာ တောအုပ်ဆီလှမ်းမျှော်ရင်း ဆူးဆူးဝါးဝါး ထိုးဟောင်ကြတော့သည်။

"ရန်လုံ တိုင်းကျော် ဘာဖြစ်နေတာလဲ"

ကပ္ပတိန်စောလှေဒူး၏ စကားမဆုံးခင်မှာပင် မင်းဒင်က တောအုပ်ဆီသို့ လက်ညှိုးညွှန်ရင်း. .

"ကပ္ပတိန်. . ဟို. . ဟိုမှာ တောထဲက တစ်ခုခုထွက်လာနေတယ်"



www.burmeseclassic.com

www.burmeseclassic.com



မင်းဒင်၏ အထိတ်တလန့် အသံကြောင့် သင်္ဘောသားတို့ အကြည့်က သောင်ပြင်အဆုံးမှ တောအုပ်ဆီသို့ ပြိုင်တူရောက်သွားကြ၏။ အတန်ငယ် အလှမ်းဝေးသဖြင့် ဘာရယ်ဟု သဲသဲကွဲကွဲ မမြင်ရဘဲ ရွေ့လျားနေသည့် မည်းမည်းသဏ္ဌာန်ကိုသာ တွေ့ကြရသည်။

"တူမီးတွေ ဒူးလေးတွေ အသင့်ပြင်ထားကြ"

စောလှေဒူး၏ အမိန့်အတိုင်း လက်နက်ကိုင်တွေ အသင့်ပြင်ကာ နေရာယူကြသည်။ အားလုံးမျက်တောင်ပင် မခတ်နိုင်တော့။ ထိုမည်းမည်းသဏ္ဌာန် သောင်ပြင်ပေါ် ထွက်လာသည့်အခါ လူတစ်ယောက်ဖြစ်နေတာ မှန်းဆလို့ရသွားသည်။

"ဒေသခံကျွန်းသားလား၊ မင်းတို့ပြောတဲ့ သတ္တဝါကြီးလား"

"ကျွန်တော်တို့လည်း မသိဘူး ကပ္ပတိန်"

စောလှေဒူးက ပစ်မိန့်မပေးဘဲ ဆက်လက်စောင့်ကြည့်နေစေသည်။ တဖြည်းဖြည်းနှင့် ထိုလူ သင်္ဘောနှင့်ပို၍နီးလာ၏။

ထိုလူစိမ်းသည် ခြေကုန်လက်ပမ်းကျနေဟန်နှင့် လေးဖင့်နှေးကွေးစွာ တစ်လှမ်းချင်း ရွေ့တိုးလာနေသည်။ ကိုယ့်ကိုယ်ကိုယ်တောင် အနိုင်နိုင် သယ်လာရသည့်အပြင် လက်နက်တစ်စုံတစ်ရာလည်းမပါပေ။

သင်္ဘောနှင့်ဝါးတစ်ရိုက်ခန့်အထိ ပင်ပန်းတကြီး လျှောက်လာပြီးချိန်၌ လူစိမ်းလည်း သောင်ပြင်ပေါ်သို့ ဝုန်းခနဲ လဲကျသွားတော့သည်။

လူစိမ်းက ဥပါယ်တံမျဉ်သုံးသလား၊ မာယာများတာလား၊ ဟန်ဆောင်သည်လား. . အတွေးကိုယ်စီနှင့် သတိကြီးစွာထားကာ လဲနေသူအနား တိုးကပ်သွားကြသည်။





လူစိမ်းကတော့ တုတ်တုတ်မျှမလှုပ်. . .။

သင်္ဘောသားနှစ်ယောက် ဆွဲလှန်လိုက်ရာ ထိုလူ အမောဖောက်နေသည့်အဖြစ်ကို တွေ့ရလေသည်။ ပုညက ခါးကြားမှရေဘူးကိုထုတ်ကာ တိုက်သည်။ လူစိမ်းက ရေကိုအားရအောင်သောက်အပြီး ထလာကာ. .

"ခင်ဗျားတို့ကပ္ပတိန်နဲ့ ကျုပ်စကားပြောချင်တယ်"

စောလှေဒူး လူအုပ်ကြားထဲမှ ထွက်လာပြီး. .

"ကပ္ပတိန်က ကျုပ်ပဲ၊ ခင်ဗျားကရော ဘယ်သူလဲ"

"ကျုပ်မှာ စကားပြောဖို့ အချိန်မရှိတော့ဘူး ကပ္ပတိန်၊ ခင်ဗျားလူတွေရယ်၊ လက်နက်တွေရယ်ယူပြီး ကျုပ်နောက်ကို အမြန်ဆုံးလိုက်ခဲ့ပေးပါ"

သင်္ဘောသားတွေ လှုပ်လှုပ်ရွရွဖြစ်ကာ ရှေ့တိုးလာကြသည်။

"နေအုံး. ."

စောလှေဒူး လက်ကာပြပြီးတားလိုက်၊

ထိုစဉ် သင်္ဘောပေါ်မှ ရန်လုံတို့ စူးစူးဝါးဝါး ထိုးဟောင်ကြမြန်သည်။ သတ္တဝါကြီးလိုက်လာပြီအထင်နှင့် တောစပ်ဆီ လှမ်းကြည့်မိကြသ␣␣၊ တောစပ်မှခြုံနွယ်နှင့် အပင်ငယ်တို့ လှုပ်ခတ်သွားတာ မြင်လိုက်ရသော်လည်း ဘာကောင်မှ ထွက်လာခြင်းမရှိ။ ရန်လုံတို့ကလည်း ကြိုးနှင့်ချည်ထားသည့်ကြားက အတင်းရုန်းကန်ကာ သင်္ဘောလက်ရန်းပေါ် ပတတ်ရပ်တက်ပြီး မရပ်မနားဟောင်နေကြတော့၏။

ခွေးဆိုသည့်သတ္တဝါက အနံ့ခံကောင်းသလို အမဲလိုက်စွမ်း



www.burmeseclassic.com

www.burmeseclassic.com



ရည်လည်း ထက်မြက်သည်။ ထိုခွေးတို့ အဆက်မပြတ်ဟောင်နေခြင်းက အကြောင်းမဲ့တော့ မဖြစ်နိုင်။ မနားတမ်း ထိုးဟောင်နေရင်းနှင့်ပင် ခွေးနှစ်ကောင် အတင်းဆောင့်ရုန်းလိုက်ရာ. . ၎င်းတို့အား ချည်ထားသည့်ကြိုးများ ပြတ်သွားလေတော့သည်။

ကြိုးပြတ်သွားသည်နှင့် ရန်လုံရော၊ တိုင်းကျော်ပါ သင်္ဘောပေါ်မှ ခုန်ဆင်းသွားကြသည်။ သောင်ပြင်ပေါ်မှ စောလေ့ဒူးတို့ တားတာပင်မရ။ တဝုတ်ဝုတ် ထိုးဟောင်ရင်း တောအုပ်ဆီသို့ ပြေးဝင်သွားကြလေသည်။

“ရန်လုံ. . ရန်လုံ. . တိုင်းကျော်. . ပြန်လာခဲ့ ပြန်လာခဲ့”

သခင်ဖြစ်သူ စောလေ့ဒူး အော်ခေါ်တာကိုပင် ဂရုမစိုက်ကြတော့၊ စားကောင်းသောက်ဖွယ် တောကောင်တစ်ကောင်အား ကိုယ်တိုင်အမဲလိုက်ခွင့်ရတော့မည့်ဟန်နှင့် အားတက်သရော ပြေးသွားကြသည်။

“သွားပါစေ. . သူတို့သေမှာကို မသိလို့နေမှာ”

ဖေးမတွဲထူထားရသည့် လူစိမ်းက တပ်အပ်သေချာ သိနေသည့်အလား အပိုင်ပြောလိုက်၍ စောလေ့ဒူး စိုးရိမ်ပူပန်သွားသည်။ လူစိမ်း နိမိတ်ဖတ်သလို ဖြစ်လာလေမလား အတွေးများနှင့် သူ့ခွေးနှစ်ကောင်အား လှမ်းကြည့်နေမိသည်။

ရန်လုံနှင့်တိုင်းကျော်က ကျောက်ဆောင်များပေါ် ကုတ်ကပ်တက်ပြီး တောထဲသို့ လွှားခနဲ ခုန်ဝင်လိုက်ကြသည်။ ထိုနေရာမှ ခြုံနွယ်သစ်ပင်များ အရင်းမှကိုင်လှုပ်လိုက်သလို ခါရမ်းသွားတော့သည်။

“ဂိန်!. . အိန်!. . အိန်!. . အု!. . အု!. . ”





ရန်လုံနှင့် တိုင်းကျော်၏ မချိမဆန့် အော်ဟစ်သံများ ကြားလိုက်ရပြီးနောက်တွင်တော့. . ကျွန်းတစ်ခုလုံး ငြိမ်သက်သွားတော့သည်။ စောလေ့ဒူးလည်း သူ့ခွေးနှစ်ကောင်အတွက် လွန်စွာစိတ်မကောင်း ဖြစ်သွားရလေ၏။

“ဝူး!. . အူး!. . ဝူး!. . ”

လူတစ်ယောက် အော်ညည်းလိုက်သလို အသံမျိုးကြီး ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

“အားလုံး သင်္ဘောပေါ်ပြန်တက်နေကြ. . ”

စောလေ့ဒူး လူစိမ်းအား လက်ညှိုးထိုးကာ. .

“ခင်ဗျား. . ကျုပ်နောက်လိုက်ခဲ့”

သင်္ဘောသားများကို သတိအနေအထားဖြင့် စောင့်ကြည့်နေစေပြီး လူစိမ်းကို သူ့အခန်းထဲခေါ်သွားလေသည်။

လမ်းမလျှောက်နိုင်တော့သော လူစိမ်းအား သင်္ဘောသားများ တွဲခေါ်လာရသည်။ အခန်းထဲအရောက် လူစိမ်းအား ခုံတန်းရှည်တစ်ခုပေါ်တွင် တင်ပေးလိုက်ပြီး သင်္ဘောသားများ ပြန်ထွက်သွား၏။ ကပ္ပတိန်စောလေ့ဒူး လူစိမ်းကို သေချာအကဲခတ်ကြည့်သည်။

မရိတ်မသင်ဘဲ ထားခဲ့သည်မှာ မည်မျှကြာခဲ့ပြီမသိ၊ ထိုလူ့မျက်နှာတွင် နှုတ်ခမ်းမွေး၊ ပါးမြိုင်းမွေးတို့ ထူထပ်စွာ ပေါက်ရောက်နေသည်။ ဆံပင်ရှည်ကြီးများကလည်း ဖရိုဖရဲနှင့်မို့ မူလရုပ်သွင်ကို မှန်းဆမရနိုင်အောင် ဖြစ်နေသည်။

“ခင်ဗျားက ဘယ်သူလဲ၊ ဒီကျွန်းပေါ် ဘယ်လိုရောက်နေတာလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်နာမည် ဘာမှန်၊ အင်း. . မသေသေးလို့ ခင်ဗျား ကျုပ်ကိုမြင်နေရတာပေါ့"

"ခင်ဗျားရဲ့အကြောင်းကို ကျုပ်ကိုပြောပြလို့ရနိုင်မလား"

ဘာမှန်ဆိုသူက ကပ္ပတိန်စောလှေဒူး လှမ်းပေးသော ဝီစကီကို လှမ်းယူကာ မော့သောက်လိုက်အပြီး. . .

"ဟား. . ကောင်းလိုက်တာဗျာ၊ ဒါမျိုးမသောက်ရတာ ကျုပ်အတွက် လပေါင်းအတော်တောင် ကြာခဲ့ပြီကိုး"

ဝီစကီပုလင်းကို ဘေးချထားလိုက်ပြီး. . .

"ခင်ဗျားက သိချင်တယ်ဆိုတော့လည်း ကျုပ်ပြောပြရတော့မှာပေါ့. . အဟွတ်. . အဟွတ်"

ထို့နောက် လူစိမ်းမှာအားမရှိသည့်ကြားက သက်ပြင်းရှည်ကြီးကိုချလိုက်ရင်း တစ်စုံတစ်ခုကို ထုတ်ဖော်ပြောတော့မလို နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်ကာ လှုပ်လှုပ်ရွရွ ဖြစ်လာလေတော့၏။

"ဇာတ်လမ်းက ဒီလိုဗျ. . ."









# အခန်း (၁)

ဆီးနှင်းတို့ တဖွဲဖွဲကျဆင်းလို့နေသည်။ နေရာတိုင်းတွင် သူတို့ဖွေးဖွေးလှုပ်နေကြ၏။ သစ်ကိုင်းသစ်ခက်များပေါ်တွင် နှင်းများဖုံးနေသည်မို့ မူလဇာတိရုပ်ပျောက်ကာ အဖြူရောင်သစ်ပင်များသာ ဖြစ်နေတော့၏။

ထိုဆီးနှင်းတွေကြားထဲ. . လူနှစ်ယောက် ပြေးလွှားနေကြသည်။ နှင်းများကိုကောက်ယူကာ တစ်ယောက်နှင့်တစ်ယောက် ပစ်ပေါက်ကစားကြ၏။ သူတို့နှစ်ဦး အမြဲမခွဲ တတွဲတွဲနေလာခဲ့ကြတာ



www.burmeseclassic.com

www.burmeseclassic.com



(၁၅)နှစ်ပင် ရှိခဲ့ပြီဖြစ်သည်။ တကယ်တော့ သူတို့နှစ်ယောက်က မောင်နှမနှစ်ဝမ်းကွဲ တော်စပ်ကြသည်။ ဘမှန်၏ဖခင် ဆမားဒူးဝါး ဦးစံဖဲ၏ ညီမတစ်ဝမ်းကွဲမှ မြလေးကို မွေးခဲ့ခြင်းဖြစ်၏။ သူ့မိခင် ဆုံးပါးသွား၍ ဆမားဒူးဝါးဦးစံဖဲက ခေါ်ယူမွေးစားခဲ့ခြင်းလည်း ဖြစ်သည်။

"ကိုကို ဆော့ရတာမမောဘူးလား"

"မြလေးရယ် နှင်းတောထဲ ဆော့ရတာ ဘယ်လိုလုပ်မောမှာလဲ"

"ကလေးတို့. . မင်္ဂလာပါ"

"ဟင်. . ဒေါက်တာပါလား"

ရုတ်တရက်ဆိုသလိုရောက်လာသော ဒေါက်တာမောရစ်ကြောင့် ဘမှန်နှင့် မြလေးတို့ ကမန်းကတန်းထကာ နှုတ်ဆက်လိုက်ကြသည်။ ဒေါက်တာမောရစ်က. . လောကဓာတ်သိပ္ပံဆရာတစ်ယောက်ဖြစ်ပြီး ဘမှန်ဖခင်၏ မိတ်ဆွေလည်း ဖြစ်သည်။ မြန်မာပြည်ရောက်နေတာ ဆယ်နှစ်နီးပါးရှိနေပြီမို့ မြန်မာစကားကို မြန်မာတစ်ယောက်လို ပြောနိုင်သူလည်းဖြစ်သည်။

"ပူတာအိုနဲ့မချမ်းဘောကို ကျွန်ုပ်သိပ်ချစ်တယ် ဘမှန်. . အင်္ဂလန်က ကျွန်ုပ်မွေးရပ်မြေ မန်ချက်စတာနဲ့ သိပ်ကိုတူတာပဲ"

"ဒေါက်တာ. . ကျွန်တော်လည်း အင်္ဂလန်ကို ရောက်ဖူးချင်တယ်"

"လူကလေး ကျောင်းပြီးရင် အင်္ဂလန်မှာဆက်ပြီး ပညာသင်ပေါ့"

"ဒေါက်တာ အခု အဖေနဲ့တွေ့ဖို့ လာတာမဟုတ်လား အိမ်





ထဲကိုကြွပါ ခင်ဗျာ"

ဒေါက်တာမောရစ်၊ ဘမှန်နှင့် မြလေးတို့ အိမ်တော်ကြီးဆီသို့ အတူလျှောက်လာခဲ့ကြ၏။ ဘမှန်တို့က ကချင်ဒေသမှ ဒူးဝါးမျိုးရိုးများ ဖြစ်ကြသည်။ ဒေသခံများအပေါ် အလွန်သြဇာညောင်းသော တိုင်းရင်းသားခေါင်းဆောင်များဖြစ်ပြီး နယ်ချဲ့အင်္ဂလိပ်အစိုးရကလည်း ဒူးဝါးများတည်ရှိမှုကို အသိအမှတ်ပြုကာ အုပ်ချုပ်ရေးတွင် ပါဝင်ပတ်သက်ခွင့် ပေးထားသည်။ ဒါကလည်း တောင်တန်းနှင့်ပြည်မကို သွေးခွဲသပ်လျှိုထားသော ဉာဏ်ကြီးရှင် ဗြိတိသျှတို့၏ လှည့်ကွက်တစ်ခုပင်ဖြစ်သည်။

မိတ်ဆွေရင်းများ ဖြစ်ကြသော ဆမားဒူးဝါးဦးစံဖဲနှင့် ဒေါက်တာမောရစ်တို့ ဒေသထွက်ခေါင်ရည်အိုးကို အလယ်မှာထားပြီး ရင်းနှီးစွာစကားပြောဆိုနေကြပြီ။ ဘမှန်နှင့် မြလေးလည်း စားဖိုဆောင်သို့ ဝင်လာခဲ့ကြသည်။ စားဖိုဆောင်တွင် မိခင်ကြီး မဒီခင်လေးနှင့် အထိန်းတော် လွန်းဝါတို့ ရှိနေကြ၏။ ဘမှန်၏မိခင် မဒီခင်လေးမှာ ကိုယ်ဝန်အရင့်အမာနှင့်ဖြစ်၏။

အသက်လေးဆယ်ကျော်မှ ထပ်မံကိုယ်ဝန်ရလာသည့်အတွက် ဆမားဒူးဝါးဦးစံဖဲနှင့် သားဖြစ်သူ ဘမှန်တို့ ဝမ်းသာဂုဏ်ယူ ပျော်ရွှင်နေကြ၏။ အသက်ကြီးမှ သားသမီးထပ်ရမည်မို့ ဒူးဝါးကြီးပျော်နေသလို၊ ညီလေးဖြစ်စေ ညီမလေးဖြစ်စေ မောင်နှမဆက်ဆံရေး ဝန်းကျင်သစ်ရရှိတော့မည့် ဘမှန်လည်း ပျော်နေသည်။

"အမေ ဘယ်တော့မွေးမှာလဲ"

"တစ်လလောက်အတွင်းပေါ့ ဘမှန်ရယ်"

"ညီလေးပဲ လိုချင်တာနော်"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါ သားရယ်. . အမေမွေးပေးမှာပေါ့"

"မြန်မြန်မွေးရင် ကောင်းမှာပဲ၊ ဒီနှစ်ကျောင်းပြန်ဖွင့်ရင်. . သားက ဒေါက်တာမောရစ်နဲ့ မန္တလေးမှာ ကျောင်းသွားတက်ရတော့မှာ"

မချမ်းဘောတွင် စာသင်ကျောင်း မရှိသော်လည်း ခရစ်ယာန်ဘုရားရှိခိုးကျောင်းတစ်ကျောင်းရှိသည်။ ထိုချာ့(ခ်ျ)မှ သင်းအုပ်ဆရာနှင့် ဒေါက်တာမောရစ်တို့ပူးပေါင်းပြီး ဒေသခံတို့အား စာသင်ပေးသည်။

ဒေါက်တာမောရစ်သည် မန္တလေးရှိ စိန်ပေါဘုရားကျောင်းမှ ဇီဝဗေဒဘာသာ သင်ပြသော ကျောင်းဆရာလည်းဖြစ်၏။

မန္တလေးရာသီဥတုကို မနှစ်သက်သည့်အတွက် ကျောင်းပိတ်ချိန်တိုင်း ပူတာအိုခရိုင်တွင်သာ လာရောက်နေထိုင်လေ့ရှိသည်။ မချမ်းဘောသည် တစ်နှစ်မှာ ရှစ်လလောက် ရေခဲသည့်အရပ်ဖြစ်၍ အင်္ဂလန်ရာသီဥတုနှင့် တူတာလည်းဖြစ်မည်။ မြို့စွန်အရပ်တွင် နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးတစ်လုံး ဆောက်လုပ်ပြီး တစ်ယောက်တည်း သုတေသန လုပ်နေသူလည်းဖြစ်သည်။

ခုဆိုလျှင်. . ဘမှန်မှာ ပူတာအိုခရိုင်မှ အစိုးရခုနှစ်တန်းအောင်သည့် တစ်ဦးတည်းသောကျောင်းသား ဖြစ်လာခဲ့ပြီ။

မဒီခင်လေးက သားနှင့်မြေးလေးတို့ မနက်စာ အားရပါးရစားနေပုံကို ကြည်နူးစွာ ကြည့်နေလေသည်။ တစ်နေ့နေ့ တစ်ချိန်ချိန်သူတို့နှစ်ယောက်အား နေရာချထားပေးမည်ဟုလည်း ရည်ရွယ်ထား၏။ ဒူးဝါးတွေလည်း ဟိုးရှေးက မြန်မာဘုရင်တွေလို ဆွေချင်းထပ်လျှင် မြတ်သည်ဟု ယူဆထားသူများဖြစ်သည်။





ဒူးဝါးကြီးနှင့် ဒေါက်တာမောရစ်တို့ အဓိကပြောဆိုနေသည်မှာ ဒေါက်တာမောရစ်၏ သုတေသနလုပ်ငန်းသာ ဖြစ်သည်။

ဒေါက်တာမောရစ်က သေခြင်းတရားကို သိပ္ပံနည်းကျ အန်တုဖို့ သုတေသန ပြုနေသူဖြစ်၏။ သူတို့ဘာသာအယူဝါဒတွင် ပြန်လည်ရှင်သန်ထမြောက်သည့် ခရစ်တော်ရှိခဲ့ဖူးသည်။ ထိုအချက်ကို အဓိကအားပြု၍ လူသားအားလုံး ရှင်သန်ထမြောက်နိုင်မည့် နည်းလမ်းကို ရှာဖွေနေခြင်းဖြစ်၏။

သွေးမကောင်းလျှင် သွေးဖေါက်လဲမည်။ နှလုံးမကောင်းလျှင် နှလုံးအစားထိုးမည်။ ဦးနှောက်မကောင်းလျှင် ဦးနှောက်လဲပစ်မည်။ အရာဝတ္ထုတွေ ပျက်စီးလျှင် အသစ်လဲကာ အစားထိုးပြုပြင်သလိုမျိုး လူတွေကိုပြုပြင်ကာ သေခြင်းတရားအား အန်တုရန်ကြံစည်နေခြင်းသာ ဖြစ်သည်။ သူ့အယူအဆ သူ့အတွေးအခေါ်တွေကို မမောနိုင်မပန်းနိုင် ပြောနေလေ၏။

ဒူးဝါးကြီးက လက်မခံ။ လူသည်သေမျိုးဖြစ်သည်၊ ဇာတိရှိသည့် သတ္တဝါတိုင်း မရဏနှင့်ကြုံတွေ့ရမည်။ လောကဓမ္မ သဘာဝနိယာမအား မည်သည့်နည်းနှင့်မျှ လွန်ဆန်၍မရဟု ခံငြင်းသည်။ ဗုဒ္ဓဘာသာဝင်ဖြစ်သော ဒူးဝါးကြီးက ဂေါတမဗုဒ္ဓ၏ ဓမ္မနှင့် ခုခံချေဖျက်သည်။ အို၊ နာ၊ သေဟူသည့် ကာယိကဒုက္ခတို့ ချုပ်ငြိမ်းရာသည် နိဗ္ဗာန်သာဖြစ်ကြောင်း ရှင်းလင်းသည်။ ထိုနိဗ္ဗာန်သို့ ဒါန၊ သီလ၊ ဘာဝနာအခြေပြုသည့် တရားအားထုတ်မှုသာ ရောက်ရှိနိုင်ကြောင်း ဖြေရှင်းသည်။

ပျိုမြစ်ခြင်းသည် အိုမင်းခြင်း၊ ကျန်းမာခြင်းသည် ဖျားနာခြင်း၊ ပေါင်းဆုံခြင်းသည် ကွေကွင်းခြင်း၊ ရှင်သန်ခြင်းသည် ပျက်သုန်း

www.burmeseclassic.com



ခြင်းသာဖြစ်ကြောင်း၊ သက်ရှိအားလုံး၏ အန္တိမသည် သေဆုံးခြင်းသာဖြစ်ကြောင်း အနိုင်မခံအရှုံးမပေး ပြောဆိုသည်။ ခေါင်းမာပြီး လက်တွေ့ကျသော ဗြိတိသျှကြီးကလည်း လုံးဝလက်မခံ။

“ကျွန်ုပ်တို့ အင်္ဂလိပ်တွေဟာ ဉာဏ်ပညာကြီးမားတယ်၊ ဒါကြောင့်လည်း ကမ္ဘာပေါ်မှာ နေမဝင်အင်ပါယာကို ထူထောင်နိုင်ခဲ့တာပေါ့။ ခင်ဗျား စောင့်ကြည့်နေလိုက်ပါ၊ အခု ခရစ်သက္ကရာဇ် (၁၉၂၉)နော် (၁၉၃၀)မတိုင်ခင်မှာ လူတွေမသေနိုင်တော့ဘူးဆိုတာ ကျွန်ုပ်သက်သေပြသွားမယ်”

“ကောင်းပါပြီဗျာ. . ကောင်းပါပြီ. . ”

လူကြီးများ စကားဝိုင်းကို ခြောင်းနားထောင်နေသော ဘမှန်ကတော့ သူ့ဆရာ ဒေါက်တာမောရစ်၏စကားကို အကြွင်းမဲ့ ယုံကြည်နေသည်။ ဘမှန်မှာ ဒေါက်တာမောရစ်အိမ်၏ မြေအောက်ခန်းသို့ ရောက်ဖူးသောကြောင့်ဖြစ်သည်။

ကျောင်းပိတ်ရက် ဒေါက်တာမောရစ် မချမ်းဘောသို့ပြန်လာတိုင်း. . ဘမှန်ကိုခေါ်ကာ သူ့ဓာတ်ခွဲခန်းတွင် လက်တိုလက်တောင်း ခိုင်းလေ့ရှိသည်။

ပြန်ခါနီးတွင် ဒေါက်တာမောရစ်က. .

“လူကလေး ဘမှန်၊ မနက်ဖြန် ဒေါက်တာ့ဆီ လာကူနိုင်မလား”

“လာနိုင်ပါတယ် ဒေါက်တာ”

“ဒါဆို ဓာတ်ခွဲခန်းကို မနက်ကိုးနာရီအရောက် လာခဲ့ပါ”

“ဟုတ်ကဲ့ ဒေါက်တာ”

မောရစ် ပြန်သွားချိန်တွင် ဖခင်ဒူးဝါးကြီးက ဘမှန်အား





သတိပေးစကားဆိုသည်။

“ဘမှန် ဒေါက်တာရဲ့ကျေးဇူးကြောင့် မင်း အတန်းကျောင်းတွေအောင်ခဲ့တယ်၊ အင်္ဂလိပ်စာတတ်ခဲ့တယ်၊ နောက်ပြီး အင်္ဂလိပ်ကျောင်းသားအဖြစ်နဲ့ မန္တလေးမှာကျောင်းတက်ပြီး ပညာဆက်သင်ခွင့်ရဦးမယ်. . .

အေး. . ကျေးဇူးရှိတာကတစ်ပိုင်း၊ လုပ်သင့်တာလုပ်တာကတစ်ပိုင်းပဲ၊ လောကနိယာမကို လွန်ဆန်တဲ့ အလုပ်တွေလုပ်တာကိုတော့ အဖေခွင့်မပြုနိုင်ဘူး ဘမှန်”

“ဟုတ်ကဲ့ သား ဒေါက်တာ့လုပ်ငန်းစဉ်မှာ မပါပါဘူးအဖေ၊ အခုခေါ်တာကလည်း အင်္ဂလိပ်စာဖတ်တာ သွက်ဖို့ ဘိုင်ဘာကျမ်းကို ဖတ်ကြည့်ဖို့ခေါ်တာပါ”

“အေး. . အေး. . ဒါဆိုလည်း ပြီးရော”

ဖခင်ဒူးဝါးကြီး အိမ်ပေါ်ထပ်တက်သွား၍ ဘမှန် စိတ်သက်သာရာရသွားသည်။ ထိုအချိန်၌ မြလေး အနားသို့ရောက်လာသည်။ သူတို့တွေ ဘယ်တော့မှမခွဲ၊ အမြဲလို တစ်ယောက်နားမှာတစ်ယောက် ရှိနေတတ်၏။ မြလေးက ဘမှန်လက်ကိုဆွဲပြီး အိမ်ပြင်သို့ ခေါ်လာသည်။

“ကိုကို ဟိုဒေါက်တာကြီးက ဘာလုပ်ဖို့ခေါ်တာလဲဟင်”

“သူ့ကို ကူလုပ်ပေးဖို့ပါ”

“ကိုကိုတို့ ဘာတွေလုပ်နေတာလဲဟင်”

ဘမှန် နောက်ပြန်လှည့်ကာ အခြေအနေကို ကြည့်သည်။

ဖခင်၏အရိပ်အယောင် မတွေ့ရတော့မှ. . သူတို့လုပ်နေသော သုတေသနအကြောင်းကို တီးတိုးရှင်းပြသည်။



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းအမျိုးမျိုးကြောင့် သေသွားသည့် ဖါး၊ ယုန်နှင့်
ရှဉ့်များ၏ ရုပ်အလောင်းကို ရေခဲစိမ်ကာ သိမ်းထားသည့်အကြောင်း၊
တစ်ဖန်အမျိုးအစားတူ သတ္တဝါတစ်ကောင်ကောင်ကိုသတ်၍ လတ်
လတ်ဆတ်ဆတ် အသေကောင်၏ နှလုံးနှင့် ဦးနှောက်အား ထုတ်ယူ
ကာ ရေခဲစိမ်အသေကောင်တွင် အစားထိုးထည့်သွင်းပေးကြောင်း၊
နောက်ဆုံးတွင် ဒိုင်နမိုမှတစ်ဆင့် ထုတ်ယူရရှိသည့် လျှပ်စစ်ဓာတ်
အားဖြင့် ဦးနှောက်နှင့် နှလုံးကိုပြန်နှိုးကာ. . အသက်သွင်းသည့်
သုတေသနလုပ်ငန်းကို လုပ်နေကြောင်း ရှင်းပြလိုက်သည်။

မြလေး မျက်လုံးလေးပြူးသွား၏။

"ဟယ်. . ကိုကိုရယ် ကြောက်စရာကြီး အသေကောင်တွေ
တို အသက်သွင်းနေတယ် ဟုတ်လား"

ခြံဝင်းအတွင်း ထင်းရှူးပင်ခြေရင်းမှ ခုံတန်းတွင် ထိုင်လိုက်
ရင်း မြလေးက ကြက်သီးထ ထိတ်လန့်ဟန်နှင့်ပြောလိုက်သည်။

"ဒါကြောင့် ဖေဖေကြီးက တားနေတာကိုး၊ ကိုကို အဲဒီအ
လုပ်တွေမှာ ဝင်ပါနေတာလား"

"မပါပါဘူး မြလေးရယ်၊ ကိုယ့်အဆင့်နဲ့ ဝင်လုပ်လို့ရမလား၊
ဒေါက်တာလုပ်သမျှ လုပ်ငန်းစဉ်ကို အဆင့်လိုက် မှတ်တမ်းတင်
ပေးရုံပါ"

ဒေါက်တာမောရစ်၏ သုတေသနလုပ်ငန်းစဉ်တွင် ထဲထဲ
ဝင်ဝင်ပါဝင်ပတ်သက်နေပြီဖြစ်သော ဘမှန်မှာ မြလေးမှတစ်ဆင့်
ဖခင်ကြီး သိသွားမည်စိုး၍ ဖုံးဖုံးဖိဖိ အသိပေးလိုက်ခြင်း ဖြစ်သည်။

ဒါတောင် မြလေးက စိတ်မချသေး၊ ဒါ အကုသိုလ်အလုပ်
ပင်ဖြစ်ကြောင်း၊ ဗုဒ္ဓဘာသာဝင်တစ်ယောက်အတွက် စိတ်နှင့်ပင်



မတွေးသင့်သည့် လုပ်ရပ်သာဖြစ်ကြောင်း၊ သူ့ကိုချစ်လျှင် ကာယကံ
မြောက် ဝင်မပါရန် ကတိတောင်း၏။

"မြလေးကို ချစ်တာပေါ့၊ ကိုကို နောက်မလုပ်တော့ပါဘူးလို့
ကတိပေးတယ်. . ဟုတ်ပြီလား"

ဘမှန်ကတိကို လွယ်လွယ်ပင်ပေးလိုက်၏။ မြလေး ဒီကို
ရောက်တော့ ဘမှန် အသက်ငါးနှစ်သာ ရှိသေးသည်။ သုံးနှစ်သမီး
မြလေးကို ပြေးကြိုပြီးလက်ဆွဲကာ အိမ်ထဲခေါ်လာခဲ့သူက ဘမှန်သာ
ဖြစ်သည်။ စကားပြောတတ်စ အရွယ်လေးကတည်းက မြလေးမှာ
သူ့အတွက် ကစားဖော်ဖြစ်ခဲ့၏။

ထိုအချိန်ကစ၍ တစ်အိမ်တည်းမှာ မခွဲဘဲတတွဲတွဲ နေလာ
ခဲ့ကြတာ ဒီနေ့အထိပင်ဖြစ်သည်။ လွန်ခဲ့သော သုံးလေးနှစ်ကစလို့
သွေးသားပြောင်းကာ အလှသွေးကြွယ်လာသည့် မြလေးအပေါ်. .
ဘမှန် စိတ်ထားတွေပြောင်းလာခဲ့သည်။ (၅၂၈)မေတ္တာမှ (၁၅၀၀)
နယ်ပယ်သို့ ကူးလိုစိတ်တွေပြင်းပြလာသည်။ မြလေး၏ အလှတရား
ကို တပ်မက်လာသည်။ ပိုင်ဆိုင်လိုစိတ်တွေ တဖွားဖွားပေါ်လာ၏။

တစ်ရက်တွင် မိဘများ ပြောဆိုနေသော စကားကိုအမှတ်
မထင်ကြားမိရာမှ သူ့ မရိုးမသားအတွင်းစိတ်ကို ရေလောင်းပေါင်း
သင်ပေးသလို ဖြစ်ခဲ့ရသည်။ ဒါကတော့. . သူတို့နှစ်ဦးကို ဒူးဝါးတို့
မလေ့ထုံးစံအတိုင်း ဆွေမျိုးနီးစပ်ချင်း ထိမ်းမြားရန် ရည်ရွယ်ကြောင်း
သိလိုက်ရခြင်းပင်ဖြစ်၏။

ထိုကိစ္စကို မြလေးအား အသိမပေးဘဲ သူ့အပေါ် ဘယ်လို
သဘောထားသလဲဆိုတာ ဘမှန် စူးစမ်းခဲ့သည်။ ထူးခြားသည်က
ဘမှန်အပေါ် ပိုဂရုစိုက်လာခြင်းပင်ဖြစ်သည်။ ဒီတော့ ဘမှန်လည်း

www.burmeseclassic.com



မြလေးရင်ထဲက ခံစားမှုသံစဉ်ကို အလိုလိုနားလည်ကာ စိတ်ချလက်ချ ဖြစ်သွားတော့သည်။

သူတို့နှစ်ယောက် ပွင့်ပွင့်လင်းလင်း ရင်ဖွင့်ပြောဆိုခြင်း မရှိသော်လည်း ချစ်သူတွေလို ဖြစ်လာခဲ့သည်။

"ကိုကို မြလေးကို ဘယ်လောက်ချစ်တာလဲဟင်"

"အများကြီးပဲ"

"သွား . . ယုံဘူး"

မြလေးက လက်သီးဆုပ်လေးဖြင့် ဘမှန်ရင်ဘတ်ကို ထုပြီး ပြောလိုက်၏။ ဒေါက်တာမောရစ်၏ သုတေသနလုပ်ငန်းတွင်လည်း ထဲထဲဝင်ဝင်ကူညီခြင်းမပြုရန် မြလေး အကြိမ်ကြိမ် သတိပေးစကားဆိုသည်။ ဘမှန် ပြီးပြီရောသဘောမျိုးနှင့် ခေါင်းညိတ်ရင်း ကတိထပ်ပေးလိုက်လေတော့သည်။









# အခန်း (၂)

ဘမှန်တစ်ယောက် ဒေါက်တာမောရစ်နေသော အိမ်ကြီးရှေ့အရောက် အိမ်တိုင်တွင် မြင်းတစ်ကောင်ချည်ထားတာ တွေ့၍ သင်းအုပ်ဆရာရောက်နေပြီဆိုတာ သူသိလိုက်သည်။ သူ၏ဆရာနှစ်ယောက် ဘာတွေများ ဆွေးနွေးနေသလဲအတွေးနှင့် အိမ်ထဲအသာကလေး ဝင်လာခဲ့၏။ တံခါးအကွယ်တွင်ရပ်ကာ နားစွင့်ကြည့်သည်။ အင်္ဂလိပ်ဘာသာစကားနှင့် အပြန်အလှန် ပြောဆိုနေကြတာကို ပြတ်ပြတ်သားသား ဘမှန် ကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



သင်းအုပ်ဆရာဒေးဗစ်က ဘမှန်၏ဖခင်ကဲ့သို့ပင် ဒေါက်တာမောရစ်အား သုတေသနလုပ်ငန်းအား ဆက်မလုပ်ရန် တားမြစ်နေသည်။ သူတို့ဘာသာရေးရှုထောင့်က ကြည့်လျှင်လည်း မသင့်တော်ကြောင်းပြော၏။ ရှင်သန်ထမြောက်ခြင်းသည် လူတိုင်းအတွက်မဟုတ်ကြောင်း၊ လူသားတို့သည် မိမိ၏ အပြစ်များကို ကိုယ်တော်ထံတွင် ဖွင့်ဟဝန်ခံခြင်းဖြင့် ထာဝရဘုရားသခင်၏ ခွင့်လွှတ်မှုကို ရရှိမည်ဖြစ်ကြောင်း တရားပြသည်။ ယခုလည်း မှားခဲ့သည့်အပြစ်တွေကို ကိုယ်တော်ထံဝန်ခံရန် တိုက်တွန်း၏။ သူတို့ဘာသာ၌ လူသတ်အပြစ် ကျူးလွန်ထားသော်လည်း ဘုရားသခင်ထံ အပြစ်ဝန်ခံပါက အထိုက်အလျောက်အပြစ်တွေ ချေဖျက်နိုင်ကြောင်းသိရသည်။

ဒေါက်တာမောရစ်ကလည်း လောကဓာတ်ဆရာများသည် သိပ္ပံပညာရပ်များကို စူးစမ်းလေ့လာပြီး လောကကို ဦးစီးရှေ့ဆောင်ပြုနေသော ပုဂ္ဂိုလ်များဖြစ်ကြောင်း၊ (၁၆)ရာစုက ကမ္ဘာကြီး လုံးသည်ဟု ထုတ်ဖော်ပြောဆိုသူ ပညာရှင်များကို ကိုယ်တော်တို့ ဘာသာရေးအဖွဲ့အစည်းများက စုန်းကဝေများဟု သမုတ်ကာ သုတ်သင်ခဲ့ကြကြောင်း၊ ဘာသာရေးတွင် အစွန်းမရောက်စေလိုကြောင်း၊ သိပ္ပံပညာရှင်များ၏ တီထွင်မှုကိုအကြောင်းပြု၍ ဇာတိမှမိုင်ပေါင်းထောင်သောင်းချီဝေးကွာသောအရပ်တွင် ကိုယ်တော်တို့ အခုလို သာသနာပြုနေနိုင်ခြင်းဖြစ်ကြောင်း တုန့်ပြန်ပြောဆိုသည်။

“ဒါကို ကိုယ်တော်မငြင်းပါဘူး၊ ကမ္ဘာပေါ်မှာရှိတဲ့ အယူဝါဒအားလုံးဟာ သေခြင်းတရားကို အလေးအနက်ထားကြပါတယ်၊ အသစ်တစ်ဖန်ဖြစ်ပေါ်ခြင်း မှန်သမျှ သေခြင်းတရားကို ရှောင်ကွင်းလို့မရပါဘူး၊ မလုပ်ကောင်းတာတွေတော့ မလုပ်ပါနဲ့ဒေါက်တာ”





သင်းအုပ်ဆရာဒေးဗစ် မည်သို့နားချစေကာမူ ဒေါက်တာမောရစ် ခေါင်းမာစွာ ငြင်းဆန်နေသည်။

“ခရစ်တော်က. . သူ့ကို သက်ဝင်ယုံကြည်သူတွေကိုသာ တယ်တင်တာပါ၊ ကျွန်ုပ်ကတော့ ကမ္ဘာပေါ်က သက်ရှိမှန်သမျှကို တယ်တင်ဖို့ ကြိုးစားနေတာ၊ ဘာသာအယူဝါဒ မတူကြလို့လည်း ကျွန်ုပ်က ချန်ထားခဲ့မှာမဟုတ်ဘူး၊ ဒါကြောင့် မြင့်မြတ်တဲ့လုပ်ငန်းတစ်ခု ဆောင်ရွက်နေတာကို လာပြီးမတားပါနဲ့ ဒေးဗစ်”

ဒေါက်တာမောရစ်၏ တုန့်ပြန်စကားကြောင့် သင်းအုပ်ဆရာဒေးဗစ် ဒေါသထွက်သွားသည်။ ထို့နောက် ဒေါသကိုသိမ်းဆည်း၍ လှည့်ထွက်ခဲ့လိုက်သည်။ ဘမှန်လည်း အိမ်ပေါ်မှ ခုန်ဆင်းတာ သင်းအုပ်ဆရာဒေးဗစ်၏ မြင်းကိုပွတ်သပ်နေလိုက်သည်။

“ဟင်. . ဘမှန် ဘယ်တုန်းကရောက်နေတာလဲ”

“အခုလေးတင်ပါ၊ ဆရာ့မြင်းကိုတွေ့လို့ နှုတ်ဆက်နေတာ”

ဒီမျှလောက်နှင့်ပင် စကားဖြတ်ကာ ဒေးဗစ် ပြန်သွားသည်။ ဒေါက်တာမောရစ် ထွက်လာပြီး ဘမှန်အား သတ္တုဇလုံတစ်လုံး လှမ်းပေးကာ ရေခဲတုံးလေးများ အပြည့်ဖြည့်လာရန် တာဝန်ပေးသည်။

ဘမှန် မလှမ်းမကမ်းမှ တောင်ကျစမ်းချောင်းလေးဆီ ပြေးသွားသည်။ အအေးလွန်ကဲမှုကြောင့် စမ်းရေက နေရာအတော်များများတွင် ခဲနေပြီဖြစ်သည်။ ထိုရေခဲချပ်များကို ခွာယူကာ ထုချေ၍ သတ္တုဇလုံကြီးထဲ ထည့်သည်။ ဇလုံအပြည့်ရမှ ဘမှန် ပြန်လာခဲ့သည်။

အိမ်ထဲတွင် ဒေါက်တာ့ကို မတွေ့တော့သည်မို့ ဘမှန် ရေခဲဇလုံကိုသယ်ကာ မြေအောက်ခန်းသို့ ဆင်းလာခဲ့သည်။ ဒေါက်တာ



www.burmeseclassic.com

www.burmeseclassic.com



မောရစ်၏ဓာတ်ခွဲခန်းက ထုံးစံအတိုင်းရှုပ်ပွလို့နေသည်။ ခေတ်မီဓာတ်ခွဲခန်းသုံး ကရိယာများဖြင့် ပြည့်နှက်နေသည်မို့ ပြတိုက်ကြီးတစ်ခုလို ဖြစ်နေသည်။

ဒေါက်တာမောရစ်ကတော့ သူ့အလုပ်သူ လုပ်နေပြီဖြစ်သည်။ ခွဲစိတ်စားပွဲပေါ်တွင် မေ့ဆေးပေးထားသော မျောက်တစ်ကောင်ရှိနေ၏။ ပက်လက်အနေအထားနှင့် ကားယားလေး ဖြစ်နေသော မျောက်၏ခြေလက်များကို ရာဘာကြိုးနှင့် တုပ်နှောင်ထားသည်။ မောရစ်ကမျောက်၏ ဦးခေါင်းခွံကို လွှနှင့်တိုက်၍ ခွာနေသည်။ ဘမှန်ကတော့ မှတ်လက်စစာအုပ်ထူကြီးကို လှမ်းယူကာ မှတ်တမ်းတင်ပေးနေလေ၏။

နာရီဝက်ခန့်အကြာတွင် မျောက်၏ဦးခေါင်းအရိုးခွံကို အုန်းသီးထက်ပိုင်းခြမ်းသလိုမျိုး လှပ်လို့ရသွားသည်။ ဖြူဖြူဖွေးဖွေး . . ဦးနှောက်အစိတ်အပိုင်းကို အသည်းယားဖွယ် တွေ့မြင်နေရ၏။

မောရစ်က ထိုဦးနှောက်အား ထုတ်ယူဖို့ ဆက်လက်ကြိုးစားသည်။ ဦးနှောက်နှင့်ဆက်သွယ်နေသော သွေးကြောမများကို ဖြတ်ပစ်၏။ အရွတ်နှင့်အကြောများကို လှန်လိုက်သည့်အခါ ဦးနှောက်တစ်ခုလုံး ဦးခေါင်းခွံအပြင်သို့ ထွက်လာတော့သည်။

"ဘမှန် ရေခဲဇလုံယူခဲ့၊ ဒီဦးနှောက်ကို ရေခဲစိမ်ထား"

"ဟုတ်ကဲ့ ဒေါက်တာ"

ဘမှန် မျောက်ဦးနှောက်အား ရေခဲစိမ်နေစဉ်မှာပင် ဒေါက်တာက မျောက်၏ရင်ကိုခွဲ၍ နှလုံးအားထုတ်ယူပြန်သည်။ များမကြာမီအချိန်အတွင်းမှာပင် လှုပ်စိလှုပ်စိဖြစ်နေသော မျောက်နှလုံးလည်း ရေခဲဇလုံထဲ ရောက်ရှိလာသည်။ မောရစ် အချိန်မဆွဲဘဲ ရေခဲအပြည့်





ပြည့်ထားသော ရေချိုးကန်ကြီးထဲမှ ရေခဲစိမ်မျောက်သေတစ်ကောင်အားထုတ်ယူကာ ဦးနှောက်နှင့်နှလုံးကို အစားထိုးလဲလှယ်ဖို့ ပြင်ဆင်တော့၏။

အစားထိုး ခွဲစိတ်လဲလှယ်မှုအောင်မြင်ခဲ့လျှင် ထူးဆန်းအံ့ဩဖွယ်ရာအဖြစ်များ မျက်မြင်တွေ့ရတော့မည်မို့ ဘမှန်လည်း အားတက်သရော ဖြစ်လို့နေသည်။ အေးချမ်းလှသော ဆောင်းကာလမှာပင် မောရစ် ချွေးသီးချွေးပေါက်ကျအောင် အားထုတ်ဆောင်ရွက်နေ၏။

နောက်ထပ် အချိန်နှစ်နာရီ ကုန်ဆုံးသွားသည့်အချိန်၌ ခွဲထားသည့်ရင်ကို ပြန်ချုပ်လို့ပြီးသွား၏။ လှပ်ထားသော ဦးခေါင်းခွံကိုလည်း ပြန်လည်တွဲဆက်ချုပ်နှောင်နိုင်ခဲ့လေပြီ။

မောရစ် နဖူးမှချွေးများသပ်ချလိုက်ပြီး အနီးရှိ ဘရန်ဒီ ပုလင်းကိုဆွဲကာ တဂွပ်ဂွပ်မော့သောက်လိုက်သည်။ သက်ပြင်းမှုတ်ထုတ်လိုက်သဖြင့် ဆေးလိပ်ဖွာရှိုက်သလိုမျိုး အခိုးအငွေ့တွေ ပါးစပ်ထဲ၊ နှာခေါင်းထဲမှ ထွက်လာလေ၏။

"ဒိုင်နမို ဒီနားကိုယူခဲ့ ဘမှန်"

"ဟုတ်. ."

စိတ်လှုပ်ရှားစရာ အခန်းကဏ္ဍသို့ ရောက်လာပြီဖြစ်သည်။ ဒေါက်တာက ဦးနှောက်၊ နှလုံးအစားထိုးထားသော မျောက်သေ၏ခြေလက်များ၊ နှလုံးနေရာနှင့် ဦးနှောက်အတွင်းသို့ ချွန်ထက်သောအပ်ချောင်းကြီးများနှင့် ထိုးစိုက်လိုက်လေသည်။ ထိုအပ်ချောင်းကြီးများ၏နောက်တွင် ဝါယာကြိုးများနှင့် ချိတ်ဆက်ထားလေသည်။

မောရစ် အချက်ပြလိုက်သည်တွင် ဘမှန်လည်း ဒိုင်နမိုနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆက်သွယ်ထားသော စက်ဘီးခြေနင်းနှင့် အားကြိုးမာန်တက်နင်းကာ လျှပ်စစ်ဓာတ်ကို ထုတ်ပေးလိုက်သည်။

ဝါယာကြိုးတစ်လျှောက် ဓာတ်အားစီးဆင်းလာပြီး မျောက်သေ၏ ခန္ဓာကိုယ်ထဲ စီးဝင်သွားသည်။ မျောက်သေတစ်ကိုယ်လုံး တုန်ခါသွား၏။ အကြောဆွဲသလိုမျိုး ခြေတွေလက်တွေ လှုပ်ရှားလာသည်။

မောရစ် အိတ်ဆောင်နာရီကိုတစ်လှည့် မျောက်သေကိုတစ်လှည့် ကြည့်နေသည်။

ဘမှန် ချိန်းကြိုးနှင့်ခြေနင်းကို အဆက်မပြတ်နင်းရင်း မျောက်ပြန်ရှင်လာပြီလားဆိုတာ မျက်ခြေမပြတ်ကြည့်နေမိသည်။ လျှပ်စစ်ဓာတ်ပေးရမည့် အချိန်ပြည့်သွားသည်တွင် ဘမှန်နင်းနေသော ခြေထောက်တွေအား ရပ်ပစ်လိုက်သည်။

မျောက်သေကား ပြန်ရှင်မလာသေး၊ မျှော်လင့်သလိုဖြစ်မလာသည့်အတွက် မောရစ် ပေါက်ကွဲသွားသည်။ စမ်းသပ်ဖန်ပြွန်တွေ အချိန်မှတ်နာရီနှင့် စာအုပ်တွေကို ပေါက်ခွဲလွှင့်ပစ်ကာ ဒေါသကို ဖြေလျှော့နေလေ၏။

ဆရာဖြစ်သူ စိတ်မကြည်သဖြင့် ဘမှန် တုတ်တုတ်မှ မလှုပ်ရဲဘဲ မှတ်တမ်းစာအုပ်တွင်သာ ဓာတ်အားပေးသည့် အချိန်အတိုင်းအတာကို ရေးသွင်းမှတ်သားထားလိုက်သည်။

မောရစ် ဘရန်ဒီပုလင်းကိုဆွဲကာ မြေတိုက်ခန်းထဲမှထွက်သွားလေပြီ။ ဘမှန်လည်း သိမ်းစရာရှိတာတွေ သိမ်းဆည်းကာ သန့်ရှင်းရေးပြုလုပ်ပေးလိုက်သည်။ စိတ်ကျေနပ်လောက်အောင် ရှင်းလင်းပြီးမှ ဘမှန် အိမ်ပေါ်တက်လာခဲ့၏။





မောရစ်ကတော့ အရက်ပုလင်းလွတ်အား ရင်ခွင်ပိုက်ပြီး နှစ်ခြိုက်စွာ အိပ်မောကျနေချေပြီ။ ဘမှန် ခြေသံလုံအောင်လျှောက်ရင်း ထိုအိမ်ကြီးထဲမှ ထွက်လာခဲ့တော့၏။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃)

ဘမှန်တို့အိမ်ကြီးအတွင်း လူအားလုံး ယောက်ယက်ခတ်နေကြသည်။ မြလေး ဘမှန်၏လက်မောင်းကို မျက်နှာငယ်လေးနှင့် ကိုင်ထား၏။ ဘမှန်၏မိခင် မဒီခင်လေး ဝမ်းနာ၍ မီးနေခန်းပြင်ဆင်ကာ ကလေးမီးဖွားဖို့ ပြင်ဆင်နေခြင်းဖြစ်သည်။

"ကိုကို မေမေကြီး ရှောရှောရှုရှု မွေးနိုင်မှာပါနော်"

"မွေးနိုင်မှာပါ မြလေးရဲ့"

ဦးစံဖဲမှာ အပေါ်တက်လိုက် အောက်ဆင်းလိုက်နှင့် စိတ်





လှုပ်ရှားနေ၏။ အိမ်ပေါ်ထပ် မီးနေခန်းအတွင်းမှ မိခင်ကြီး၏ နာကျင်စွာ အော်ဟစ်သံများကြောင့် ဘမှန်ရော မြလေးပါ မျက်နှာမသာမယာ ဖြစ်နေရှာသည်။ မနေ့က ညဦးပိုင်းလောက်မှစကာ ဝမ်းနာနေသော မိခင်ကြီးမှာ နောက်တစ်နေ့ နေ့လည်ဖြစ်သည့် ယခုအချိန်ထိ မမွေးနိုင်သေးပေ. . ။

သည်းမခံနိုင်လောက်အောင် အချိန်တွေကုန်ခဲ့ပြီးနောက် လောကအတွင်းသို့ လူသားအသစ်တစ်ယောက် တိုးဝင်ရောက်ရှိလာပြီဆိုသည့် အချက်ပေးသံဖြစ်သော. . အုဝဲ အုဝဲ. . အော်သံလေးကို ကြားလိုက်ရသည်။ ဘမှန်နှင့် မြလေးတို့မျက်နှာမှာ အပြုံးတွေဝေဆာသွား၏။

"မွေးပြီ. . မွေးပြီ. . ကိုကို၊ မေမေကြီး မွေးပြီ"

အားလုံး၏အကြည့်က လှေကားထိပ်မှ အခန်းတံခါးဆီသို့ ရောက်လို့နေသည်။ ထိုစဉ်မှာပင် ဆူဆူညံညံအသံများနှင့် အော်ဟစ်ငိုယိုသံတို့ကိုပါ ကြားလိုက်ရသည်။ စောစောက ကလေးငိုသံကြောင့် အပြုံးပန်းဆင်နေသော ဒူးဝါးကြီးလည်း သည်းမခံနိုင်တော့ဟန်နှင့် လှေကားအတိုင်း ပြေးတက်သွားတော့သည်။

ဦးစံဖဲ အိမ်ပေါ်ထပ်အရောက်တွင် အခန်းတံခါးပွင့်သွားပြီး မွေးကင်းစကလေးချီထားသည့် အထိန်းတော်လွန်းဝါ ထွက်လာလေသည်။

"လွန်းဝါ. . ဘာ. . ဘာလေးမွေးလဲ"

"ယောက်. . ယောက်ျားလေးပါ ဒူးဝါးကြီး"

"ဟေ. . ဟုတ်လား၊ ဟား. . ဟား. . ဟား. . ဘား. . သားလေးပေါ့ ဝမ်းသာတယ်ဟေ့၊ ဟားဟားဟား. . ဒါနဲ့အထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ဆူညံနေပါလား ဘာတွေဖြစ်နေကြတာလဲ"

"ဟို. . ဟို. . မေ. . မေမေကြီးဆုံးပြီ"

"ဘာ!!!. . ."

ထင်မှတ်မထားသောအဖြစ်ကြောင့် ဒူးဝါးကြီး ဘာကိုမှ သတိမမူမိတော့ဘဲ မီးနေခန်းအတွင်း ပြေးဝင်သွားတော့သည်။

ဒူးဝါးကြီး တွေ့မြင်လိုက်ရသည်က. . ခုတင်အနီး မြင်မကောင်းအောင်ပြန့်ကျဲနေသော သွေးကွက်များနှင့် အသက်ကင်းမဲ့နေပြီဖြစ်သော ချစ်ဇနီးမဒီခင်လေးသာ ဖြစ်တော့သည်။

"ဘယ်. . ဘယ်လိုများ ဖြစ်ရတာလဲ မိန်းမရယ်"

ဝိညာဉ်ကင်းမဲ့နေပြီဖြစ်သော ဇနီး၏အလောင်းကို ဖက်တွယ်ရင်း ဒူးဝါးကြီးဖြေမဆည်နိုင်အောင် ဖြစ်နေရှာလေသည်။









# အခန်း (၄)

မခင်ကြီး၏ ဈာပနအခမ်းအနား ပြီးသည့်နေ့အထိ. . ဘာမှန်း အပြင်မထွက်ဖြစ်ခဲ့။ ဦးစံဖဲက ဇနီးသည်အား မြေမြှုပ်ကာ. . အမှတ်တရဖြစ်အောင် ကျောက်တုံးကြီးများ အသုံးပြု၍ ဂူဗိမာန်ပြု လုပ်ပေးခဲ့သည်။ ထိုအနားတွင်. . လွမ်းစေတီကလေးကိုပါ တည်ခဲ့လိုက်၏။

လူသွားလမ်းဖုံဖုံလေးအတိုင်း လျှောက်လာရင်း အနီးကပ်ကြုံတွေ့ခဲ့ရသည့် မိသားစုအတွင်းမှ သေခြင်းတရားကို ဘာမှန် အ

www.burmeseclassic.com



တော်ပင် ထိတ်လန့်ကြောက်ရွံ့နေမိသည်။ ချစ်သူခင်သူတွေကို ခွဲပစ်သော၊ တန်ဖိုးရှိသူတွေကို အတင်းအဓမ္မ ခေါ်ဆောင်သွားတတ်သော သေမင်းကိုလည်း ရွံမုန်းမိသည်။

"ဒေါက်တာမောရစ်ရဲ့ ခွဲစိတ်အစားထိုးကုထုံး အောင်မြင်ရင်ကောင်းမှာပဲ. . ."

အမှတ်မထင်တွေးမိသည့် အတွေးကြောင့် ဘမှန်မှာ ဒေါက်တာမောရစ်အား သတိရသွားသည်။ လမ်းလည်းကြုံနေသည်မို့ ဒေါက်တာ့အိမ်ဘက် ဆက်လျှောက်လာခဲ့၏။

အိမ်နားအရောက်တွင်. . .

"ဒိုင်း!. ."

သေနတ်သံတစ်ချက် ကြားလိုက်ရ၍ ဘမှန် ကြောင်သွားမိသည်။ အသံလာရာက ဒေါက်တာ့အိမ်ထဲမှဖြစ်နေ၍ အပြေးလေးသွားမိသည်။ ဧည့်ခန်းရှိ ထိုင်ခုံတွင် ခြောက်လုံးပြူးသေနတ်ကြီးကိုင်ရင်း ခြေပစ်လက်ပစ်ထိုင်နေသော မောရစ်ကို တွေ့လိုက်ရသည်။

"ဒေါက်တာ စောစောက သေနတ်ပစ်လိုက်သေးလား"

"အေး. . ငါပစ်လိုက်တာ"

"ဘာ. . . ဘာဖြစ်လို့လဲ ဒေါက်တာ"

"ခွမ်း!. ."

မောရစ်ဆီမှ စကားသံထွက်ပေါ် မလာခင်မှာပင် သူ့နားသို့ ဖန်မီးအိမ်တစ်လုံး ခွမ်းခနဲပြုတ်ကျလာ၏။ ထိုအခါမှ ဧည့်ခန်းအတွင်း မျက်စိကစားမိရာ ရှုပ်ပွကျိုးပဲ့နေသော ပစ္စည်းအပိုင်းအစများနှင့် မြင်မကောင်းဖြစ်နေတာကို သတိပြုမိသွား၏။

"ဘာ. . . ဘာတွေဖြစ်နေတာလဲ ဒေါက်တာ"





"ခွီး!. . ခွီး!. . ခွီး!. ."

ဘမှန်၏အမေးကို တခွီးခွီး အသံပေးရင်း ခုန်ချလာသော မျောက်တစ်ကောင်က အဖြေပေးလိုက်သည်။ ပုံဆိုးပန်းဆိုး ချုပ်ရိုးဗလပွနှင့်မျောက်ကို တွေ့လိုက်သည့်အတွက် ဘမှန် မယုံနိုင်အောင် အံ့ဩသွားရသည်။

"ဟင် ဒေါက်တာ. . ဟို. . ဟိုမျောက်၊ ဒါ. . ဒါဆို ဒေါက်တာရဲ့ ခွဲစိတ်အသက်သွင်းမှု အောင်မြင်သွားပြီပေါ့"

"ဟုတ်တယ် ဘမှန်"

"မင်းရေးထားတဲ့ မှတ်တမ်းကိုပြန်ကြည့်ပြီး ငါနောက်တစ်ကြိမ်အသက်သွင်းလိုက်တာလေ၊ ဒါပေမယ့် ဒီမျောက်ကို ဘယ်လိုမှထိန်းလို့မရဘူး၊ အရမ်းကိုမြန်ဆန်နေပြီး အရမ်းလည်းသန်မာနေတယ် ဘမှန်ရဲ့"

မျောက်မှာ မြင်မြင်သမျှအရာများကို ဖျက်ဆီးနေ၏။

"စောစောက သေနတ်သံက ဒီမျောက်ကိုပစ်လိုက်တာလား ဒေါက်တာ"

"ငါလည်းမထိန်းနိုင်တော့ဘူး ဘမှန်၊ ဒီမျောက်. . အပြင်ရောက်သွားရင် ပြဿနာတွေ ရှုပ်ကုန်လိမ့်မယ်"

"သူ အစာစားသလား ဒေါက်တာ"

"အငမ်းမရစားတယ်၊ သူ့ကိုကျွေးရလို့ ဒီမှာဘာစားစရာမှ မရှိတော့ဘူး"

"ဒါဆို ကျွန်တော်သွားရှာအုံးမယ်"

ဘမှန် ပြန်ပြေးထွက်လာကာ စိုက်ခင်းများဆီသို့ အပြေးလှမ်းခဲ့သည်။ ယာခင်းတိုင်းတွင် စည်းရိုးအဖြစ် စိုက်ထားသော တော



www.burmeseclassic.com

www.burmeseclassic.com



ငှက်ပျောပင်များမှ ငှက်ပျောနှစ်ခိုင်လောက် ခုတ်ယူခဲ့သည်။

မောရစ် အိမ်ပြန်အရောက်တွင် ငှက်ပျောခိုင်များကို ဧည့်ခန်းအလယ်တွင်ချထားပြီး သူတို့နှစ်ဦးလုံး ဗီရိုအကွယ်မှ စောင့်ကြည့်နေလိုက်ကြသည်။

သေရွာပြန်မျောက်က ချက်ချင်းရောက်မလာသေး . .

နောက်တော့မှ ငှက်ပျောခိုင်ရှိရာ ဝုန်းခနဲခုန်ချလာကာ အသီးတစ်လုံး ဖြုတ်ယူသည်။ အစာကိုမက်မက်မောမော စားနေချိန်အထိ စောင့်ပြီးမှ သေနတ်အား မောင်းဖြုတ်လိုက်တော့သည်။

"ဒိန်း!. ."

ဖျဉ်ထောင်အိမ်ကြီးထဲ သေနတ်သံက. . ဟိန်းထွက်သွားသည်။ ချက်ကောင်းကိုထိမှန်သွားသဖြင့် တစ်ခန်းလုံး အသားစများ၊ သွေးများနှင့် မြင်မကောင်းအောင် ဖြစ်သွားသည်။ ထို့နောက်. . နှစ်ယောက်သား အိမ်ကိုရှင်းလင်းကြပြီး၊ မျောက်သေကိုပါ ခြံထောင့်၌ တွင်းတူးပြီး မြှုပ်လိုက်ကြရသည်။

မောရစ်က မန္တလေးဓာတ်ခွဲခန်း၌ ပိုမိုပြည့်စုံကြောင်း၊ ဟာတွက်မရှိအောင်. . စမ်းသပ်မှုတွေ အဆင့်ဆင့်ပြုလုပ်ရဦးမည်ဖြစ်ကြောင်း၊ မန္တလေးပြန်လျှင် တစ်ခါတည်းလိုက်ခဲ့ရန် ဘမှန် ကိုခေါ်သည်။

"အမေဆုံးပြီးပြီးချင်းမို့ ကျွန်တော်လိုက်လို့မရသေးဘူး ဒေါက်တာ"

"မန္တလေးမှာ သုတေသနဆက်လုပ်ဖို့ လူယုံတစ်ယောက်လိုတယ်၊ အဲဒီလူဟာ မင်းကလွဲပြီး ဘယ်သူမှမဖြစ်နိုင်ဘူး ဘမှန်"

"ကျွန်တော် နားလည်ပါတယ် ဒေါက်တာ"





"ဒီလို့ဗဟုသုတ်ချက်ကိုသိတဲ့လူ နည်းလေကောင်းလေပဲ၊ လူနဲ့စမ်းသပ်ဖို့ပဲ ကျန်တော့တယ်၊ အဲဒီအချိန်ကျရင် ငါ့ဘေးမှာ မင်းရှိနေစေချင်တယ်၊ ဒီနေ့ မန္တလေးကို ငါပြန်ရတော့မယ်"

ဒေါက်တာ့အဝတ်အစားများကို ကူထည့်ပေးရင်း. . မြို့အထွက်လမ်းအထိ ဘမှန် လိုက်ပို့ပေးခဲ့သည်။

ခွဲခွာကာနီးတွင် မောရစ်က. .

"ဒါ ကျွန်ုပ်အိမ်သော့. . မင်းသိမ်းထားပါ၊ တစ်လတစ်ခါလောက် ရှင်းလင်းထိန်းသိမ်းပေးမယ်ဆိုရင် ဝမ်းမြောက်လှပါပြီ"

"စိတ်ချပါ ဒေါက်တာ"

သော့အပ်သွားသဖြင့် ဘမှန်ကျေနပ်သွားသည်။ ဒါက သူ့ကိုယုံကြည်အားကိုးကြောင်း သက်သေပြခြင်းပင် မဟုတ်လား။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၅)

ဤသို့နှင့်. . ဒေါက်တာမောရစ်ထံမှ ဘာအဆက်အသွယ်မှမရတော့ဘဲ မချမ်းဘော၌ ပျင်းရိငြီးငွေ့စွာ ဆက်လက်နေထိုင်ခဲ့ရတာ (၃)နှစ်တာကာလကိုပင် လွန်မြောက်လာခဲ့လေပြီ။ ညီငယ်လေး ဘဇော်ပင် စကားပြောလမ်းလျှောက်ရုံမျှမက ပြေးလွှားဆော့ကစားနိုင်အောင် လူလားမြောက်လာခဲ့ပြီ။

ဒီကာလတွေ၌ ဘမှန် ယုန်တစ်ကောင်နှင့် ရှဉ့်တစ်ကောင်ကို ဦးနှောက်နှင့် နှလုံးအစားထိုးကာ လေ့ကျင့်ကုသမှု အောင်မြင်ခဲ့





၏၊ ဒါကလည်း မြလေး မသိအောင်၊ တစ်အိမ်လုံး မရိပ်မိအောင် ညဘက်တစ်ခါတလေမှသာ လုပ်ကိုင်စမ်းသပ်ခွင့် ရခဲ့သောကြောင့်လည်းဖြစ်သည်။ ထိုစမ်းသပ်မှု အောင်မြင်ရန်အတွက် ရှဉ့်သုံးကောင်နှင့် ယုန်နှစ်ကောင် အသက်ပေးခဲ့ရသည်။

မောရစ် စမ်းသပ်ခဲ့သော မျောက်လောက် မဆိုးသော်လည်း ထိုသေရွာပြန် သတ္တဝါတိုင်း မူလထက်အားခွန်ဗလ တိုးပွားလာတာတော့ အတိအကျပင် ဖြစ်သည်။

ထို့အတွက် ဘမှန်မှာ အကောင်ကြီးများနှင့် စမ်းသပ်ဖို့ မဝံ့မရဲ ဖြစ်ခဲ့ရသည်။ တစ်နေ့ အမေ့အုတ်ဂူသို့ ဘမှန်ရောက်ခဲ့သည်။

နှင်းဆီပန်းတစ်ပွင့်ကို အုတ်ဂူပေါ် တင်လိုက်ပြီး. .

"ကျွန်တော်ကြိုးစားနေပါတယ် အမေ၊ ဘယ်တော့မှ သေမှာ မဟုတ်တော့ဘူး၊ ဘယ်သူမှလည်း သေခြင်းတရားဆိုတာ ရှိလာတော့မှာမဟုတ်ဘူး၊ သေခြင်းတရားကို သားရပ်တန့်ပြမယ် အမေ"

ဘမှန် အိမ်ပြန်ရောက်သည်နှင့် မြလေးကစကားဆိုသည်။

"ကဲ. . ကိုကိုရေ အားလုံးအဆင်သင့်ဖြစ်နေပြီ သွားကြစို့"

ယနေ့ မြို့စွန်မှ တောင်ကလပ်ပေါ် တက်ရောက်လည်ပတ်ကြမည်ဟု ကတိပေးထားသဖြင့် မြလေးပြောလိုက်ခြင်းဖြစ်သည်။

"ကိုကို့ရဲ့ ပစ္စည်းတွေရော ပါရဲ့လား"

"အကုန်ပါတယ် ကိုကို"

ပစ္စည်းပစ္စယ အစုံအလင်သယ်ဆောင်ကာ ဘမှန်၊ မြလေး၊ ဘဇော်နှင့် အထိန်းတော် လွန်းဝါတို့ ပျော်ပျော်ပါးပါး အလည်ခရီးထွက်ခဲ့ကြ၏။ အထိန်းတော် လွန်းဝါဟုဆိုသော်လည်း ဘမှန်ထက် သုံးနှစ်သာကြီး၏။ လွန်းဝါကို အမတစ်ယောက်လို ဘမှန် ဆံယော



www.burmeseclassic.com

www.burmeseclassic.com



ဇဉ် ဖြစ်မိသည်။ တောင်တက်လမ်းသို့ရောက်သည်နှင့် ရာသီဥတုက ပြောင်းလဲသွား၏။

မိုးဦးကျကာလမို့ ကောင်းကင်၌ မိုးတိမ်တောင်တွေ လိုက်တမ်းပြေးတမ်း ကစားနေကြသည်။ မကြာခဏဆိုသလို လျှပ်စီးများ ပြိုးပြက်ဝင်းလက်ကာ မိုးခြိမ်းသံတွေ ညံလာလေသည်။

ထိုစဉ်. .

"ဝုန်း!. . ဒလုန်း!. ."

"ဟာ. . တိမ်တိုက်ကြီးက အကြီးကြီးပါလား"

ဘမှန် တောင်ပေါ်အရောက်တွင် မည်းမှောင်နေသော တိမ်ထုကြီးကို တွေ့လိုက်ရ၍ ပျော်သွားသည်။

"မိုးကြီးပစ်ချတော့မယ်နဲ့တူတယ် ကိုကို၊ ပုန်းစရာနေရာ အမြန်ရှာရအောင်. .၊ ဟော. . ဟိုမှာ သစ်ပင်တစ်ပင်၊ အဲဒီအပင် အောက် သွားဝပ်နေကြမယ်"

မြလေး စိုးရိမ်ကြီးစွာပြောလိုက်၏။

"သစ်ပင်အောက် သွားစရာမလိုပါဘူး မြလေးရယ်"

အမှန်တော့ ဘမှန်မှာ ထိုမိုးကြီးကိုအံတုရန် ဒီတောင်တလပ်ပေါ် တက်လာခဲ့ကြခြင်းဖြစ်သည်။ ဘမှန်က လွန်းဝါ သယ်လာသည့် ဆွဲခြင်းကြီးထဲမှ သူကိုယ်တိုင်တီထွင်ထားသော ကရိယာများကို ထုတ်ယူလိုက်သည်။

"ကဲ. . ကိုကို့ကို ဝိုင်းကူပေးကြအုံး"

သံချောင်းများနှင့် ပြုလုပ်ထားသော ထီးရိုးကိုင်းများလို ကရိယာတစ်ခုကိုဖွင့်၍ အောက်ခြေသံချောင်းကို မြေကြီးထဲထိုးစိုက်လိုက်သည်။ အပေါ်ရှိသံချောင်းများကတော့ ကောင်းကင်ပေါ်သို့





ထိုးထောင်နေလေသည်။ ထိုကရိယာနှင့် ကြေးနန်းကြိုးများဆက်ထားပြီး လက်နှစ်လုံးခန့်မြေအနက်တွင် မြှုပ်ထားလိုက်သည်။ ထိုကြေးနန်းကြိုး အဝန်းအဝိုင်းပေါ် စောင်များဖြန့်ခင်းကာ သူတို့လေးယောက် အပေါင်းလက္ခဏာပုံစံ မှောက်လျက်လှဲလိုက်ကြသည်။ တစ်ယောက်လက်ကိုတစ်ယောက် မြဲမြံစွာ ကိုင်ထားလိုက်ကြ၏။

"ကိုကို ဖြစ်ပါ့မလားဟင်"

"မကြောက်နဲ့ မြလေး၊ ကိုကို တစ်ယောက်လုံးရှိတယ်၊ အားလုံးအပေါ်ကို မော့မကြည့်နဲ့နော် ခေါင်းဝပ်ထား"

"ဝုန်း!. ."

ဘမှန်သတိပေးလိုက်စဉ်မှာပင် ကောင်းကင်ကို ထက်ခြမ်းခွဲလိုက်သလို လျှပ်စီးကြောင်းကြီး ပေါ်လာပြီးနောက် မိုးကြိုးပစ်ချလိုက်တော့သည်။

"အုန်း!. . ဂျိမ်း!. . ဒလိန်း!. . ဒိန်း!. ."

ကျယ်လောင်သော အသံကြီးပေါ်လာပြီးနောက်. . ဘမှန်ထောင်ထားသော ထီးကိုင်းသဏ္ဍာန်သံချောင်းများအား မိုးကြိုးပစ်ချလိုက်လေတော့သည်။

"အမလေး. . သေပါပြီ"

အားလုံးကြောက်လန့်ကာ အော်ဟစ်ကြ၏။

"လက်ကိုမဖြုတ်လိုက်နဲ့ မြဲမြဲကိုင်ထားကြ"

ဘမှန် သတိပေးနေဆဲ. .၊ လျှပ်စီးက ထိုသံချောင်းများကိုထိမှန်ကာ လျှပ်စစ်ဓာတ်များ စီးဝင်သွားသည်။ ထိုမှတစ်ဆင့် ကြေးနန်းကြိုးများအတိုင်း ပတ်စီးသွားကာ စောင်အခင်းပေါ် အိပ်နေသော ဘမှန်တို့ လေးယောက်လုံး စပ်ဖျဉ်းဖျဉ်းကျင်တင်တင် ရသည်ကို ခံစား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ကြရသည်။

"ရပြီ အားလုံးထလို့ရပြီ"

ဘမှန် သူ့လက်ကို ကြည့်လိုက်သည်။ လက်ချောင်းထိပ်တွင် သွေးတိုးသကဲ့သို့ ခံစားမှုမျိုးအား ခံစားနေရသည်။ အပျော်စား လျှပ်စစ်စီးမှုများ သူတို့အားလုံးကိုယ်ပေါ်တွင် ဖြစ်ပေါ်နေ၏။

"ဘယ်လိုခံစားရလဲ မြလေး"

"မြလေး မသေသေးဘူး၊ အသက်ရှင်သေးတယ်လို့ ခံစားရတယ်လေ ကိုကို. . ဟီဟိ"

တောင်ကလပ်ပေါ် ပျော်ပွဲစားပြီးချိန်၌ မိုးတွေတအားညို့တက်လာသည်မို့ သူတို့တောင်ပေါ်မှ ဒရောသောပါး ပြန်ဆင်းခဲ့ကြသည်။ အိမ်အရောက်တွင် ဖခင်ဒူးဝါးကြီးက စာတစ်စောင် ထုတ်ပေး၏။ ဒေါက်တာမောရစ်ထံမှဖြစ်၍ ဘမှန် အတိုင်းမသိ ဝမ်းသာသွားသည်။ ရက်စွဲကိုကြည့်တော့ တစ်လနီးပါးကြာမြင့်နေပြီမှန်း သိရ၍ အဆောတလျင် ဖောက်ဖတ်လိုက်သည်။

အင်္ဂလိပ်လိုရေးထားသည့် စာပါအကြောင်းအရာမှာ. . ကျောင်းဖွင့်တော့မည်မို့ အမြန်ဆုံးလိုက်လာခဲ့ရန်နှင့် သူ့စမ်းသပ်မှု စတော့မည်ဖြစ်၍ မှတ်တမ်းတင်ပေးရန် အကြောင်းကြားသည့်စာ ဖြစ်နေသည်။

"ဘာတွေရေးထားတာလဲ ဘမှန်"

"ကျောင်းတက်ဖို့ လှမ်းခေါ်တဲ့စာပါ အဖေ"

"အင်း. . သူလည်း တို့မိသားစုအပေါ် သံယောဇဉ်ကြီးရှာတယ်၊ ဒီဒေသကလူတစ်ယောက် အင်္ဂလိပ်ကျောင်းတက်ဖို့ဆိုတာ လွယ်တာမှတ်လို့ ငါ့သားလည်း လူကြီးတစ်ယောက်ဖြစ်နေပြီပဲ ဆန္ဒရှိ





ရင်သွားလေ အဖေခွင့်ပြုပါတယ်"

ဖခင်ကြီးခွင့်ပြုသဖြင့် ဘမှန် အတိုင်းမသိပျော်သွား၏။ သို့သော် မြလေး၏ ရီဝေဝေအကြည့်တွေကြောင့် စိတ်ထိန်းထားလိုက်ရသည်။

"ကိုကိုတို့နှစ်ယောက်လုံး အထီးကျန်ဘဝတွေ ဖြစ်တော့မှာပဲ မြလေးရယ်"

မြလေး မျက်နှာမကောင်း ဖြစ်နေတာတွေ့၍ ဘမှန်ပြောလိုက်ခြင်းဖြစ်သည်။

"မြလေးတို့နှစ်ယောက်က မောင်နှမအစစ်တွေလည်း မဟုတ်ဘူးနော်"

ဘမှန်က ပြုံးလျှက်. .

"သူငယ်ချင်းလည်း မကပါဘူး မြလေးရယ်"

"ဒါဆို ချစ်သူတွေပေါ့"

"မြလေးက ကိုယ်ဖနီးလောင်း၊ မိန်းမ"

မြလေး၏ ခါးသိမ်သိမ်လေးကို လှမ်းဆွဲကာ ဘမှန်ရင်ခွင်ထဲသွင်းရင်း ပြောလိုက်သည်။

"ဟုတ်တယ်. . ဟုတ်တယ်. . မြလေးလည်း ကိုကို့မိန်းမ ဖြစ်ချင်နေတာကြာပြီ"

"ဒါဆို ကိုကိုတို့ အခုလက်ထပ်ပြီး၊ ကိုကို့နောက်ကို တစ်ခါတည်းလိုက်ခဲ့ပါလား မြလေးရယ်"

အင်း. . အဲဒီလိုတော့ လုပ်လို့မရသေးဘူး ကိုကို၊ ဒီမှာက ဖေဖေကြီးကို ဘယ်သူပြုစုပေးမှာလည်း"

"ဒါလည်းဟုတ်သားပဲ၊ ဒါဆို ကိုကို စာမေးပွဲဖြေပြီးတာနဲ့



www.burmeseclassic.com

ပြန်လာခဲ့မယ်”

ဘမှန် အတည်ပေါက်နှင့် ရှိုးလိုက်ခြင်းသာဖြစ်သည်။

မြလေးကတော့ သူ့ကိုအဟုတ်ကြီးထင်ကာ. . .

“ကိုကို ပြန်လာမယ့်နေ့ကို မြလေးစောင့်နေမယ်၊ အဲဒီနေ့မှာ မြလေးတို့လက်ထပ်ကြမယ်လေ”









# အခန်း (၆)

မယင်းရောင်ဝါလွဲလွဲ ဝီစကီထဲသို့ အနေတော် ရေခဲတစ်တုံးထည့်ပြီး ခလောက်လိုက်သည်။ သေရည်၏အပူကို ရေခဲနှင့်အငွေ့သတ်ပြီး နောက်တစ်ကျိုက်လောက် မော့သောက်သည်။ အေးစက်စက် ခါးသက်သက်အရသာက. . လည်ချောင်းတစ်လျှောက် စီးဆင်းသွား၏။

မန္တလေး၏ ရာသီဥတုက မချမ်းဘောသား ဘမှန်အား မီးနှင့်မြှိုက်နေသလို ခံစားရသည်။ ရက်နှစ်ဆယ်တိတိ ခရီးကြမ်းနှင့်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မှ မန္တလေးသို့ ဘမှန်ရောက်ရှိလာခြင်းဖြစ်သည်။

စိန့်ပေါဘုရားကျောင်းကိုရှာရတာ သိပ်မခက်လှသဖြင့်. . ဒေါက်တာမောရစ်ထံ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာခဲ့သည်။ ဘမှန်ရောက်လာသဖြင့် ဒေါက်တာ၏ဝမ်းသာမှုက ဆိုဖွယ်ရာမရှိတော့။ ချိန်းဆိုထားမှုတစ်ခုကိုစောင့်ရင်း ဆရာတပည့်နှစ်ယောက် ရာသီအပူဒဏ်ကို အရက်ပူနှင့် တန်ပြန်နေကြခြင်း ဖြစ်သည်။

“ဒီလောက်ပူတဲ့ဒေသမှာ ရေခဲဘယ်ကရသလဲ ဒေါက်တာ”

ဘမှန်၏ အမေးကို မောရစ်က ထန်းပင်လုံးခန့် အဝကျယ်ပြီး အမြင့်တစ်တောင်ခန့်ရှိသော ပုံးတစ်ခုအား ဖွင့်ပြ၍ ဖြေလိုက်သည်။

“ဒါ. . ဓာတ်ဘူးလို့ခေါ်တယ်၊ ဒီထဲ ရေခဲထည့်ပြီး အဖုံးလုံအောင်ပိတ်ထားရင် (၁၂) နာရီလောက် အရည်မပျော်ဘဲ ထိန်းထားနိုင်တယ် ဘမှန်ရဲ့”

“ဟုတ်ကဲ့. . ဒါနဲ့”

“ရေခဲဘယ်လိုရလဲ မေးအုံးမလို့လား”

ဘမှန် ခေါင်းညိမ့်ပြလိုက်၏။

“ငါတို့ ဗြိတိသျှတပ်တွေ မန္တလေးကို (၁၈၈၅)မှာသိမ်းတယ်၊ (၁၈၈၆)မှာ မန္တလေးဘီယာစက်ရုံဆောက်တယ်၊ အခုတော့ အဲဒီစက်ရုံမှာပဲ ရေခဲကို နည်းပညာနဲ့ဖန်တီးထုတ်လုပ်နိုင်ပြီလေ၊ မန္တလေးက မျက်နှာဖြူတွေအတွက်တော့ ရေခဲက ရှားပါးပစ္စည်း မဟုတ်ပါဘူး လူကလေးဘမှန်ရယ်”

ရာသီဥတုအကူအညီမပါဘဲ ရေခဲကို ဖန်တီးထုတ်လုပ်နိုင်သည်ဆို၍ ဘမှန်အံ့သြမိသေး၏။ သူတို့နှစ်ဦး စကားပြောနေသည်





ကို ရန်ကနားအမည်ရှိ ကုလားတစ်ယောက်က မျက်နှာကျက်တွင် တပ်ထားသော ကြိုးဆွဲယပ်ကြီးကို မနားတမ်းဆွဲကာ. . လေအေးရအောင် လုပ်ပေးနေရှာသည်။ ထိုသို့သာ လုပ်ပေးမထားလျှင် ဘမှန်တစ်ယောက် မန္တလေးကျုံးထဲဆင်းကာ ရေစိမ်နေမိမည်လား မပြောတတ်တော့. . .

“ဒါနဲ့ ဒေါက်တာ (၂)နှစ်ကျော်ကျော်လောက် ပူတာအိုကို ပြန်မလာဘူးနော်”

“ဟုတ်တယ် လူကလေး. . ၊ မချမ်းဘောက သိပ်ဝေးလွန်းတယ်၊ ဒီမှာအလုပ်ကလည်းများတယ်၊ ရာသီဥတုကိုကြောက်ပြီး ပြန်လိုက်သွားလိုက်လုပ်နေရင် လမ်းမှာပဲအချိန်ကုန်ပြီး အလုပ်ပြီးမှာ မဟုတ်ဘူး၊ ဒါကြောင့် နွေရာသီမှာ မေမြို့တက်ပြီး အပူရှောင်တယ်လေ”

“မေမြို့က အတော်အေးလား”

“မချမ်းဘောလိုတော့ ရေမခဲပါဘူး၊ ဒါပေမဲ့. . မန္တလေးနဲ့တော့တခြားစီပဲ၊ ဟိုမှာ အမြဲအနွေးထည်ဝတ်ထားရတယ်”

ထိုအခိုက် ဧည့်ခန်းအတွင်းရှိ ချိန်သီးနာရီကြီးမှ ည(၁၁) နာရီထိုးသံ ပေါ်ထွက်လာသည်။ မောရစ်ကိုယ်လုံး ဆတ်ခနဲတောင့်သွားသည်။ သူလက်မှနာရီကို ထပ်၍ကြည့်လိုက်ရင်း ယပ်ဆွဲနေသော ရန်ကနားအား. .

“တော်ပြီ. . မောင်မင်း ပြန်နားတော့ ဂျာလကီးဂျောင်း”

“ရက်ဆာ”

ရန်ကနားဆလံပေးကာ ထွက်သွားသည်နှင့် ဒေါက်တာက ခန့်ခွက်နှစ်ခွက်ထဲသို့ ဝီစကီတစ်ပက်စီ ထပ်ထည့်ပြန်သည်။ ဘမှန်



www.burmeseclassic.com

www.burmeseclassic.com



လည်း အလိုက်တသိ ဓာတ်ဘူးဖွင့်ကာ ရေခဲတစ်တုံးစီ ခပ်ယူထည့်ပေးလိုက်၏။ ဒေါက်တာက ဖန်ခွက်ကိုလှုပ်ခတ်၍ အရက်အရသာကို သေချာခံစား စုပ်ယူလိုက်ပြီး . .

"သိပ်မကြာခင်မှာ ဒီကို အစိမ်းသေ အလောင်းတစ်လောင်းရောက်လာလိမ့်မယ် လူကလေးဘမှန်"

"ခင်ဗျာ!"

"ဒီလို မြို့ကြီးပြကြီးမှာ အလောင်းဘယ်ကရသလဲ ဒေါက်တာ၊ လူမသိအောင် ဘယ်လိုရှာထားတာလဲ"

"မြို့ပြင်သင်္ချိုင်းက စဏ္ဍာလကို ငွေပေးပြီးခိုင်းတာလေ၊ အစိမ်းသေ . . ချက်ချင်းမြှုပ်ရတဲ့ အလောင်းမျိုးပေါ့၊ မနက်က လာအကြောင်းကြားတယ်၊ သူက အလောင်းပြန်ဖော်ပြီး ယူလာပေးမှာလေ"

"ကြက်သီးထစရာပါပဲလား ဒေါက်တာရယ်"

"ဒါနဲ့ အစားထိုးရမယ့် နှလုံးနဲ့ဦးနှောက်က ဘယ်လိုရမှာလဲ"

"မနက်ဖြန် အာရုံတက်ရင် မန္တလေးအိုးဘိုထောင်မှာ သူပုန်တစ်ကောင်ကို ကြိုးမိန့်ပေးလိမ့်မယ်၊ အဲဒီအလောင်းကိုတော့ ကျွန်ုပ်နဲ့လူကလေး သွားယူရလိမ့်မယ်"

ဘမှန် ဘုရားမတမိအောင် စိတ်ထိန်းထားလိုက်ရသည်။ လူသေတွေကို မကြောက်တတ်သော်လည်း သေပြီးသည့်နောက်ကောင်းကောင်းအနားယူခွင့်မပေးဘဲ နှောင့်ယှက်သလို ဖြစ်နေမှာကိုတော့ စိုးရိမ်မိသည်။

ဒေါက်တာ့စကားအရ ဒီညအရက်သောက်ဖို့ လိုအပ်၍ . . တိုက်နေမှန်းသိပြီး ဘမှန် အရက်ခွက်ကို တစ်ရှိန်ထိုးကောက်မော့





လိုက်လေတော့သည်။ ဒေါက်တာက နားလည်သလိုပြုံးပြကာ ပခုံးပုတ်၍အားပေးပြီး တစ်ခွက်ထပ်ငှဲ့ပေးပြန်သည်။ ဒီတစ်ကြိမ်တော့ဘမှန် ဝီစကီကိုအရသာခံကာ တစိမ့်စိမ့်သောက်နေလိုက်တော့သည်။

ဒေါက်တာက လူနှင့်စမ်းသပ်ဖို့ အခွင့်အရေးစောင့်ခဲ့ရတာကြာပြီဖြစ်ကြောင်း၊ လူသေအလောင်းရှာရတာ မခက်သော်လည်းအစားထိုး ကိုယ်အင်္ဂါအစိတ်အပိုင်း ထုတ်ယူရမည့် လတ်လတ်ဆတ်ဆတ် အစိမ်းသေအလောင်းရဖို့က ခက်ခဲလှကြောင်း၊ အကြိမ်ကြိမ်ကြိုးစားဖူးသော်လည်း အလောင်းလက်ဝယ်ထားရှိခြင်း၊ အလောင်းဖော်ယူခြင်းတို့သည် ရာဇဝတ်မှုနှင့်ငြိစွန်းသောကြောင့် လုပ်ရကိုင်ရတာ မလွယ်လှကြောင်း တသီတတန်းကြီး ရှင်းပြသည်။

"ထောင်ထဲက ကြိုးမိန့်ကျတဲ့သူရဲ့အလောင်းကို သယ်ထုတ်ဖို့ရော အဆင်ပြေပါ့မလား ဒေါက်တာ"

"ထောင်ပိုင်ကြီး မစ္စတာကရစ်ပင်က ကျွန်ုပ်ရဲ့မိတ်ဆွေပါ၊ ကျွန်ုပ်ရဲ့သုတေသနလုပ်ငန်းကိုလည်း . . အားပေးနေတဲ့သူတစ်ယောက်ပေါ့၊ ဒီတစ်ခါမှ လူအစစ်နဲ့ ခွဲစိတ်မှုမလုပ်ရရင် ကျွန်ုပ်အတွက် အချိန်သိပ်မကျန်တော့ဘူး ဘမှန်"

ထိုအခိုက်မှာပင် ဒရဝမ်ရောက်လာပြီး မောရစ်အား တိုးတိုးပြောလာသည်။ မောရစ် အလောသုံးဆယ် ထရပ်လိုက်သဖြင့်ဘမှန်လည်း အသင့်ပြင်လိုက်ရသည်။

"ကဲ လူကလေး ကံကောင်းခြင်းလက်ဆောင်တော့ ရောက်လာပြီတဲ့"

"ဟုတ် . ."



www.burmeseclassic.com

သူတို့နှစ်ယောက် ဒရဝမ်နှင့်အတူ အပြင်ထွက်ခဲ့ကြသည်။ အပြင်သို့ရောက်သည်နှင့် မောရစ်က ဘုရားကျောင်းဆီသို့ လှမ်းအကဲခတ်သည်။ ဘုရားကျောင်းတစ်ခုလုံး မှောင်မည်းနေသည်မို့ ဖာသာများနှင့် ကျောင်းသားများလည်း အိပ်ကုန်ကြပြီထင်သည်။

မောရစ်နေထိုင်သော အဆောက်အဦးမှာ ကျောင်းအုတ်တံတိုင်းနှင့် အနီးဆုံးတွင် ရှိနေသည်က ပိုမိုအဆင်ပြေသွားစေသည်။ မလွယ်ပေါက် သံတံခါးအနီးလမ်းပေါ်တွင် နွားလှည်းတစ်စီး ရပ်ထားလိုက်သည်။

လှည်းသမား၊ ဒရဝမ်တို့၏အကူအညီနှင့် သူတို့(၄)ယောက် လှည်းပေါ်မှအလောင်းအား သယ်ယူခဲ့ကြ၏။ အဝတ်အုပ်ထားသော အလောင်း၏ ခြေတစ်ဖက်ကို ကူညီသယ်မလာရင်း. . အလောင်းမှ ထွက်နေသည့် အနံ့ဆိုးကိုလည်း ဘမှန် ကြံ့ကြံ့ခံနေရသည်။

အခန်းထဲသို့ရောက်သည်နှင့် အလောင်းအား ကြမ်းပေါ်ချပြီး အုပ်ထားသော အဝတ်ကိုဖယ်ကာ ကြည့်ရှုစစ်ဆေးသည်။ မနေ့ကသေသည့်အလောင်းက ရုပ်မပျက်သေးသလို၊ အရေပြားများ ပျက်စီးပေါက်ပြဲခြင်းလည်းမရှိ။ သို့သော်. . အသတ်ခံရသည့် အလောင်းမို့ ဘယ်ရင်အုံတွင် ထိုးသွင်းဒဏ်ရာနှစ်ချက်တော့ ရှိနေသည်။

အနေအထားက နှလုံးမှာ လုံးဝသုံးလို့ရတော့မည်မဟုတ်၊ မောရစ်က လှည်းသမားအား ငွေတစ်ဆယ်ထုတ်ပေးလိုက်သည်။ စမ်းသပ်ခန်းတံခါးသော့ကိုဖွင့်၍. . အလောင်းကိုအထဲထည့်ကြပြန်သည်။ ရေချိုးကန်ထဲ ရေခဲများဆားဖြူးပြီး ထည့်ထားတာ တွေ့ရသည်။ အလောင်းကို ကန်ထဲထည့်၍ ရေခဲအုပ်ထားလိုက်၏။ အခုမှ





ညသန်းခေါင်သာရှိသေး၏။ နောက်ထပ် အလောင်းတစ်လောင်း သွားသယ်ဖို့ အချိန်တွေမြန်မြန်ကုန်ပါစေဟုသာ ဘမှန် ဆုတောင်းနေမိတော့သည်။ မောရစ်ကတော့ သူ၏ သုတေသနမှတ်တမ်းကို ပြန်ဖတ်ကာ မကြာမီစတင်ရမည့် သမိုင်းဝင် ခွဲစိတ်မှုကြီးအတွက် ကြိုတင်ပြင်ဆင်နေတော့သည်။

ခရီးပန်းလာသဖြင့် ဘမှန်လည်း အိပ်ပျော်သွား၏။ အချိန်တွေဘယ်လောက်ကြာသွားသည်မသိ၊ သူ့ကိုလှုပ်နိုးမှ ဘမှန် ကမန်းကတန်းထရသည်။

“အိုးဘိုထောင်ကိုသွားကြစို့ လူကလေး”

“ဪ. . ဟုတ်”

ရထားလုံးတစ်စီးကို မောရစ်ကိုယ်တိုင်မောင်းကာ. . အလောင်းသယ်ခရီး စခဲ့ကြပြန်သည်။ အာရုဏ်တက်ချိန်နီးလာသည့် မနက်လေးမှာ လေပြည်တဖြူးဖြူး တိုက်ခတ်နေသည်မို့ ပူလောင်အိုက်စပ်ခြင်း ကင်းလို့နေသည်။ ကျုံးကိုပတ်၍ မနက်လေးတောင်ခြေအနီးရှိ အိုးဘိုထောင်ရောက်ဖို့ နာရီဝက်နီးပါး အချိန်ကြာမြင့်လေသည်။

ထောင်ဘူးဝရှေ့တွင် ရထားလုံးကိုရပ်ထားကာ အသင့်စောင့်နေသော ထောင်ဝါဒါတစ်ယောက်၏ ဦးဆောင်မှုနှင့် ထောင်ထဲဝင်ခဲ့ကြသည်။ ထောင်တွင်းမှ ကြိုးစင်ရှေ့ရောက်သောအခါ သူပုန်တစ်ယောက်အား ကြိုးမိန့်ပေးရန်အသင့် ဖြစ်နေတာတွေ့ရသည်။

သေဒဏ်ကျခံရမည့် သူပုန်ဟု သမုတ်ခံရသော ပုဂ္ဂိုလ်သည် သေမှာကြောက်သည့် လူစားတော့ဟုတ်ပုံမရ။ လွန်စွာတည်ငြိမ်၍ ကြံ့ခိုင်ရလွန်းနေသည်။ ထောင်ဝါဒါများက ခေါင်းစွပ်အနက်စွပ်ပြီး ကြိုးကွင်းတပ်လိုက်သော်လည်း ရုန်းကန်ငြင်းဆန်ခြင်း အလျဉ်းမရှိ၊



www.burmeseclassic.com

www.burmeseclassic.com



ပကတိတည်ငြိမ်နေသည်မို့ ဘမှန်အလိုလို ဦးညွှတ်အလေးပြုလိုက်မိသည်။

ထုံးတမ်းစဉ်လာရှိသည့်အတိုင်း အမိန့်စာဖတ်ခြင်း အပြီးမှာပင် ထောင်မှူး၏လက်တစ်ဖက် မြောက်တက်လာသည်။ ဒေါက်ဖြုတ်တာဝန်ယူထားသည့် အကျဉ်းသားက မောင်းတံခလုတ်ကို ဆွဲဖြုတ်လိုက်သည်။ သေဒဏ်ကျအကျဉ်းသား ခြေထောက်အောက်မှ အံဖုံးတံခါးနှစ်ချပ် ပွင့်သွားပြီးနောက် ကြိုးတန်းလန်းနှင့်ထိုလူ ဝုန်းခနဲပြုတ်ကျသွားသည်။

ဘမှန် ပို၍ချင်အန်ချင်သလို ဖြစ်သွား၏။ လူတစ်ယောက်အား ကြိုးပေးသတ်နေသည့်ဖြစ်စဉ်ကို အေးအေးဆေးဆေး ရပ်ကြည့်နေသော လူအုပ်ထဲ၌ သူပါနေတာကို အိပ်မက်တစ်ခုအလားထင်မှားနေမိသည်။

ကြိုးတန်းလန်းနှင့် အချိန်ပြည့်အောင်ထားပြီးမှ အလောင်းကို အောက်သို့ချသည်။ ထောင်ဆရာဝန်က တကယ်အသက်ထွက်မထွက် စစ်ဆေးစမ်းသပ်အတည်ပြုပြီးနောက် ထောင်ပိုင်ကြီးမစ္စတာကရစ်ပင် သူတို့အနားရောက်လာ၏။ အချင်းချင်း လက်ဆွဲနှုတ်ဆက်ပြီး စကားစမြည်ပြောနေကြသည်။

နောက်ဆုံးတော့ ထိုအလောင်းအား ထောင်ဝါဒါများကသယ်မကာ ဘမှန်တို့ မြင်းလှည်းပေါ် တင်ပေးလိုက်၏။ ထို့နောက်သူတို့အပြန်ခရီးစသည်။ မောရစ်မှာ တိုက်ပွဲအောင်နိုင်ခဲ့သည့် စစ်ဗိုလ်ချုပ်တစ်ယောက်လို အားတက်မာန်ဝင့်လျက်ရှိသည်။ ရောင်နီမပို၍ခင် အရောက်ပြန်ရမည်မို့. . မောရစ်က မြင်းလှည်းအား တရကြမ်းမောင်းနှင်နေသည်။





အာရုဏ်ဆွမ်းခံကြွလာသော ရဟန်းသံဃာများနှင့် မကြာခဏဆုံတွေ့နေရသဖြင့် ဘမှန် စိတ်မလုံမလဲဖြစ်မိသည်။ သို့သော်ဒီမြေပေါ်မှာ အင်္ဂလိပ်တွေ ထင်တိုင်းပြုခွင့်ရှိနေသည့်ကာလမို့ သူတို့မြင်းလှည်းကို ဘယ်သူမှ မတားဆီးရဲကြ။ ဒီလိုနှင့်ပင် ဘုရားကျောင်းသို့ ပြန်ရောက်လာခဲ့ကြသည်။

ဒရဝမ်အကူအညီနှင့် အလောင်းအား စမ်းသပ်ခန်းထဲသ[illegible]သွင်းကြသည်။ ခွဲစိတ်ခုံပေါ် အလောင်းတင်ကာ အဝတ်အစားများချွတ်ပစ်လိုက်၏။ ကြိုးပေးခံရသော ပုဂ္ဂိုလ်၏ရုပ်သွင်က တည်ကြည်ခန့်ညားလှသည့် မြန်မာတစ်ယောက်ဖြစ်နေတာ သတိပြုမိသည်ထိုသူ၏ ဦးနှောက်နှင့်နှလုံး အမြန်ထုတ်ယူကြရမည်မို့ ဆရာတပည့်နှစ်ယောက် တက်သုတ်ရိုက်လှုပ်ရှားနေကြသည်။

မောရစ်က ရင်ခွဲ၍ နှလုံးကိုထုတ်ယူနေသလို. . ဘမှန်ကလည်း နဖူးအလယ်လောက်မှစ၍ ဦးခေါင်းခွံအားလွှနှင့် တိုက်ဖြတ်နေသည်။ ခွဲစိတ်ခြင်းနှင့် အမဲဖျက်ခြင်းသည် ယေဘုယျအားဖြင့်. . သိပ်ကွာခြားလှသည်မဟုတ်၍ အတွေ့အကြုံရှိသူတွေအတွက် [illegible]ခက်အခဲ ကြီးကြီးမားမားမရှိလှပေ။

အစားထိုးပစ္စည်းပြန်ထည့်ပြီး သွေးကြောများ၊ နာဗ်ကြော[illegible]များ၊ ကြွက်သားများ ပြန်ဆက်ရခြင်းပင်ဖြစ်၏။ ကြိုးမိန့်ကျအလောင်[illegible]မှ ဦးနှောက်နှင့်နှလုံးကိုထုတ်၍ ရေခဲစိမ်လိုက်ပြီးနောက် သချိုင်း[illegible]ဖေါ်လာသော အလောင်းအား အစားထိုးပစ္စည်းများ လဲလှယ်နိုင်ရန်ရင်ခေါင်းဖွင့်ခြင်း၊ ဦးခေါင်းဖွင့်ခြင်းတို့ လုပ်ရပြန်သည်။

နံနက် ခုနစ်နာရီလောက်တွင် အစားထိုးခြင်းကိစ္စများအလ[illegible]စုံ ပြီးစီးသွားခဲ့သည်။ နှလုံးအား လျှပ်စစ်ဖြင့်နှိုးကာ အသက်သွင်း[illegible]



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးအဆင့်သာ ကျန်တော့၏။ ဒီမှာတော့ လျှပ်စစ်ဓာတ်ထုတ်ဖို့ . . ဒိုင်နမိုထက် အဆင့်မြင့်သော ဂျင်နရေတာကို အသုံးပြုသည်။

ဝါယာကြိုး သွယ်ထားသည့်အပ်များစိုက်၍ ဓာတ်အားလွှတ်လိုက်သည်တွင် အလောင်းကြီး ဆတ်ဆတ်ခါလှုပ်ရှားလာတော့သည်။ တစ်မိနစ်ဓာတ်အားပေးပြီး ခဏရပ်လိုက်သည်တွင် . . အလောင်းကြီး ပြန်လည်ငြိမ်သက်သွား၏။ မောရစ် အလောင်း၏ ဘယ်ရင်အုံကို ထုရိုက်ဖိနှိပ်ကာ နှလုံးလှုပ်ရှားလာအောင် လုပ်သည်။

အလောင်းက အသက်ဝင်မလာပေ။ ပိုဆိုးသည်က ရင်အုံကို ထုရိုက်ဖိနှိပ်ခဲ့သဖြင့် ချုပ်ရိုးများကြားမှ စိမ့်ထွက်လာသော သွေးယိုစီးမှု များလာခြင်းဖြစ်သည်။ အဓိကပြဿနာက နှလုံးနှင့် သွေးပြန်ကြော၊ သွေးလွှတ်ကြောမတို့ ဆက်သွယ်မှု မသေသပ်ခြင်းပင် ဖြစ်မည်လား မပြောတတ်၊ သူတို့ဆရာတပည့်အတွက်တော့ ခဲလေသမျှ သဲရေကျရခြင်းပင် ဖြစ်တော့သည်လေ။





# အခန်း (၈)

အချိန်ကာလတွေ ပြောင်းသွားသော်လည်း မောရင်၏ရည်မှန်းချက်က မပြောင်း၊ အခွင့်အခါပေးသည်နှင့် အလောင်ထပ်ရှာကာ အစားထိုးခွဲစိတ်ဖို့ ဆန္ဒပြင်းပြနေဆဲပင်ဖြစ်၏။ ထိုကာလများ၌ မချမ်းဘောမှအဖေနှင့် မြလေးထံသို့ စာနှစ်စောင်သာ ပို့ဖြင်သည်။

ခရီးလမ်းပန်းအကွာအဝေးကြောင့် ပြန်စာရဖို့ မမျှော်လင့်နိုင်သဖြင့် တိတ်တဆိတ် လွမ်းဆွတ်ခြင်းနှင့်သာ သည်းခံနေရ၏။ လွမ်

www.burmeseclassic.com



စိတ်ကို ကျောင်းစာထဲနှစ်ထားခြင်းဖြင့် ကုစားရသည်။

မောရစ်၏ ခွဲစိတ်မှတ်တမ်းအား ဘာသာပြန်ဆိုပြီးသည့် တစ်နေ့တွင်ကျောင်း၌ ကျေးဇူးတော်နေ့ အခမ်းအနားကျင်းပလေ၏။ ထိုပွဲတွင် ဆရာများ တစ်လှည့်စီ ဩဝါဒစကား ပြောကြသည်။ ဒေါက်တာမောရစ်အလှည့်တွင် သူက လူတွေထာဝရ အသက်ရှင်နိုင်အောင် ပြုလုပ်နိုင်တော့မည်ဖြစ်ကြောင်း. . တရားဝင်ဖေါ်ထုတ်ကြေညာလိုက်သည်။

ကျောင်းထိုင်ကိုယ်တော်နှင့်တကွ ဖာသာကြီးများ အထိတ်တလန့်ဖြစ်သွားကြသည်။ ဘာသာရေးအစွန်းရောက် ခရစ်ယာန်ဘုန်းကြီးတစ်ပါး ရုတ်တရက် စင်ပေါ်ပြေးတက်လာ၏။ မောရစ်ထံပြေးဝင်သွားကာ ဓားမြှောင်နှင့်အဆက်မပြတ် ထိုးသတ်လိုက်ခြင်းပင်ဖြစ်သည်။ ထိုမြင်ကွင်းကို အားလုံးမှင်သက်စွာ ဝိုင်းကြည့်နေမိကြ၏။

ရုတ်တရက် အသိဝင်လာသူက ဘမှန်သာဖြစ်သည်။ မောရစ်ထံပြေးသွားကာ ဆရာ့အား ပွေ့ထူလိုက်သည်။ ဒဏ်ရာဗလပွနှင့် သွေးချင်းချင်းနီနေပြီဖြစ်သော မောရစ်မှာ စကားမေးမရတော့။

အခမ်းအနားတွင် ဗြိတိသျှအရာရှိကြီးများလည်း ရှိနေသည်မို့ လူသတ်မှုကျူးလွန်သော ခရစ်ယာန်ဘုန်းကြီးအား ဖမ်းဆီးကာ. . ချက်ချင်းပင် စစ်ဆေးမေးမြန်းကြသည်။

အင်္ဂလိပ်လူမျိုးဆရာဝန်များ. . ဝိုင်းဝန်းကုသကြပါသော်လည်း အခင်းဖြစ်ပြီး နာရီဝက်အကြာတွင် မောရစ် ကွယ်လွန်သွားတော့သည်။ ဘမှန်အတွက်တော့ ရွှေတောင်ကြီးပြိုခြင်းပင်ဖြစ်၏။ မောရစ်အလောင်းအား ယူကြုံးမရစွာ ပွေ့ဖက်ထားစဉ် ရုတ်တရက်





အကြံပေါ်လာကာ အလောင်းသယ်သည့် မြင်းလှည်းဆရာကို ငွေချေးပြီး စမ်းသပ်ခန်းသို့ အလောင်းအား သယ်လာခဲ့လိုက်၏။

ရန်ကနားအား ရေခဲအလုံအလောက် ဝယ်ယူရန် စေခိုင်းလိုက်သည်။ မောရစ်အလောင်းအား မပျက်စီးအောင် ရေခဲစိမ် သိမ်းထားရင်း သင့်တော်သည့် လူသေရပါက အစားထိုးခွဲစိတ်လဲလှယ်ပြီး ပြန်ရှင်လာအောင်ဆုပ်မည်ဟု စိတ်ပိုင်းဖြတ်လိုက်သည်။

လတ်လတ်ဆတ်ဆတ် လူသေရဖို့ မလွယ်လှသော်လည်း မောရစ် ကြိုးစားခဲ့သလို စဏ္ဍာလနှင့် ဆက်သွယ်ရှာဖွေမည်ဟုလည်း တွေးထားလိုက်၏။ ထိုနေ့က မောရစ်အလောင်းအား ရေခဲစိမ်ဆားသိပ်ရင်း မပုပ်မသိုးအောင် ဂရုစိုက်ထိန်းသိမ်းထားလိုက်သည်။ အရဲစွန့်လုပ်ကိုင်ရမည့် ခွဲစိတ်မှုအတွက် အမှားအယွင်းမရှိစေရန် မှတ်တမ်းကို ပြန်ဖတ်ရသည်။

ထိုအခါမှ မနေ့ကနေ့စွဲနှင့် မောရစ်ရေးထားသော စာတင်ကြောင်းကို တွေ့မိသည်။ ဦးနှောက်နှင့်နှလုံးအား အစားထိုးပြီး လျှပ်စစ်ဓာတ်ပေးရာတွင် ခန္ဓာကိုယ်ကိုရေထဲတွင် စိမ်၍ပြုလုပ်ရမည်ဟုရေးသားထား၏။

ဘမှန် ဝမ်းသာအားရဖြစ်သွားသည်။ ဒါ ဒေါက်တာမောရင်၏ နောက်ဆုံးတွေးမြင်ယူဆချက် အသစ်ပင်ဖြစ်သည်။ ထိုနည်းနှင့်အောင်မြင်ရမည်ဟုလည်း တစ်ထစ်ချ ယုံကြည်မိ၏။ အရေးကြီးသည်က ဤဘုရားကျောင်းမှ ဒေါက်တာ့အား မသင်္ဂြိုလ်မီ သင့်တော်သော လတ်ဆတ်သော အလောင်းရရှိရေးပင် ဖြစ်သည်။ သချိုင်းသို့သွားရောက်စုံစမ်းရန် ထလိုက်စဉ် ရန်ကနားဝင်လာ၏။

“သတင်းထူးကြားပြီးပြီလား ကောင်ကလေး”



www.burmeseclassic.com

www.burmeseclassic.com



"ဘာများလဲ ရန်ကနား"

"မနက်ဖြန် ညနေမှာ. . လူသတ်သမားကို လူမြင်ကွင်းမှာ ကြိုးပေးသတ်မတဲ့"

"ဟင်. . ဟုတ်လား"

ထိုသတင်းကြောင့် သချိုင်းသွား၍ အလောင်းရှာမနေတော့ဘဲ ထိုဘုန်းကြီး၏အလောင်းကို အရယူပြီး မောရစ်အား အသက်သွင်းမည်ဟု ဆုံးဖြတ်လိုက်တော့၏။









# အခန်း (၈)

နန်းတော်ရှေ့ရပ်ကွက် လမ်းဆုံလမ်းခွတစ်နေရာတွင် အရေးပေါ်ဆောက်လုပ်ထားသော ကြိုးစင်ရှိနေသည်။ ထိုကြိုးစင်၏ထုပ်တန်းမှ တွဲလောင်းကျနေသောကြိုးအဆုံးတွင် လူတစ်ယောက် တွဲလဲခိုလျက်ရှိ၏။

အသက်ရှင်လျက်နှင့်တော့မဟုတ်. . .။

ဘမှန် သူကိုယ်တိုင်မောင်းလာသော မြင်းလှည်းကို ကြိုးစင်နှင့် မလှမ်းမကမ်းတွင် ရပ်လိုက်သည်။ ပတ်ဝန်းကျင်ကို အကဲခတ်



www.burmeseclassic.com

www.burmeseclassic.com



ပြီး လှည်းပေါ်မှဆင်းခဲ့၏။ ညဉ့်ဦးပိုင်း ဖြစ်သော်လည်း လူသွားလူလာ မရှိသလောက်ဖြစ်နေပြီ။ ဘမှန် တည်ငြိမ်စွာပင် ကြိုးစင်နားချဉ်းကပ်လာခဲ့သည်။

အလောင်းပျောက်သွား၍ ဂေါ်ရာပုလိပ်တို့ ယောက်ယက်ခတ်နေမှာကို ကြိုတွေးမြင်ယောင်မိရင်း ဘမှန် ပြုံးလိုက်မိသည်။ ကြိုးစင်ပေါ်တက်၍ အလောင်းကို တံကောက်ခွက်မှ သိုင်းဖက်ထိန်းထားရင်း ကြိုးကိုဓားဖြင့် ခုတ်ဖြတ်လိုက်သည်။ သူ့လုပ်ရပ်ကို မြင်သူရှိမရှိ အကဲခတ်ပြီး အလျင်အမြန်ပင် အလောင်းကိုထမ်းကာ မြင်းလှည်းရှိရာ လျှောက်လာခဲ့သည်။

ဟိုအဝေးဆီမှ သံချောင်းခေါက်သံနှင့်အတူ အစောင့်ပုလိပ်တွေ ပတ္တာရောင်လှည့်လာတာ လှမ်းမြင်လိုက်၍ လှည်းကိုခပ်သွက်သွက် မောင်းထွက်လာခဲ့၏။

ဒီည. . ဒေါက်တာ ပြန်ရှင်လာရမည်ဆိုသည့်အတွေးနှင့် လှည်းကိုဒုန်းစိုင်းလာခဲ့၏။

စမ်းသပ်ခန်းအရောက် ထမ်းလာသောအလောင်းအား ခုံပေါ်တင်ပြီး စွပ်ထားသော ခေါင်းစွပ်ကိုဆွဲချွတ်လိုက်၏။

"ဟင်!. . ဆရာဒေးဗစ်"

မချမ်းဘောမှ သင်းအုပ်ဆရာဒေးဗစ် ဖြစ်နေသည်။ ဒေးဗစ်မှာ ဘာသာရေးအစွန်းရောက်နေသူဖြစ်ပြီး မောရစ်ကိုလိုက်လံတားဆီးရာမှ နားမထောင်၍ ဓားနှင့်ထိုးရသောအဆင့်သို့ ရောက်ခဲ့ခြင်းဖြစ်သည်။

သို့နှင့်ရင်ခုန်စိတ်လှုပ်ရှားဖွယ်ရာ အစားထိုးအသက်သွင်းမှုကို ဘမှန်တစ်ယောက်တည်း လုပ်ဆောင်ရတော့သည်။ အလောင်းနှစ်လောင်းအား ယှဉ်ထားကာ ခွဲစိတ်မှုကိုပြုလုပ်သည်။ ကိုယ်တိုင်ပါဝင်ကူညီဖူးသော လုပ်ငန်းစဉ်များဖြစ်သော်လည်း. . တစ်ယောက်တည်း လုပ်ကိုင်ရသည့်အခါ အဆင်မပြေမှုလေးတွေ တွေ့လာရ၏။





လုပ်ငန်းစဉ်အားလုံး ပြီးစီးသွားသည်တွင် ရေချိုးဇလုံကြီးအားရေဖြည့်၍ မောရစ်အလောင်းအား ထည့်လိုက်သည်။ ဦးခေါင်း၊ ရင်ဘတ်နှင့် ခြေလက်များမှ အဓိကသွေးကြောနေရာများတွင် ကြေးနန်းကြိုးတပ်ဝါယာများ ဆက်သွယ်ပြီးသွားသောအခါ ဂျင်နရေတာခလုတ်ကို ဖွင့်လိုက်သည်။

အချိန်တစ်မိနစ်ခွဲကြာအောင် လျှပ်စစ်ဓာတ်လွှတ်ပေးကြည့်သည်။ အသက်ဝင်လှုပ်ရှားလာမှုကို မတွေ့ရ။ ဘမှန် စိတ်ပျက်သွားပြီးဖြစ်ချင်ရာဖြစ် သဘောထားကာ နောက်ထပ်သုံးမိနစ်ခန့် ဓာတ်အားလွှတ်ပေးလိုက်သည်။

သို့သော် အလောင်းက အသက်ပြန်ဝင်မလာခဲ့၊ ဒီအတိုင်းဆို မောရစ်ကို မြေမြှုပ်သင်္ဂြိုဟ်ရတော့မည်။ နောက်ထပ် အစားထိုးကုသမှု စမ်းသပ်ခြင်းတို့လည်း ရှိလာတော့မည်မဟုတ်ဟု တွေးကာ စိတ်ဓာတ်ကျသွားသည်။

ဘမှန်က ထိုမှတ်တမ်းစာအုပ်ကို. . ချိတ်ထားသော ကုတ်အင်္ကျီရှည်ကြီးထဲထည့်ကာ. . အလွယ်တကူ ရှာမတွေ့အောင် သိမ်းထားလိုက်သည်။

ထို့နောက် စမ်းသပ်ခန်းတံခါးကိုပိတ်၍ ဧည့်ခန်းတွင်ထိုင်ကာ စိတ်ပျက်လက်ပျက်နှင့် အရက်ထိုင်သောက်နေလိုက်တော့သည်။

"ဒေါက်တာ. . ဒေါက်တာ့ကို ပြန်ရှင်လာအောင်ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မလုပ်နိုင်တော့ဘူး ဒေါက်တာ၊ ကျွန်တော့်ကို ခွင့်လွှတ်ပါ"

ပုလင်းကို မနားတမ်းမော့နေသည့် ဘမှန် ပုလင်းအကုန်၌ လှုပါလဲသွားတော့၏။







# အခန်း (၃)

ခေါ်သံသဲ့သဲ့ ကြားမိသော်လည်း အိပ်ချင်စိတ်က ကြီးစိုးနေ၍ ဘမှန် ထမကြည့်ဖြစ်။ ခေါင်းတွေ အုံနေသဖြင့် နားထင်ကိုဖိနှိပ်ရင်း တစ်ဖက်သို့စောင်းအိပ်လိုက်သည်။ ထိုအခါမှ ဆွဲကိုင်လှုပ်ယမ်းသည့် အထိအတွေ့ကိုပါ ခံစားလိုက်ရသဖြင့် အားယူကာ မျက်လုံးဖွင့်ကြည့်လိုက်သည်။

"ဟင်!. . မြ. . မြလေး"

"ဟုတ်တယ် ကိုကို. . မြလေးပါ"



www.burmeseclassic.com

www.burmeseclassic.com



မြလေးနှင့် လွန်းဝါအား တွေ့လိုက်ရသဖြင့် ဘမှန် အမူးပြေသွားသည်။ စာမလာ သတင်းမကြား၍ လိုက်လာကြကြောင်း သိရသည်။ စာနှစ်စောင်ပို့လိုက်ကြောင်း ဖြေရှင်းသော်လည်း မြလေးက လက်မခံ။

ဖခင်ဒူးဝါးကြီး နေမကောင်းသဖြင့် ပြန်လိုက်ခဲ့ရန်၊ သူတို့နှစ်ယောက် လက်ထပ်ဖို့ကိုလည်း ဖခင်ကြီးကတိုက်တွန်းလိုက်ကြောင်း။ ဟိုမှာပဲ လုပ်ကိုင်စားသောက်ကြရန် တောင်းပန်သည်။

ဘမှန် အခက်တွေ့ရလေပြီ၊ လုပ်လက်စကိစ္စ မပြတ်သေးသည့်အတွက် လိုက်လို့မဖြစ်တာ သူ့ဘာသာသိသည်။

သို့သော် မြလေး လက်ခံအောင်ရှင်းပြဖို့က ခက်နေသည်။ ခေတ်ပညာတတ်လို့လဲ ဟိုမှာဘာမှလုပ်စား၍ မရကြောင်း၊ အချိန်တန်လျှင် ဒူးဝါးရာထူးဆက်ခံပြီး တစ်သက်လုံး ပျော်ပျော်ရွှင်ရွှင်နေသွားလို့ရကြောင်း နားချသည်။ ဧည့်ခန်းထဲ ရှုပ်ပွနေတာကိုကြည့်ပြီး မြလေးက. .

"ကိုကို ဘာတွေဖြစ်နေတာလဲ. . ၊ ဒီလိုပေပေတေတေမျိုး ဘယ်တုန်းက နေခဲ့ဖူးလို့လဲ"

သူ၏ ဖရိုဖရဲပုံစံနှင့် နံစော်နေသည့် အရက်နံ့ကြောင့် ဘမှန် ဖျက်စီးနေပြီဟုလည်း စွပ်စွဲသည်။ သူ့ကိုမချစ်တော့ဘူးလားဟုလည်း တတွတ်တွတ်မေး၏။ မြလေးဘာပြောပြော ဘမှန်အတွေးထဲ. . မောရစ်ကိုအသက်သွင်းဖို့သာ စဉ်းစားနေမိသည်။ အချိုးပြောင်းနေသော ဘမှန်ကြောင့် မြလေး အမျက်ထွက်ရလေသည်။ သူမနှင့်ပြန်လိုက်ဖို့ ဘယ်လိုမှမဖြစ်နိုင်သည့်အတွက် အရက်စက်ဆုံးစကားကို ခပ်ထန်ထန်ပဲ ဘမှန်ပြောပစ်လိုက်၏။





"မြလေး ကိုကို့ရည်မှန်းချက် အောင်မြင်ဖို့ကလွဲပြီး ဘာကိုမှ စိတ်မဝင်စားသေးဘူး၊ ကိုကိုလုပ်နေတာတွေ အဆုံးမသတ်မချင်း မချမ်းသာကို ပြန်လာမှာမဟုတ်ဘူး၊ လောလောဆယ်. . မြလေးနဲ့ လက်ထပ်ဖို့ကိစ္စကိုလည်း စိတ်မကူးနိုင်သေးဘူးလို့. . အဖေကြီးကို ပြန်ပြောပြလိုက်ပါ"

ဘမှန် စကားဆုံးတွင်. . မြလေး ချုံးပွဲချငိုလေတော့သည်၊ အားရအောင်ငိုပြီးမှ မျက်ရည်များကိုသုတ်ရင်း မြလေးဧည့်ခန်းထဲ လှည့်ပတ်ကြည့်လိုက်သည်။

ပိတ်ထားသော စမ်းသပ်ခန်းတံခါး အောက်ခြေမှ ရေများ စီးလာသည်ကိုတွေ့၍ မြလေး သန့်ရှင်းရေးလုပ်ပေးရန် အဝတ်စုတ်တစ်ခုကို လှမ်းယူကာ စမ်းသပ်ခန်းဆီ လျှောက်သွားလိုက်သည်။

မြလေး စမ်းသပ်ခန်း တံခါးကိုဖွင့်မည်အပြု. .

"မြလေး. . အဲဒီအထဲမဝင်နဲ့. ."

ဘမှန် မြလေး လက်မောင်းကိုလှမ်းဆွဲကာ တွန်းလိုက်၏၊ မြလေး လဲကျမသွားအောင် ခုံတစ်ခုကိုလှမ်းကိုင်လိုက်ရင်း. . .

"ကိုကို ဒီနေရာမှာ မနေသင့်တော့ဘူး၊ မြလေးနဲ့တစ်ခါတည်းပြန်လိုက်ခဲ့ပါ"

"မလိုက်ဘူး. . ကိုကို ဒီမှာပဲနေခဲ့မှာ"

"ဒီမှာနေနေတာ ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံနေတာနဲ့ အတူတူဘဲ ကိုကို"

"ကိုကိုသေမှာကိုမကြောက်ဘူး မြလေး"

ဒီတော့ မြလေးအချိုသတ်ရပြန်သည်။

"ကောင်းပြီလေ. . မြလေးလည်း ဒီမှာနေပြီး ကိုကို့ကို ကူညီ



www.burmeseclassic.com

www.burmeseclassic.com



မယ်လေ"

ဘမှန်ခေါင်းခါပြရင်း. .

"ဒါလည်းမဖြစ်နိုင်ဘူး မြလေး"

"ကိုကို မြလေးကို ကတိတွေပေးခဲ့တယ်လေ၊ မြလေး. . . တောင်းပန်ပါတယ် ကိုကိုရယ်"

"မြလေးကို ကိုကိုအရမ်းချစ်ပါတယ်. ဒါပေမယ့်. ."

"မြလေးနားလည်လိုက်ပါပြီ. ."

မြလေး ချာခနဲလှည့်ကာ ထွက်ပြေးသွားတော့သည်။

"မမလွန်းဝါ မြလေးကိုစောင့်ရှောက်ပြီး မချမ်းဘောကို ပြန်ခေါ်သွားပါ၊ အဖေကြီးကိုလည်း ပြောလိုက်ပါ ကျုပ်အလုပ်တွေ ပြီးတာနဲ့ ပြန်လာခဲ့မယ်လို့"

ထို့နောက် လွန်းဝါလည်း တကျော်ကျော် အော်ခေါ်ရင်း. . မြလေးနောက် ပြေးလိုက်သွားလေ၏။ ဘမှန် အပေါ်ထပ်ပြေးတက်ကာ ပြတင်းပေါက်မှ ချစ်ရသူကို လှမ်းကြည့်သည်။ ငိုယိုနေသော မြလေးအား မလွန်းဝါ ချော့မော့နေတာမြင်ရမှ စိတ်ချသွားသည်။

"ခွင့်လွှတ်ပါ မြလေးရယ်"

"ဝုန်း!. . ဒုန်း!. ."

ထိုစဉ်မှာပင် အောက်ထပ်ဆီမှအသံများ ကြားလိုက်၍ စိုးရိမ်စိတ်နှင့် ပြေးဆင်းလာခဲ့သည်။ အောက်ထပ်ဧည့်ခန်းထဲ ရေတွေ အိုင်ထွန်းနေတာ တွေ့ရလေသည်။ ထိုရေတွေ စမ်းသပ်ခန်းထဲက စီးလာတာဖြစ်သည်။ တံခါးဖွင့်ပြီး ကမန်းကတန်း စမ်းသပ်ခန်းထဲ ဝင်လာခဲ့၏။

ရေချိုးခန်းအတွင်းမှ ရေချိုးဇလုံကြီး လဲနေ၏။ ဒေါက်တာ





မောရစ်၏အလောင်းကို မတွေ့တော့၍ စိုးရိမ်ကာ လိုက်ရှာကြည့်သည်။ အခန်းထောင့်တစ်နေရာတွင် တုံးလုံးလဲနေသော မောရစ်ကို တွေ့ရလေသည်။

မောရစ်မှာ ရေနှင့်လျှပ်စစ်ဓာတ်များကြောင့် ဖောင်းကားကာ ကြီးထွားနေလေ၏။

"ဒေါက်တာ. . ဒေါက်တာ ပြန်ရှင်လာပြီနော်. . ၊ ဝမ်းသာလိုက်တာဗျာ"

မောရစ်က ဘမှန်အား မျက်လုံးစိမ်းကြီးများနှင့်ကြည့်သည်၊ ဆံပင်များရိတ်ပေးပြီး ခေါင်းခွံကိုလည်း ပြန်တွဲချုပ်ထားသဖြင့် မောရစ်၏ မူလရုပ်သွင်ပျောက်ကာ ချုပ်ရိုးဗလပွနှင့် သူ့မျက်နှာကြီးက ကြောက်စရာကောင်းလွန်းနေသည်။

"ဝူး!. . ဝူး!. . ဝါး!. . ဝူး!. ."

ဒေါက်တာ တစ်ခုခုပြောလိုက်သော်လည်း ဗီဇကမ္မဖြစ်စဉ်တွေ ပုံမှန်မဖြစ်သေး၍လားမသိ၊ စကားသံမပီဘဲ ဝူးဝူးဝါးဝါး ဖြစ်နေသည်။

ဘမှန်က ဒေါက်တာ့အား မှတ်မှတ်ရရ်နိုင်အောင် တွဲထူကာ တည့်မတ်ပေးဖို့ ကြိုးစားသည်။ သို့သော် ဘမှန် မောရစ်ကိုယ်လုံးကြီးကို မ,လို့မရ ဖြစ်နေ၏။ ဘယ်လိုမှ ကြိုးစား၍မရသည့်အဆုံး အခန်းထောင့်မှာသာ မှီထိုင်ခိုင်းထားလိုက်၏။

"ဒေါက်တာ ကျွန်တော့်ကိုမှတ်မိလား ဘမှန်လေ"

မောရစ်က ဘမှန်အား စေ့စေ့ကြည့်နေသော်လည်း. . ဘာစကားမှမဆို၊ မေး၍လည်းမရသည့်အတွက် လက်လျှော့လိုက်ရသည်။ အခန်းထဲ၌ အပုပ်နံ့တွေက လှိုင်နေပြီမို့ ဦးနှောက်နှင့် နှလုံး



www.burmeseclassic.com

www.burmeseclassic.com



ထုတ်ယူထားသော လူသတ်သမားဒေးဗစ်၏အလောင်းကို စွန့်ပစ်ဖို့ တလည်း အရေးတကြီး ဆောင်ရွက်ရမည့်ကိစ္စ ဖြစ်နေသည်။

သို့နှင့် မောရစ်အား ခဏထားပြီး ဒေးဗစ်အလောင်းအား နှစ်ပိုင်းဖြတ်ကာ ပတ္တူအိတ်ကြီးများနှင့် ထည့်ထားလိုက်၏။ အခန်းတွင်းမှ သွေးစသွေးနများနှင့် ကလီစာများကိုလည်း ရှင်းပစ်ရသည်။ ဘမှန် လုပ်နေသမျှကို မောရစ်က မျက်တောင်မခတ် ကြည့်နေ၏။

ညအမှောင်ရောက်သည်နှင့် အလောင်းထည့်ထားသော အိတ်များကို မြင်းလှည်းပေါ်တင်သည်။

မြင်းလှည်းနှင့် ဂေါဝိန်ဆိပ်သို့ ရောက်လာခဲ့သည်။ လူသူလေးပါးကင်းရှင်းရာ ကမ်းနားတွင်ရပ်၍ ပတ္တူအိတ်ကြီးများအတွင်း ကျောက်ခဲတုံးများ အပြည့်ထည့်ကာ အိတ်ကိုလုံခြုံစွာပိတ်၍ မြစ်ထဲ ပစ်ချလိုက်သည်။ ဒါမှ အိတ်ကြီးများ ရေအောက်မြုပ်ပြီး အလောင်းလည်း လက်စပျောက်သွားမည်ဖြစ်သည်။

ပြန်ရောက်တော့ အခန်းအတွင်းရှိ ပရိဘောဂများ ကျွမ်းထိုးမှောက်ခုံဖြစ်နေသလို စမ်းသပ်ခန်းတံခါးကလည်း ပတ္တာများပါပြုတ်ထွက်အောင် ကျိုးပဲ့ပျက်စီးနေ၏။ စိုးရိမ်ပူပန်မှုများနှင့် စမ်းသပ်ခန်းထဲ ရှာကြည့်မိသည့်အခါ မောရစ်အား မတွေ့ရတော့ပေ။

မောရစ် အသက်ပြန်ရှင်လာတာကို ဘယ်သူမှမသိကြ။ ဤကျောင်းမှတာဝန်ယူကာ မောရစ်အလောင်းအား သင်္ဂြိုဟ်ပေးကြတော့မည်။ သို့သော်. . သင်္ဂြိုဟ်စရာ အလောင်းကမရှိတော့။

ဘမှန် အမှန်အတိုင်း ရှင်းပြလျှင်လည်း လက်ခံမှာမဟုတ်သည့်အပြင် အမှုပတ်ဖို့က ကျိန်းသေနေပြီမို့ သူရှောင်မှဖြစ်တော့မည်ဆိုတာ ဘမှန် သဘောပေါက်သွားသည်။





သို့နှင့် မောရစ်၏သေတ္တာကို မွှေနှောက်ကာ. . တွေ့သမျှ ပိုက်ဆံများကိုယူဆောင်ပြီး ခရီးဆောင်အိတ်တစ်လုံးနှင့် စိန့်ပေါကျောင်းမှ ဘမှန်ထွက်ခွာလာခဲ့ရတော့၏။






www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၀)

သူ့ကိုယ်သူ ဘာကောင်မှန်းမသိသော မောရစ် မွန်းကျပ်နေသည့်အခန်းထဲ၌ မနေနိုင်တော့သဖြင့်. . ချိတ်ထားသော ကုတ်အင်္ကျီရှည်ကြီးတစ်ထည်ကို လှမ်းယူကာ လွှမ်းခြုံလိုက်၏။ ထို့နောက် အခန်းတံခါးကိုဖျက်ဆီး၍ ထွက်လာခဲ့ရာမှ. . . အခုတော့ ဘယ်သွားရမှန်းမသိ ယောင်လည်လည်ဖြစ်နေရလေပြီ။

သူဘာလဲ၊ ဘယ်သူလဲဆိုတာ စဉ်းစား၍မရ၊ ထိုသို့စဉ်းစားလိုက်တိုင်း ခေါင်းကတစစ်စစ်ကိုက်လာပြီး မခံမရပ်နိုင်အောင် နာ





ကျင်လာသည်မို့ ဘာကိုမှမတွေးတော့ဘဲ ခြေဦးတည့်ရာ လျှောက်လာခဲ့ခြင်းဖြစ်သည်။ လျှောက်ရင်းနှင့်. . ဝမ်းထဲမှာ တကျုတ်ကျုတ်မြည်အောင် ဆာလောင်မွတ်သိပ်လာ၏။ တိရစ္ဆာန်တစ်ကောင်၏ အသိမျိုးနှင့် စားစရာလိုက်ရှာလေသည်။

အချိန်က အာရုဏ်တက်ကာလ. .၊ အလင်းရောင်က အမှောင်ထုကို မဖြိုခွဲနိုင်သေး၊ ဒီလိုအချိန် ဘယ်နေရာမှာ စားစရာရနိုင်ပါ့မလဲ။ အစာတစ်ခုကိုပဲ အာရုံပြုကာ မောရစ် ဆက်လျှောက်လာခဲ့သည်။ တစ်နေရာအရောက်တွင် တစ်ဖက်ရပ်တဲတစ်လုံး အတွင်းမှမီးရောင်ကို လှမ်းမြင်နေရသည်။

သူ ခပ်လှမ်းလှမ်း၌ရပ်ကာ စူးစမ်းကြည့်သည်။ ညှော်နံ့သင်းသင်းကို ရှူရှိုက်မိသည်။ ထိုအနံ့ကြောင့် ဗိုက်ကပိုဆာလာ၏။ ဒါ စားစရာတစ်ခုခုကို ကြော်လှော်နေတာပဲ ဖြစ်မည်ဟုတွေးပြီး ထိုတဲဆီ လျှောက်သွားလိုက်၏။ အကြော်သည် အမျိုးသမီးကြီးက ဆီအိုးထဲမှ အကြော်များကိုဆယ်ကာ ဇလားထဲထည့်နေသည်မို့ သူ့ကိုမမြင်သေး။

ဆာလောင်မှုကို သည်းမခံနိုင်တော့သည့် မောရစ် အကြော်ဗန်းရှေ့ ငုပ်တုပ်ထိုင်ကာ အကြော်များကို ကောက်ယူစားလေတော့သည်။

"ဟဲ့!. . ဟဲ့!. . ဒါဘာလုပ်တာလဲ"

ထိုအခါမှ မော်ကြည့်မိသည့် အကြော်သည်အမျိုးသမီးကြီး သွေးပျက်အောင် ထိတ်လန့်သွားတော့သည်။ မျက်နှာနှင့် ဦးခေါင်းတွင် ချုပ်ရိုးအရာကြီးများက အရုပ်ဆိုးအကျည်းတန်လို့နေသည်။

"အောင်မလေး. . သရဲ. . သရဲ. . သရဲ. . ကယ်ကြပါမူ



www.burmeseclassic.com

www.burmeseclassic.com



ကြပါ. . သရဲ”

အလန့်တကြားအော်ဟစ်ပြီး ကဆုန်ပေါက် ထွက်ပြေးသွားသည့် မိန်းမကြီးအား မောရစ် နားမလည်သလို ငေးကြည့်နေသေးသည်။ အကြော်တွေတစ်ခုပြီးတစ်ခု ကောက်ဝါးရင်း ဖြည်းဖြည်းစဉ်းစားကြည့်မှ သရဲဆိုတာ သူ့ကိုပြောတာဖြစ်မည်ဟုတွေးပြီး မလုံမလဲဖြစ်သွားသည်။ ဘာကြောင့် သရဲဟု စွပ်စွဲရသလဲဆိုတာ. . မသိသော်လည်း ရှောင်နေတာကောင်းမည်ဟု တွေးမိ၍ အကြော်လတ်တစ်ဆုပ်စာ ကောက်ယူကာ ထိုနေရာမှထွက်လာခဲ့တော့၏။

လောလောဆယ် အကြော်ဆယ်ခုလောက် စားခဲ့ရပြီမို့ အဆာပြေသွားပြီး နားခိုစရာ နေရာရှာရသည်။ ကျုံးပတ်လမ်းအတိုင်း လျှောက်လာရင်း မန္တလေးတောင်ခြေအနီးမှ သုဓမ္မာဇရပ်များဆီသို့ ရောက်လာ၏။

နားခိုစရာနေရာကောင်းဟု အလိုလိုသိလိုက်သည်မို့ ဇရပ်တစ်ဆောင်ထဲဝင်ခဲ့ပြီး တိုင်ကိုမှီကာ အနားယူနေလိုက်သည်။ လမ်းလျှောက်ရတာ မကောင်းလှသလို ခေါင်းနှင့်ရင်ဘတ်ကလည်း တစစ်စစ်ကိုက်ခဲကာ တစ်ကိုယ်လုံးလည်း နာနေသည်။ နေလည်းထွက်ပြူလာပြီမို့ အလင်းရောင်က အားကောင်းလာသည်။ လူသွားလူလာတွေလည်း ရှိလာပြီဖြစ်သည်။

တောင်းတွေရွက်၊ ထမ်းပိုးနှင့် တောင်းတွေထမ်းကာ အရောင်းအဝယ်လုပ်ဖို့ ထွက်လာကြသူတွေ၊ လှည်းတွေနှင့် ကုန်စည်များတင်ဆောင်ကာ ခရီးထွက်လာကြသူတွေနှင့် မန္တလေးက အသက်ဝင်လာပြီဖြစ်သည်။

တိုင်မှီကာနားနေစဉ် ဝန်စည်စလှယ်များနှင့် ခရီးသွားတစ်စု





ဇရပ်ထဲဝင်လာ၏။ ပစ္စည်းများချပြီး ရောက်နှင့်နေသူကို လှမ်းကြည့်မိသည်တွင်. . .

“ဟင်!. . ဘီလူး. . ဘီလူးကြီး”

“ကြောက်စရာကြီး. . ပြေး. . ပြေးကြဟေ့”

သူ့ကိုမြင်သူတွေက သရဲပြောလိုက်၊ ဘီလူးဟု စွပ်စွဲလိုက်နှင့်ဆိုတော့ သူ့ကိုယ်သူ ဘာမှန်းမသိသေးသော မောရစ် ဦးနှောက်ခြောက်သွားသည်။

သို့သော်လည်း မထနိုင်အောင် ပင်ပန်းနေသည့်အတွက် မလှုပ်မယှက် ဆက်မှိန်းနေလိုက်သည်။ မောရစ် ငြိမ်နေသော်လည်း အနီးအနားမှ လူတွေကမငြိမ်၊ သုဓမ္မာဇရပ်မှာ ဘီလူးဝင်နေသည်ဆိုသောသတင်းကို တစ်ဆင့်စကားတစ်ဆင့်နားဆိုသလို ဖြန့်နေကြ၏။ တောမီးလောင်သလို ပျံ့နှံ့သွားသော ထိုသတင်းကြောင့် အားကောင်းမောင်းသန် ယောကျ်ားများစုရုံးကာ ရောက်ရှိလာကြတော့သည်။

တိုင်ကိုမှီ၍ ဒူးပေါ်လက်တင်၊ လက်ပေါ်မှောက်အိပ်နေသော မောရစ်ကတော့ ဘာမှမသိရှာသေး၊ အနားယူမှေးစက်နေဆဲ။ လူအုပ်ကို ဦးဆောင်လာသည့် ယောကျ်ားတစ်ယောက်က အသင့်ယူဆောင်လာသော ထမ်းပိုးနှင့် မောရစ်အားတွန်းထိုး၍ နှိုးလိုက်သည်။ လန့်နိုးသွားသော မောရစ် ခေါင်းမော့လိုက်သည်တွင်. . .

“ဟင်!. . ဘာကောင်ကြီးလဲ၊ အမလေး!. . သရဲ. . သရဲ”

“ဘီလူးကြီးဟေ့. . ဘီလူးဆိုတာ တကယ်ဟ”

ဆံပင်မရှိ၊ ချုပ်ရိုးဗလပွနှင့်မို့ သူ့ကိုမြင်သူတိုင်းက ကြောက်ရွံ့ပြီး ဘီလူးဟု အမှန်တကယ်ပင် ယုံကြည်သွားကာ အလန့်တကြား



www.burmeseclassic.com

www.burmeseclassic.com



အော်ဟစ်ကြသည်။ လက်ရဲဇက်ရဲ ရှိသူတစ်ချို့က ပါလာသော တုတ်များ၊ ထမ်းပိုးများနှင့် ဝိုင်းရိုက်ကြတော့၏။ ဘာမှန်းညာမှန်းမသိ. . အရိုက်ခံရသဖြင့် မောရစ် ဒေါပွသွားသည်။

ခေါင်းနှင့်မျက်နှာကို မထိအောင် လက်နှင့်ကာရင်း ထိုင်ရာမှ ထလိုက်သည်။ သူတစ်ကိုယ်လုံးနေရာအနှံ့အား ဝိုင်းရိုက်နေကြသဖြင့် မခံမရပ်နိုင်ဖြစ်လာဟန်နှင့် ရင်ခေါင်းသံကြီးဖြင့် အော်ဟစ်ကာ ပြန်လည်ခုခံလေတော့သည်။

"အား!. . ဝူး!. . ဝါး!. ."

ခြောက်ပေခွဲကျော်ကျော် အရပ်အမောင်းနှင့် လူကထွားကျိုင်းသည့်အပြင် ခွန်အားဗလကလည်း ကြီးမားလှသည်မို့ ဝိုင်းရိုက်သူများအား တွန်းလှွတ်ခြင်း၊ ကိုင်ပေါက်ခြင်း၊ ဆွဲယူကာအဝေးသို့ ပစ်ပေါက်လိုက်ခြင်းတို့ ပြုလုပ်တော့သည်။ တကယ်တန်းယှဉ်တော့ ဘယ်လိုမှမယှဉ်သာသည့်အတွက် ဝိုင်းထားသောလူအုပ်ကြီး ရှဲသွားလေသည်။

အရမ်းကာရော ဘယ်သူမှ မဝင်ရဲကြတော့။ ထိုသို့အခိုက်အတန့် လူရှဲသွားခိုက်တွင် မောရစ် ထွက်ပြေးတော့၏။ နောက်မှ လူအုပ်ကြီးက သူခိုးပြေးမှထိုးကွင်းထသလို ညာသံပေးကာ ပြေးလိုက်လာကြပြန်သည်။ လူအုပ်နီးလာသည့်အခါ မောရစ်က နောက်လှည့်ပြီး အသံနက်ကြီးနှင့် ဟိန်းဟောက်လိုက်၏။

"ဝူး!. . ဝါး!. . အား!. ."

ထိုအခါကျတော့လည်း မန္တလေးသားသတ္တိခဲ လူအုပ်ကြီးမှာ နောက်ပြန်လှည့်ပြေးကြတော့သည်။ ထိုသို့ သုံးကြိမ်လောက်ဖြစ်ပြီးသည့်နောက် ဘယ်သူမှ လိုက်မလာကြတော့. .။ ဘီလူးကြီးမောရစ်





လူရှင်းရာကို ဦးတည်၍ပြေးလေသည်။ ဘယ်သူမှလိုက်မလာတော့သဖြင့် ကျုံးဘေးသစ်ပင်ရိပ်၌ ဝင်ရောက်နားလိုက်တော့သည်။

အနားယူနေရင်း သူ့အားဘီလူးသရဲဟု စွပ်စွဲရလောက်အောင် သူ့ရုပ်ဘာဖြစ်နေလို့လဲဆိုတာ သိချင်လာ၍ ကျုံးရေပြင်တွင် ငုံ့ပြီးကိုယ့်ရုပ်ကိုယ် ဆန်းစစ်လိုက်သည်။

"ဟင်. . ဘယ်. . ဘယ်လိုရုပ်ကြီးလဲ၊ အဲဒါဘယ်သူလဲ ငါပဲလား၊ ငါ ဆိုတာကရော ဘယ်သူလဲ၊ ငါ့တစ်ကိုယ်လုံးလဲ ချုပ်ရိုးရာတွေနဲ့ပါလား"

ကျုံးဘေးတွင်ပင် မှောင်ရီပျိုးသည်အထိ ခိုအောင်းနေခဲ့ရသည်။ မှောင်လာမှ မောရစ် ထွက်လာခဲ့သည်။ သွားရင်းလာရင်း. . လှည်းတစ်စီးပေါ်မှ ခမောက်တစ်လုံးကို ဆွဲယူဆောင်းခဲ့၏။

ထိုအခါကျမှ သူသွားရလာရတာ စိတ်လုံခြုံမှု ရသွားသည်။ လျှောက်လာရင်း ဝမ်းဟာလာပြန်၏။ တစ်နေ့လုံး အကြော်ဆယ်ခုလောက်သာ စားခဲ့ရသည်မဟုတ်လား။ လျှောက်လာရင်း မန္တလေးမြို့စွန်မှ ရွာတစ်ရွာသို့ရောက်လာသည်။ ရွာအဝင်နတ်ကွန်း အရောက်တွင် နတ်တင်ထားသော စားသောက်ဖွယ်ရာများကို တွေ့လေ၏။

မောရစ် နတ်စင်မှဆွမ်းပွဲကို အငမ်းမရယူငင်စားသောက်ပစ်လိုက်သည်။ မုန့်ဆန်းတစ်ပွဲ၊ ငှက်ပျောသီးနှစ်လုံးက. . ကျေနပ်လောက်စရာ မဟုတ်သော်လည်း ဝမ်းမီးတော့ အနည်းငယ်ငြိမ်သွားသည်။

ရေအိုးစင်မှ ရေတစ်မှုတ်သောက်လိုက်သည့်အခါ အတော်လေးနေသာထိုင်သာ ရှိသလိုဖြစ်လာ၏။ သို့နှင့် ရွာထဲသို့မဝင်တော့ဘဲ ရွာပြင်မှ ပတ်လျှောက်လာခဲ့သည်။ ရွာစွန်မှ ခြံကြီးတစ်ခုအတွင်း



www.burmeseclassic.com

www.burmeseclassic.com



တွေ့သည့်ကောက်ရိုးပုံတွင် တစ်နေ့တာခရီးစဉ်ကို အဆုံးသတ်ဖို့ . . ဆုံးဖြတ်လိုက်၏။

ဒီလိုရုပ်ကြီးနှင့် လူ့လောကမှာ ဘယ်လိုဆက်လက်ရှင်သန်နေထိုင်ရမှန်းမသိ ဖြစ်နေရသည်။ သူ ဘယ်သူလဲ၊ ဘာဖြစ်လို့ဒီလိုရုပ်မျိုးဖြစ်နေရတာလဲဆိုတာ တွေးကြည့်သည်။ ရေရေရာရာ အဖြေကိုတွေးတော၍မရဘဲ ခေါင်းကိုက်လာတာသာ အဖတ်တင်သည်။

မောရစ် စိတ်လျှော့လိုက်ပြီး ကောင်းကင်ကိုမော့ကြည့်ကာ ကြယ်တွေကို ရေတွက်နေလိုက်သည်။ ကြယ်အလုံးရေ ရှစ်ထောင်အထိ ရေတွက်အပြီး၌ မောရစ် အိပ်မောကျသွားလေတော့၏။







# အခန်း (၁၁)

ဘမှန် မြန်မာဘုန်းကြီးကျောင်းတစ်ကျောင်းတွင် ညအိပ်တည်းခိုပြီး မနက်လင်းသည်နှင့် မောရစ်အား အရှာထွက်ရသည်။ တောမီးပမာ တစ်မြို့လုံးပျံ့နှံ့နေသော သတင်းစကားက . . ဘီလူးကြီးတစ်ကောင် မြို့ထဲမှာ သောင်းကျန်းနေသည်တဲ့ . .

ထိုသတင်းကြားရာ နေရာတိုင်းသို့ ဘမှန် စုံစမ်းရှာဖွေသည်။ သတင်းစကားမှအပ လူကိုမတွေ့ရ။ ဟိုဘက်ရပ်ကွက်မှာ တွေ့လိုက်

www.burmeseclassic.com



ပြန်ပြီ၊ ဒီဘက်ရပ်ကွက်မှာ တွေ့လိုက်ပြန်ပြီ၊ ဈေးနားက ဖြတ်သွားပြန်ပြီနှင့် သတင်းသဲ့သဲ့ကြားရာကို အပြေးအလွှားလိုက်သည်။

သို့သော် မတွေ့။ ကြာတော့ ဘမှန်မောလာ၏။ ရှာဖို့ကိစ္စ လက်လျှော့ချင်လာသည်။ သူ့ပယောဂနှင့် လူပြန်ဖြစ်နေသည့် ဒေါက်တာ့အခြေအနေကို သူစစ်ဆေးလိုသည်။ ဦးနှောက်မှတ်ဉာဏ်တွေကောင်းသလား၊ သူ့ကိုယ်သူသိသလား၊ မိတ်ဆွေများကို မှတ်မိသလား၊ ကျန်းမာရေး အခြေအနေဘယ်လိုလဲ စသည်ဖြင့် စေ့စေ့ငငဘမှန် သိချင်နေသည်။ ဤမျှလောက် အရေးကြီးသည့် သိပ္ပံစမ်းသပ်မှုကြီး၏ရလဒ်ကို ဘမှန်အရမ်းပင် သိချင်နေသည်။

ဒေါက်တာ့အခြေအနေကောင်းပါမှ နောက်ထပ်စမ်းသပ်မှုတွေနှင့် လူတို့၏အသက်ကို ဆွဲဆန့်နိုင်မည်ဖြစ်၏။ ထို့ကြောင့် ဘမှန်အတွက် ဒေါက်တာမောရစ်အား ပြန်တွေ့ဖို့က အရေးကြီးဆုံးကိစ္စဖြစ်လို့နေသည်။

သူ့ကိုမတွေ့လျှင် မချမ်းသာသို့ မပြန်တော့ဟုပင် ဆုံးဖြတ်မိ၏။ ခဏတဖြုတ်နား၊ အာဟာရဖြည့်ပြီးသည်နှင့် စုံစမ်းရှာဖွေမှုကို ပြန်လည်စတင်လိုက်သည်။ လူစုစုရှိရာ စကားဝိုင်းတိုင်းသို့ ဝင်ရောက်စနည်းနာသည်။

လူတွေကလည်း တစ်စိပ်ကိုတစ်အိတ်လုပ်ကြ၏။ နားစွန်နားဖျားကြားရုံနှင့် ချဲ့ကားကာ အလွန်အကျွံပြောဆိုကြသည်။ ထို့အတွက် မောရစ်မှာ လွန်စွာဆိုးသွမ်းပြီး ကြမ်းကြုတ်ရက်စက်သော. . ဘီလူးကြီးတစ်ကောင် ဖြစ်နေတော့၏။

သို့သော် မျက်မြင်တွေ့သူကနည်းပြီး ဆင့်ပွားစကားနှင့်မြင်တွေ့သလို ဟန်ဆောင်ပြောသူတွေက များနေသည်။





နေ့ခင်းလောက်တွင် တောင်သမန်အင်းအနီး ဘီလူးကြီးကို တွေ့လိုက်သည်ဟု သတင်းကြားရပြန်သည်။

ဘမှန် မြင်းလှည်းငှားကာ အမြန်လိုက်သွားခဲ့၏။ အမရပူရ လမ်းခွဲအရောက်မှာပင် လူအုပ်ကြီးကိုတွေ့ရသည်။ တုတ်၊ ဓား လက်နက်များ ကိုင်ဆောင်ထားကြသော လူအုပ်ကြီးထဲမှ တစ်ယောက်က 'မျက်နှာမှာချုပ်ရိုးတွေနဲ့ဗျ၊ ဆံပင်လည်းတစ်မွှေးမှ မရှိဘူး၊ ထောင်ထောင်မောင်းမောင်း ထွားထွားကျိုင်းကျိုင်းနဲ့ အင်္ကလိပ်တွေဝတ်တဲ့ တုတ်အကျီအရှည်ကို ဝတ်ထားတယ်၊ ဘီလူးမဟုတ်ပေမယ့်. . လူလည်းမဖြစ်နိုင်ဘူး'ဟု ပြောနေလေသည်။

ထိုင်းဘုရင်၏ ဂူသချိုင်းရှိသော လင်းဇင်းရွာဘက်သို့ ပြေးဝင်ပျောက်ကွယ်သွားသည်ဆိုသည့် သတင်းများကိုလည်း ကြားရသည်။ မန္တလေးတွင် ဘီလူးပေါ်နေသည့်သတင်းကြောင့် ပုလိပ်များနှင့် ဂေါ်ရခါးစစ်သားများ ရောက်လာကာ တောနင်းရှာဖွေဖို့ စီစဉ်နေကြသည်။

ထိုအုပ်စုထဲမှ ဌာနာအုပ်တစ်ယောက်၏ စကားကြောင့် ဘမှန် စိတ်ပူသွားသည်။ ထိုဌာနအုပ်က စိန့်ပေါ့ကျောင်းမှ ပရော်ဖက်ဆာဒေါက်တာတစ်ယောက် အသတ်ခံရကြောင်း၊ သတ်သူမှာ ခရစ်ယာန်ဘုန်းကြီးဖြစ်ကြောင်း၊ ဒေါက်တာ၏ ထာဝရ အသက်တည်တံ့မှုသုတေသနလုပ်ငန်းသည် ခရစ်တော်၏အဆုံးအမများနှင့် ဆန့်ကျင်နေသည့်အတွက် မခံမရပ်နိုင်ဖြစ်ကာ. . သတ်ပစ်လိုက်ခြင်းဖြစ်ကြောင်း၊ ထိုလူသတ်သမားဘုန်းကြီးကိုလည်း ကြိုးပေးကွပ်မျက်ထိုက်ပြီဖြစ်ကြောင်း၊ သို့သော်. . ဒေါက်တာနှင့် ကြိုးပေးခံရသောဘုန်းကြီး၏အလောင်းတို့မှာ ထူးဆန်းစွာပျောက်ဆုံးနေကြောင်း၊



www.burmeseclassic.com

ထို့ပြင် . . ဒေါက်တာ၏ လက်ရင်းတပည့် ကျောင်းသားတစ်ယောက် ပါ ပျောက်ဆုံးနေ၍ ပုလိပ်အဖွဲ့ကြီး အလုပ်ရှုပ်နေကြောင်းများ ပြော သွားသေးသည်။

အခြေအနေက မိမိကိုပါ ရှာဖွေနေကြပြီဖြစ်ကြောင်း သိရ၍ ဘမှန် ခြေရာဖျောက်ရန် ဆုံးဖြတ်ရတော့သည်။ ပြန်လည် အသက် ဝင်လာသော ဒေါက်တာမောရစ်အား သံယောဇဉ်မကုန်သေးသော် လည်း ရှာဖွေကူညီဖို့ အခြေအနေက မပေးတော့။

သူ ကိုယ်တိုင်ပင် ပုလိပ်တို့၏ ရှာဖွေခြင်းကို ခံနေရပြီဖြစ် သည်။ ထို့အတွက် ဘမှန် မန္တလေးမြို့မှ ထွက်ခွာဖို့သာ ဆုံးဖြတ်လိုက် ရတော့၏။









# အခန်း (၁၂)

ပင်ပန်းလှပြီ၊ မောလှပါပြီ၊ အကြင်နာတရားကင်း သော၊ ရက်စက်ကြမ်းကြုတ်သော လူတွေက သူ့ကိုအမိဖမ်းကာ အ သေသတ်ရန် အားထုတ်နေကြသည်။ စားစရာနေစရာမရှိ တကယ့် တိရစ္ဆာန်လိုဘဝမျိုး သူရောက်နေရသည်။ အစားလေးတစ်လုပ်အ တွက် အရိုက်အပုတ် အထုအထောင်းခံရသေးသည်။ ဒီလို ကံဆိုး မိုးမှောင်ကျသည့်ဘဝကို ဘာကြောင့်များ သူရောက်ခဲ့ရသလဲ။

မောရစ်စဉ်းစားမရ ဖြစ်နေလေ၏။



www.burmeseclassic.com

တောအုပ်ထဲမှအထွက်၊ လွင်ပြင်ကျယ်နှင့် လယ်ကွင်းများကို မြင်နေရ၏။ ဟိုးအဝေးတစ်နေရာမှာ လယ်တဲလေးတစ်လုံး၊ ထိုတဲမှ မီးခိုးတလူလူလွင့်နေ၏။ တဲနှင့် မီးခိုးတွေ့နေရခြင်းက လူရှိသည့် အထိမ်းအမှတ်တစ်ခုပင် မဟုတ်ပါလား။

မောရစ် စပါးပင်များကို အကာအကွယ်ယူကာ ထိုတဲဆီသို့ တရွေ့ရွေ့ ချဉ်းကပ်သွား၏။ မလှမ်းမကမ်းအရောက်တွင် ရပ်ပြီး အသေအချာ နားစွင့်ကြည့်သည်။ လူသံသူသံ လုံးဝမကြားရ၊ သူ အားတက်သွားကာ ထိုတဲနားသို့ အရောက်သွားတော့သည်။

တဲနားအရောက်တွင် ထရံပေါက်မှအထဲသို့ ချောင်းကြည့်လိုက်၏။ အဘိုးကြီးတစ်ယောက် လှဲလျောင်းနေတာ တွေ့ရလေသည်။ ထို့ကြောင့် အတင့်ရဲပြီး တဲဘေးမှပတ်ကာ တဲနောက်ဘက်သို့ လာခဲ့လိုက်သည်။ မီးဖိုမှ မီးခိုးတလူလူ ထွက်နေတာတွေ့၏။ ကြည့်လိုက်တော့ အခွံတွေတူးနေသော ကန်စွန်းဥတွေကိုမြင်ပြီး ဝမ်းသာသွားသည်။ မောရစ် ဝါးချွန်တစ်ချောင်း ကောက်ယူ၍ ကန်စွန်းဥများကို တံစို့ထိုးကာ သီလိုက်သည်။

ကန်စွန်းဥသုံးလုံးသီပြီး တခြားစားစရာရှိမရှိ လှန်လှော ရှာကြည့်ပြန်သည်။ အိုးတွေခွက်တွေ လှန်ကြည့်မိရာ ထမင်းကြမ်း တစ်ခဲကိုသာ တွေ့ရ၏။ ဘာပဲဖြစ်ဖြစ် ဆာလောင်လှပြီမို့ ကောက်ယူ စားလိုက်သည်။ ဟင်းမပါ ဆားမပါနှင့် အဖြူထည် ထမင်းခဲကပင် နတ်သုဒ္ဓါတမျှ အရသာရှိနေလေ၏။ ဘီလူးကြီးမောရစ် ရှာဖွေစား သောက်နေရင်း အသံမြည်သွားလေသည်။

"ဂလုံ!. . ဂလွမ်!. . "

"ဟော့ ကျောက်ခဲလား၊ မင်းတို့ပြန်ရောက်လာပြီလားဟော့"





အိမ်ထဲမှ အဘိုးကြီး လှမ်းမေးသည့် အသံကြောင့် မောရစ် ပျာယာခတ်သွားသည်။ စားလက်စထမင်းခဲနှင့် ကန်စွန်းဥသီတံကို ယူကာ နောက်ကြောင်းပြန်လှည့်ခဲ့သည်။ သူတောစပ်သို့ အပြေးပြန် လာခဲ့၏။

တောစပ်အရောက်တွင် တောင်ခြေအနီး ခင်တန်းထဲမှ မိသားစုတစ်စု ထွက်လာတာ လှမ်းမြင်ရသည်။ သက်လတ်အရွယ် စုံတွဲတစ်တွဲနှင့် ဆယ်နှစ်သားခန့် ကောင်လေးတစ်ယောက်တို့ ဖြစ်သည်။ သူတို့ စောစောကလယ်တဲဆီ သွားနေကြ၏။ တဲထဲ၌အိပ်နေသော အဘိုးကြီး၏ မိသားစုဝင်များ ဖြစ်ပေလိမ့်မည်။

ဘယ်သူတွေပဲဖြစ်ဖြစ် ဒီနေ့အတွက် သင့်တင့်သည့်အစာ ရလာပြီမို့ သူခိုအောင်းရာဂူဆီသို့ ပြန်လာခဲ့တော့၏။

တစ်ထွာလောက်ရှိသည့် ကန်စွန်းဥသုံးလုံးကို ချွေတာစားလျှင် ညစာအထိတော့ လုံလောက်မည်ဟုတွေးပြီး ဘီလူးကြီးမောရစ် ကန်စွန်းဥအခွံကို နွှာနေလိုက်တော့၏။





www.burmeseclassic.com



# အခန်း (၁၃)

နောက်တစ်နေ့တွင် မောရစ် ဝရီယရှိစွာ တောစပ်သို့ထွက်ကာ လယ်တဲအား စနည်းနာသည်။ ထုံးစံအတိုင်း လူလတ်ပိုင်းဇနီးမောင်နှံနှင့် သားငယ်တို့ တောထဲဝင်သွားကြပြန်သည်။ ဆက်လက်စောင့်ကြည့်နေစဉ်မှာပင် တဲထဲမှ အဘိုးကြီးထွက်လာ၏။ တောင်ဝှေးတစ်ချောင်းနှင့် ဟိုစမ်းဒီစမ်း စမ်းနေသည်မို့ မျက်မမြင်တစ်ယောက်မှန်း သိလိုက်ရသည်။

အဘိုးကြီးက တဲရှေ့ကွပ်ပျစ်မှာထိုင်ရင်း ခါးကြားမှ ပလွေ





ကိုထုတ်ကာ မှုတ်နေသည်။ သာယာနာပျော်ဖွယ်ကောင်းသည့် လေမှုတ်ဂီတသံကြောင့် မောရစ် လွမ်းသလိုလိုဖြစ်သွားသည်။

ကိုယ့်ကိုယ်ကိုယ် ဘယ်သူမှန်းမသိသည့် လူတစ်ယောက်က ဘယ်သူ့ကို ဘယ်လိုလွမ်းရမှန်း မသိသည်မို့ လွမ်းစိတ်တွေ ဘေးချိတ်ပြီး ဝမ်းရေးအတွက် တဲဆီသို့လှမ်းလာခဲ့၏။

အဘိုးကြီးမသိအောင် ခြေသံလုံလုံနင်းကာ တဲနောက်ဘက်ဆီသို့ ချွတ်နင်းလျှောက်လာခဲ့သည်။ မီးဖိုနား၌ စားစရာရှာသည်၊ ဒီနေ့တော့ မောရစ်ကံမကောင်း၊ အဆင်သင့် စားလို့သောက်လို့ရတာ ဘာတစ်ခုမှမတွေ့။ ဗိုက်ဆာလှပြီမို့ နေရာအနှံ့ ရှာဖွေကြည့်မှ ကြပ်ခိုးစင်ပေါ် ကြပ်တိုက်ထားသည့် အသားနှစ်မျှောင်းကို တွေ့တော့သည်၊ ထိုအသားမျှောင်းကိုယူကာ မောရစ် ပြန်လာခဲ့၏။

"ဖျောက်!. ."

သစ်ကိုင်းခြောက်တစ်ခုကို နင်းမိပြီး အသံမြည်သွား၏။

နားပါးလွန်းသော မျက်မမြင်အဘိုးကြီးက ထိုအသံကို ကြားသွားသည်ထင်၏။

"ဟေ့. . ဘယ်သူလဲ"

မောရစ် ပြန်မဖြေဘဲ ခြေသံလုံလုံနင်းကာ ထွက်ပြေးတော့သည်။

"ဟိတ်. . မေးနေတယ်လေ"

အဘိုးကြီး ဘယ်လိုမေးမေး မောရစ်က သူ့ခိုအောင်းရာဂူဆီ ပြန်ရောက်သွားခဲ့ပြီ။ ထိုနေ့က မောရစ်မှာ ဘီလူးပီသစွာပင် အသားကျပ်တိုက်အား အစိမ်းစား၍ အာသာဖြေရတော့၏။

ထိုညက မောရစ် တော်တော်နှင့် အိပ်မပျော်၊ အထီးကျန်



www.burmeseclassic.com

www.burmeseclassic.com



ဆန်လွှန်းသည့်သူ့ဘဝကို သူတွေးပြီး ဝမ်းနည်းကြေကွဲနေရှာသည်။ အိပ်မပျော်သည့်အတူတူ ဂူထဲကထွက်ကာ လမ်းလျှောက်ခဲ့သည်။ ထိုအခါလယ်တဲမှ မီးရောင်ကို လှမ်းမြင်လိုက်ရ၏။ ထိုတဲဆီ မောရစ် လျှောက်လာခဲ့ပြန်သည်။

ထရံကြားမှခြောင်းကာ အထဲသို့လှမ်းကြည့်သည်။ ရေနံဆီမီးခွက် အလင်းရောင်ကြောင့် တဲအတွင်း မြင်ကွင်းကို ရှင်းရှင်းလင်းလင်း မြင်နေရသည်။ အထဲ၌ မိသားစု ဝိုင်းဖွဲ့စကားပြောနေကြ၏။

"စားစရာတွေပျောက်ပျောက်သွားတာ မရိုးဘူးအဘရဲ့၊ လူသူခိုးဆိုရင် ပြဿနာမရှိပေမယ့်၊ တောကောင်တွေဆို ဒုက္ခပဲ၊ အဘက မြင်ရတာမှမဟုတ်တော့ ကျွန်တော်စိုးရိမ်မိတယ်ဗျ"

"လူပဲဖြစ်ပါလိမ့်မယ် အဘကို အန္တရာယ်မှမပေးတာ"

"အင်းလေ ဒီမှာလည်း အဖိုးတန်တာ ဘာမှမရှိတာ"

တဲအတွင်းမှ မိသားစုဘဝကို သူအားကျစွာဖြင့် ထရံပေါက်မှ ငေးနေမိ၏။

"အင်း. . ယာခင်းထဲက မုန်လာဥတွေ တစ်ရက်နှစ်ရက်အတွင်းဖော်မှဖြစ်တော့မှာ အတော်ရင့်နေပြီ၊ အချိန်မီ မဖော်နိုင်ရင် ပုပ်ကုန်လိမ့်မယ်၊ မြေငှားခပေးဖို့ ချစ်တီးကုလားက ငါးရက်ပဲစောင့်နိုင်တော့မယ်တဲ့၊ မပေးနိုင်ရင် ကျုပ်တို့ကို ဒီမြေပေါ်ကမောင်းထုတ်တော့မှာ. ."

"လူငှားပြီး ဖော်လိုက်ပါလား သားရယ်"

"ငှားချင်တာပေါ့ အဘရာ၊ ဒါပေမဲ့ အဲဒါတွေဖော်ပြီးရောင်းမှ ပိုက်ဆံရမှာလေ၊ လူငှားခက ချက်ချင်းရှင်းရမှာ ကျုပ်မှာပေးစရာ ပိုက်ဆံမရှိဘူးဗျ၊ အခုက သားလေးရော ကျုပ်တို့လင်မယားပါ တစ်





နေကုန်ဖော်နေရတယ်၊ ကျုပ်တို့ အားလုံးရဲ့လက်တွေလည်း ပေါက်ပြဲနေပြီ အဘရယ်"

ကျောက်ခဲဆိုသူက သူ့လက်ဝါးတွေကိုကြည့်ရင်း စိတ်ပျက်လက်ပျက်ပြောနေရှာသည်။

"အင်း ဒုက္ခပါပဲကွာ၊ အဖေကလည်း မမြင်မစမ်းနဲ့ဆိုတော့

ထိုမိသားစုမှာ အခက်အခဲတွေရှိနေသည်ဆိုတာ သိရတော့ မောရစ် စိတ်မကောင်းဖြစ်သွား၏။ ကူညီရအောင်ကလည်း သူ့မှာ ပိုက်ဆံတစ်ပြားမှမရှိ၊ ဒီမိသားစုထံမှ မဝရေစာ ခိုးစားခွင့်ရနေ၍ သူအသက်ဆက်ရှင်နေရခြင်း ဖြစ်သည်။ ထို့ကြောင့် ထိုမိသားစု တစ်နည်းနည်းနှင့် ကူညီပေးချင်စိတ်ပေါ်လာ၏။

"အင်း သိပ်လည်းပူမနေပါနဲ့ သားရယ်၊ လူမစွမ်းတော့ နတ် မပါလိမ့်မယ်ကွယ် ဟုတ်ပြီလား၊ ဘုရားဂုဏ်တော်တွေသာ မပြတ် ရွတ်နေပေါ့"

မျက်မမြင် အဘိုးကြီးက သားကို အားပေးစကားပြောရှာ သည်။ သို့သော် ဘယ်သူမှ စိတ်ဓာတ်တက်ကြွမလာကြ။ မောရစ် လည်း စိတ်မသက်မသာနှင့် သူ့ဂူရှိရာသို့ ပြန်လာခဲ့တော့၏။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၄)

မှောင်ထဲ အလင်းရောင်ပျပျ ဝင်လာသည်နှင့်. . မောရစ် အိပ်ရာမှ နိုးလာခဲ့သည်။ သူ ကမန်းကတန်းထကာ တောစပ်သို့ထွက်လာခဲ့၏။ ဝန်းကျင်မှာတော့ ကျေးငှက်တိရစ္ဆာန်ပေါင်းစုံတို့၏ မြူးတူးပျော်ပါးသံတို့နှင့် ဆူညံဝေစည်လို့နေသည်။ နေထွက်ပြူစမှာပင် လယ်တဲမှမိသားစု တောင်းရွက်ပြီးထွက်လာကြတာ လှမ်းမြင်ရ၏။

ထိုမိသားစု သွားရာနောက်သို့ မောရစ် နောက်ယောင်ခံလိုက်လာခဲ့သည်။ မိသားစုက တောင်ခြေအနီးယာခင်းမှ မုန်လာဥများနှုတ်ဖို့ လာခဲ့ကြခြင်းဖြစ်သည်။ ယာခင်းက (၃)ဧကခန့်ရှိ၏။





လင်မယားနှစ်ယောက်နှင့် ကလေးငယ်တစ်ယောက် လုပ်အားဖြင့် လုပ်လို့ပြီးပါ့မလား။ ရောက်မဆိုက်ပင် လင်မယားနှစ်ယောက် အားကြိုးမာန်တက် မုန်လာဥတွေ နှုတ်သည်။ ကလေးလည်းမနေသာ၊ ဝိုင်းကူရ၏။ မောရစ် ဘာလုပ်ရမလဲဆိုတာ ဦးနှောက်က အလိုလို နားလည်သွား၏။

"ဝူး!. . အူး!. . အူး!. . ဝေါင်း!. ."

မောရစ်က ရင်ခေါင်းအသံကြီးနှင့် ဗြော်ဟစ်ပြီး တောစပ်မှ အပင်များကို လှုပ်ခါလိုက်သည်။ ထိုသို့ နှစ်ခါပင်မလုပ်ရ၊ လင်မယား နှစ်ယောက် ကလေးကိုထမ်းပြီး ပြေးကြလေတော့သည်။

ထိုအခါမှ မောရစ်လည်း ယာခင်းထဲဝင်ကာ သွက်လက်စွာ လှုပ်ရှားတော့၏။ မုန်လာဥများကို ဆွဲနှုတ်သည်။ အားခွန်ဗလ ကောင်းကောင်းနှင့် မနားတမ်း အလုပ်လုပ်လိုက်ရာ တစ်နာရီခန့်နှင့်ပင် မုန်လာဥ စိုက်ခင်းအကုန် နှုတ်ပြီးသား ဖြစ်သွားသည်။

ဘီလူးကြီးမောရစ် ခဏထိုင်နားလိုက်၏။ ယာခင်းရှင်လင်မယားတို့ကျန်ခဲ့သော တောင်းလေးထဲ စားစရာပါနိုးနှင့် ရှာကြည့်ရန် စိတ်ကူးနေစဉ် လူသံများကြားရလေသည်။ သို့နှင့်မရှာနိုင်တော့ဘဲ တောင်းကိုယူကာ တောစပ်သို့ဝင်၍ ကိုယ်ယောင်ဖျောက်လိုက်ရသည်။

ယာခင်းရှင် လင်မယားက လူလေးငါးယောက်အကူခေါ်၍ ဓား၊ လှံလက်နက်များဖြင့် ပြန်ရောက်လာခြင်းဖြစ်သည်။ ယာခင်းထဲ ရောက်၍ မုန်လာဥများအားလုံး နှုတ်ယူပြီးဖြစ်နေတာမြင်တော့ အံ့ဩဝမ်းသာမဆုံး ဖြစ်ကြရသည်။

"ဘယ်သူလုပ်သွားတာလဲ"

www.burmeseclassic.com



"ဟုတ်ပတော် တောကောင်ဝင်ပြီး ဖျက်ဆီးသွားတာ မဟုတ်ဘူး၊ အသေအချာနှုတ်ပေးသွားတာ"

"ကိုကျော်ကြက်ခဲ ခင်ဗျားတော့ အလုပ်သမားခ သက်သာသွားပြီဗျ"

"ဒါတွေသယ်ဖို့တော့ ကျုပ်တို့ ကူညီပါ့မယ်ဗျာ"

"ကျေးဇူးကြီးပါပေ့ဗျာ၊ လုပ်. . လုပ် ဒီညစာအတွက် ကျုပ်ကြက်နှစ်ကောင်ချက်ပြီး ထမင်းကျွေးပါ့မယ်"

"အဲဒါ အဘိုးပြောသလို လူမစွမ်းလို့နတ်မတာ ဖြစ်ရမယ်၊ နတ်သားလာပြီး ကူလုပ်ပေးသွားတာ"

ကလေးငယ်၏စကားကြောင့် လူကြီးတွေ ပွဲကျသွားသည်။ ထိုလူအုပ် မုန်လာဥများကို ပျော်ပျော်ပါးပါး သယ်ယူနေကြတော့၏။ ထိုအဖြစ်ကို လှမ်းကြည့်နေသော မောရစ်လည်း လွန်စွာပီတိဖြစ်သွားလေသည်။ သို့နှင့် သူ့ဂူဆီသို့ တိတ်တဆိတ် ပြန်လာခဲ့သည်။

ဂူထဲရောက်မှ တောင်းထဲပါသမျှကို ဖွင့်ကြည့်၏။ ထမင်းတစ်အိုးနှင့် ငါးကလေးအိုးကပ် ခြောက်ကောင်ခန့်ပါသော ဟင်းတစ်အိုးအပြင် ရေနွေးကြမ်းတစ်အိုးပါ ပါလာသည်မို့ မောရစ်အတွက် အတော်အဆင်ပြေသွားသည်။

ညဘက်တွင် ရှိတာလေး ချွေတာစားသောက်ပြီး. . လမ်းလျှောက်ထွက်ခဲ့ပြန်သည်။ သူ့ခြေလှမ်းတွေက လယ်တဲဆီသို့ပင် ဦးတည်နေ၏။ တဲနားကပ်၍ ချောင်းကြည့်သည်တွင် မိသားစုနှင့်အတူ နေ့ခင်းကကူညီခဲ့သူတွေ ဝိုင်းဖွဲ့စားသောက်နေတာ တွေ့ရသည်။

"အကောင်မမြင်ရပေမယ့် တောကောင်ဆိုတာ သေချာပါတယ်"





"တောကောင်က မုန်လာဥကို လူလိုနှုတ်တတ်ပါ့မလား"

"ဘာပဲပြောပြော သီးနှံတွေ အကောင်းအတိုင်း ရလိုက်တာကံကောင်းတာပဲဗျို့"

သူတို့လည်း ဘီလူးကြီးမောရစ်၏ အကူအညီအတွက် ဝမ်းသာကြသော်လည်း ဘယ်သူဘယ်ဝါဆိုတာ မသိရသည်က ပဟေဠိတစ်ခုလို ဖြစ်နေသည်။ ထိုစဉ် ကလေးက ဇလုံတစ်ခုထဲ ထမင်းဟင်းများ ပုံထဲ့နေလေ၏။

"သား မင်းစားပြီးပြီ မဟုတ်လား၊ ဒါက ဘာလုပ်ဖို့လဲ"

"ဒါ မုန်လာဥနှုတ်ပေးတဲ့ နတ်သားအတွက်လေ ဖေဖေရဲ့"

ကလေး၏ အပြောကိုသဘောကျပြီး လူကြီးတွေ ရယ်ကြသည်။ ကလေးက ထမင်းဇလုံနှင့် အိမ်ပြင်ထွက်လာ၏။ သစ်ငုတ်တိုတစ်ခုပေါ် ထိုဇလုံကိုတင်ပြီး. .

"မုန်လာဥတွေနှုတ်ပြီး ကူညီခဲ့တဲ့ နတ်သားကြီး ထမင်းလာစားပါဗျို့"

ထိုသို့ပြောပြီး အိမ်ထဲပြန်ဝင်သွား၏။ မောရစ် ဝမ်းသာသွားသည်။ ဒီထမင်းဇလုံက သူ့လုပ်အားအတွက် ပြန်ရသော ထိုက်ထိုက်တန်တန် ထမင်းတစ်ပွဲသာ ဖြစ်သည်။ သို့နှင့် မောရစ်လည်း ဇလုံကို ထွက်ယူကာ ဂူဆီသို့ပြန်ပြေးတော့၏။ ထမင်းဇလုံပျောက်သွား၍ ထိုမိသားစု ဘယ်လိုဖြစ်ကျန်ခဲ့မလဲဆိုတာ မောရစ် စောင့်ကြည့်မနေတော့. . .။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၅)

တစ်ဦးနှင့်တစ်ဦး မမြင်ဘူးကြပဲ ယာခင်းမိသားစုနှင့် ဘီလူးမောရစ်တို့ ခင်မင်ရင်းနှီးနေကြပြီဖြစ်သည်။ မောရစ်က စိုက်ခင်းအလုပ်တွေကို လူမသိအောင် ညဘက်မှကူလုပ်ပေးသည်။ ထိုမိသားစုက အနီးအနား၌ စားစရာတွေ ချထားပေးလေ့ရှိသည်။ မြေဂွားခကိုလည်း မုန်လာဥတွေရောင်းကာ သူတို့ဆပ်နိုင်သွားခဲ့ပြီ။

တစ်နေ့၌ သူ့ကုတ်အင်္ကျီအိတ်ထဲမှ စာအုပ်တစ်အုပ်ကို အမှတ်မထင် စမ်းမိသွားသည်။ ထုတ်ယူကြည့်ပြီး. . အထဲကစာတွေ ရုပ်ပုံတွေကို ကြည့်ရှုရင်း နားလည်အောင်ကြိုးစားသည်။ အကြောင်းအရာတွေရဲ့ အဓိပ္ပာယ်ကိုတိတိကျကျ နားမလည်နိုင်ဖြစ်နေ၏။ ထိုမှတ်တမ်းကိုရေးသားသူက ဘမှန်(မချမ်းဘော)ဟုရေးထား၏။

စာအရေးအသားတွေက ရှုပ်ထွေးပြီး အကြောင်းအရာတွေတလည်း နက်နဲသဖြင့် ဘီလူးမော့ရစ် တစ်လုံးချင်းပေါင်းဖတ်ကာ အဖြေရှာကြည့်သည်။

ဘာကိုမှ ရေရေရာရာ နားမလည်သဖြင့် စာအုပ်ကို ကိုင်ပေါက်ပစ်လိုက်၏။ ခေါင်းကိုက်လာ၍ အနားယူရန် လှဲအိပ်လိုက်သည်။ ဘမှန်(မချမ်းဘော) ဆိုသည့်နာမည်ကို အမှတ်ရအောင် ရေရွတ်ရင်း ဦးနှောက်တွေ ချာချာလည်လာသည်။

ထိုစဉ် ပလွေသံသဲ့သဲ့ ကြားမိသည်။ ဒါ မျက်မမြင်အဘိုးကြီးမှုတ်တာဖြစ်ကြောင်း မောရစ်သိသည်။ သူ့ရုပ်သွင်ကို မမြင်နိုင်သောလူတစ်ယောက်နှင့် စကားပြောကြည့်ချင်စိတ်ဖြစ်လာ၏။

စိတ်ခံစားမှုအတိုင်း လုပ်ကြည့်ရန် မောရစ်ဂူထဲမှ ထွက်လာခဲ့သည်။ မျက်မမြင်အဘိုးအိုက အိမ်ရှေ့ကွပ်ပျစ်၌ထိုင်ကာ ပုလွေမှုတ်လို့နေသည်။ သူ ခြေသံမကြားအောင်လျှောက်ရင်း တရွေ့ရွေ့တိုးကပ်သွားသည်။ ထိုစဉ်မှာပင် အဘိုးကြီးက ပုလွေကိုချပြီး တောင်ဝှေးကို ကောက်ယူလိုက်သည်။ သူ့ပုံစံက အန္တရာယ်အနံ့အသက်တစ်ခုခုကို ရလိုက်သလိုမျိုး. . .

မောရစ်လည်း သူလာတာသိပြီး အဘိုးကြီးကြောက်လန့်သွားတာမြင်ရတော့ စိတ်မကောင်းဖြစ်မိ၏။ သို့သော် သူ့အထင်မှားကြောင်း ချက်ချင်းပင်သိလိုက်ရသည်။ ဘယ်ကဘယ်လိုရောက်လာမှန်းမသိသော တောခွေးနှစ်ကောင်က အစာအလို့ငှာ အဘိုးကြီး







www.burmeseclassic.com

www.burmeseclassic.com



အားကိုက်ရန် ဝိုင်းလာနေသည်။

ထိုဖြစ်ရပ်ကြောင့် ဘီလူးမောရစ် စိုးရိမ်သွားကာ ထိုနေရာသို့ တစ်ဟုန်ထိုး ပြေးဝင်သွားသည်။ အဘိုးအိုကို လှမ်းဆွဲဖို့ ဟန်ပြင်နေသည့် တောခွေးတစ်ကောင်အား ကန်ထုတ်လိုက်၏။ တဂိန်ဂိန်တအီအီအော်ကာ တောခွေး ဆန့်ငင်ဆန့်ငင် ဖြစ်သွားသည်။

နောက်တစ်ကောင်က မောရစ်၏လည်မျိုကို ခုန်အုပ်သည်။

မောရစ်က တောခွေး၏ လည်ပင်းကိုဆီးဖမ်းကာ လိမ်ချိုး၍ မြေကြီးနှင့် ကိုင်ရိုက်ပစ်လိုက်၏။ ဂီးခနဲ အသံတစ်ချက်ပဲထွက်ကာ ငြိမ်သက်သွားတော့သည်။ အဘိုးအိုလည်း တောင်ဝှေးနှင့် တစမ်းစမ်းလုပ်ရင်း. . .

"ဘယ်သူ. . ဘယ်သူလဲ၊ အနားမှာ လူတစ်ယောက်ရောက်နေတယ်မဟုတ်လား"

မောရစ် ဘာမှပြန်မဖြေ. .

"ဘယ်သူလဲ ယာထဲကအလုပ်တွေ အမြဲကူညီနေတဲ့ နတ်သားလား"

စကားစမြည်ပြောမည် စိတ်ကူးနှင့်လာခဲ့သော မောရစ် မပြောဘဲမနေနိုင်တော့၊ ထို့ကြောင့် အသံသြသြကြီးနှင့် စကားပြန်လိုက်သည်။

"ဟုတ်တယ်. . အဘ"

"ကျေးဇူးတင်လိုက်တာကွယ်. . တောခွေးတွေက သိပ်ကြောက်ဖို့ကောင်းတာ အဘအသက်ကို နတ်သားကကယ်လိုက်ပြန်ပြီ"

"ကျုပ်. . နတ်သား မဟုတ်ပါဘူး"



"ဒါဆို မောင်ရင်က ဘယ်သူတုန်း၊ နာမည်လေးပြောပါလား"

"ကျုပ်မှာ နာမည်မရှိပါဘူး"

"ဒါဆို နတ်သားလို့ပဲခေါ်မယ်၊ ကျေးဇူးရှင်ရဲ့ မျက်နှာကို အဘ တစ်ခါလောက်တော့ မြင်ဖူးချင်လိုက်တာ"

"အဘ မျက်စိမမြင်တာ ကံကောင်းတာပါပဲ၊ ကျုပ်ကရုပ်အရမ်းဆိုးတယ်လေ၊ ကျုပ်ကိုမြင်ရင် လူတွေအားလုံး ကြောက်ကြတယ်၊ အဘကလွဲလို့ပေါ့"

"ဟုတ်လား ဒါဆိုလည်း အဘ နတ်သားမျက်နှာကို စမ်းကြည့်ပါရစေ"

မျက်မမြင်အဘိုးကြီး တောင်းဆိုတာကို ငြင်းဆန်ဖို့ မောရစ် မေ့နေ၏။ အဘိုးကလေထဲ လက်ဆန့်၍ရှာဖွေရင်း သူ့လက်ကို ဆွဲမိသွားသည်။ ထိုမှတစ်ဆင့် အဘိုးအို၏လက်က သူ့မျက်နှာဆီသို့ ရောက်လာသည်။ အဘိုးက မျက်နှာတစ်ပြင်လုံးကို ပွတ်သပ်စမ်းကြည့်သည်။ ပြီးမှ. .

"သြော်. . မောင်ရင်က အတော်သနားစရာ ကောင်းတာပဲ၊ ဒါနဲ့. . မောင်ရင့်မှာ မိတ်ဆွေအပေါင်းအသင်းတွေရော မရှိကြဘူးလား"

ထိုအချိန်တွင် ယာခင်းမှပြန်လာကြသည့် အဘိုးကြီးသားဖြစ်သူ ကျောက်ခဲမှာ ဘီလူးကြီးမောရစ်ကို မြင်သွားပြီး ရိုက်နှက်မောင်းထုတ်တော့သည်။ သူ၏ရုပ်သွင်ကို မြင်လိုက်ရသည့် အမျိုးသမီးနှင့်ကလေးမှာ ခဏတော့ ကြက်သေသေသွားကြသည်။

နောက်တော့ အလန့်တကြားနှင့်. . အော်ဟစ်အကူအညီ

www.burmeseclassic.com



တောင်းတော့၏။

"ကယ်တော်မူကြပါ. . ဘီလူးကြီး. . ဘီလူးကြီး ဝင်လာလို့"

"ဟဲ့!. . ဟဲ့!. . မဟုတ်ဘူး. . မဟုတ်ဘူး မအော်နဲ့"

ချွေးမကအော် အဘိုးကြီးကတားနှင့် ဆူညံပွက်လောရိုက်သွားသည်။ ဒီမိသားစုကို အန္တရာယ်မပေးလို၍ ဘီလူးမောရစ် ပြေးရလေတော့သည်။

"အဲဒါ ဘီလူး မဟုတ်ဘူး မင်းတို့ကို ကူညီနေတဲ့ နတ်သား၊ အခုလည်း အဘကိုကိုက်မယ့် တောခွေးနှစ်ကောင်ရဲ့ရန်က ကယ်ခဲ့တာ"

မျက်မမြင်အဘိုး၏ ဖြေရှင်းချက်က မောရစ်၏နောက်သို့ လေဟုန်စီး၍ လိုက်လာသေးသည်။ သို့သော် မောရစ် နောက်ပြန်မလှည့်တော့၊ သူ့စိတ်ထဲ၌ ဝမ်းနည်းကျေကွဲစိတ်တွေ ဗလောင်ဆူနေ၏။ ဂူထဲပြန်ရောက်သည်တွင် မှတ်တမ်းစာအုပ်ကို တွေ့ပြန်သည်မို့ သူဘယ်သူလဲ၊ ဘာလို့ ဘီလူးလို ရုပ်ဆိုးနေရတာလဲ၊ ဒီလိုဖြစ်အောင် ဘယ်သူလုပ်ခဲ့သလဲ စသည့်ဖြင့် သူအသိချင်ဆုံး အကြောင်းအရာများအား ဒီစာအုပ်ထဲမှာပင် ရှိရမည်ဟုတွေးကာ နားလည်အောင် ဖတ်မည်ဟု ဆုံးဖြတ်လိုက်လေတော့၏။









# အခန်း (၁၆)

တစ်ကာလအတောအတွင်း အိမ်ပြန်ခရီးနှင်နေသော ဘမှန်မှာ ကြမ်းတမ်းသောခရီးလမ်းကို ကြံ့ကြံ့ခံရင်ဆိုင်ရင်း သင်္ဘောတစ်တန်၊ လှည်းတစ်တန်၊ ခြေလျင်တစ်လှည့်၊ မြည်းတစ်လှည့်နှင့် ခရီးနှင်လျက်ရှိသည်။

လမ်းတစ်လျှောက်လုံး ဆရာဖြစ်သူ ဒေါက်တာမောရစ်အဖြစ်ကို မေ့ဖျောက်လို့မရဘဲ ရင်ထုမနာ ဖြစ်နေမိသည်။ လူမဟုတ်ကို မသေဆေး လက်ဆောင်ပေးဖို့ ကြိုးပမ်းခဲ့သူတစ်ယောက်က စောစီး



www.burmeseclassic.com

www.burmeseclassic.com



စွာ သေဆုံးကွယ်လွန်ခဲ့ရသည်။ သူကြိုးစားရှာဖွေ တည်ထွင်ထားသောပညာနှင့် အသက်ဆက်ပေးလိုက်သော်လည်း သေတာထက်ပိုဆိုးသည့်ဘဝမှာ ရှင်သန်နေရပြန်သည်။

အခုတော့ ဆရာ့ကို ဒုက္ခတောထဲ၌ ပစ်ထားခဲ့ကာ သူထွက်ပြေးလာခဲ့သလို ဖြစ်နေပြီ။ ဒီအဖြစ်အပျက်တွေကို မေ့ဖျောက်နိုင်အောင်ကြိုးစားရင်း မချမ်းဘောမှာပဲ ဇာတ်မြှုပ်တော့မည်ဟု ဆုံးဖြတ်လိုက်၏။

မန္တလေးမှထွက်လာပြီး မြစ်ကြီးနားအရောက် နှစ်ပတ်ခန့် ခရီးဆန့်ခဲ့ရသည်။ မြစ်ကြီးနားတွင် နှစ်ရက်နားပြီးနောက် ခရီးဆက်ဖို့ အားမွေးရပြန်သည်။ မြစ်ကြီးနားမှ မချမ်းဘောခရီးစဉ်က ပို၍လမ်းကြမ်း၏။ မိုးတွင်းကာလဆိုလျှင် သွားလာလို့မရအောင် လမ်းတွေ ပျက်စီးနေတတ်သည်။

ခရီးကြုံသဖြင့် ကြေးတိုင်နှင့် မြေစာရင်းဌာနပိုင် ဒေါ့ဂျစ်ကားနှင့် လမ်းကြုံလိုက်ခွင့်ရခဲ့သည်။ မန်ခရိမ်ကိုကျော်ပြီး အင်ဆွပ်ဇွမ်ထိသာရောက်မည့် ကားကြုံလိုက်ခအဖြစ် ငွေသုံးကျပ်ပေးခဲ့ရ၏။ မချမ်းဘောမှာဆို ထိုငွေနှင့်လူတစ်ယောက် တစ်လလောက်ထိုင်စားလို့ရသည်။

ဘမှန် ထိုငွေအတွက် နှမြောမနေ၊ ဒေါက်တာ့ကို ကူညီကယ်တင်ခွင့်မရမှတော့ သူ့အား မရှိမဖြစ် လိုအပ်နေသည့် မိသားစုထံပြန်ဖို့ ဘယ်လောက်ပဲကုန်ကုန် ကုန်ပစေတော့ဟု စိတ်ပိုင်းဖြတ်ထားပြီးသားဖြစ်သည်။ အင်ဆွပ်ဇွမ်အရောက် လမ်းမှာသုံးရက်ကြာသည်။ ထိုမှ ဆွမ်ပရာဘွမ်သို့ ခရီးဆက်ဖို့ကတော့ ဝန်တင်လားဌားပြီးသွားရုံမှအပ အခြားနည်းလမ်းမရှိတော့။ ဒါတောင် ဗြိတိသျှတွေ





တစ်ပြည်လုံးကို သိမ်းပိုက်ချင်ဇောနှင့် လမ်းဖောက်ခဲ့ကြလို့သာ သွားလာလို့ရနေခြင်းဖြစ်၏။

အဖေ့အား လွမ်းသည့်စိတ်၊ မြလေးကို သတိရစိတ်တို့နှင့် အိမ်ပြန်ရောက်ဖို့ ဘမှန်ဇောကပ်နေလေပြီ။ မြလေးလို မိန်းမသားတစ်ယောက်တောင် ဒီအခက်အခဲတွေကို ရင်ဆိုင်ပြီး မန္တလေးအရောက်လာခဲ့သေးသည် မဟုတ်လား. .။

ဆွမ်ပရာဘွမ်သို့ သုံးရက်ခရီးနှင့်ရောက်ခဲ့၍ ဘမှန်အားတက်နေ၏။ ကြားမှာ ရွာကြီးဆို၍ ဘွမ်ခါးနှင့် ဘအောင်းဂါတို့သာကျန်တော့သည်။ ထို့နောက် ရွာငယ်ကလေးများဖြစ်သည့် ဇီးအွန်နှင့် မူလာရှီးဒီကျေးရွာတို့လွန်လျှင် မချမ်းဘောသို့ ရောက်ပြီဖြစ်သည်။

မြလေးတို့ သူ့ထက်သုံးရက်လောက်စောပြီး ဒီလမ်းက ပြန်သွားကြတာဖြစ်သော်လည်း လမ်းခရီး၌ သူတို့တွေ၏ သတင်းစကားကို မကြားရသဖြင့် ဘမှန်တအားစိတ်ပူသွားသည်။ သို့နှင့် မချမ်းဘောသွားမည့် သူများကိုရှာဖွေစုစည်းကာ ခရီးသွားအဖွဲ့ဖွဲ့ပြီး လားသုံးကောင်ငှား၍ အဆောတလျင် ထွက်ခဲ့ကြ၏။ တဖြည်းဖြည်း ပိုနီးလာပြီဆိုမှ မြလေးကို ပိုတွေ့ချင်လာသည်။

ဤသို့ လေးည၊ လေးရက်တိတိ ခရီးဆက်ခဲ့ပြီးမှ မူလာရှီးဒီသို့ ရောက်ခဲ့ကြသည်။ မူလာရှီးဒီမှ မချမ်းဘောသို့ နေ့ဝက်ခရီးသာသာလောက်ရှိတော့၏။ ဘမှန် အရမ်းကို ခြေလှမ်းသွက်လာသည်။ ဇီးအွန်နှင့်မူလာရှီးဒီတွင် နေခဲ့သူကများသည်။ မချမ်းဘောပြန်မည့်သူက ဘမှန်တစ်ယောက်သာ ရှိသည်။ ကျန်ခရီးသွားနှစ်ယောက်က ပူတာအိုထိ ခရီးဆက်ကြမည်ဖြစ်သည်။

ခရီးအတူသွားလာခဲ့သည့် ရက်အတွင်း စကားပြောရင်း



www.burmeseclassic.com

www.burmeseclassic.com



အတော်ရင်းနှီးခဲ့ကြပြီမို့ မချမ်းဘောရောက်လျှင် အိမ်ထောင်ပြုမည့် ဘမှန်အား စကြ၊ နောက်ကြသည်။ နောက်ဆုံးမှာတော့ မချမ်းဘော သို့ ဆိုက်ရောက်လာတော့၏။

အဝေးမှ လှမ်းမြင်ရသည့်အိမ်ကြီးက အရင်အတိုင်း မပြောင်းလဲ၊ ဘမှန် ခြံဝိုင်းထဲ ပြေးဝင်သွားရင်း. . .

"အဖေ. . မြလေး. . ဘဇော်"

"ဟာ!. . ကိုကြီး ဘမှန်"

ဘဇော် ဝမ်းသာအားရ အော်ဟစ်လိုက်၏။ ညီလေးဘဇော်ကို ပွေ့ချီလိုက်ပြီး အိမ်ထဲသို့ဝင်လာခဲ့သည်။

"ညီလေး မြလေးနဲ့ အဖေရော"

"ရှိတယ်. . အဖေ နေမကောင်းလို့"

အဖေ့အတွက် စိုးရိမ်သွားပြီး အိမ်ပေါ်ထပ် လှမ်းကြည့်လိုက်သည့်အခါမှ ချစ်သောမြလေးအား တွေ့ရ၏။ မြလေး စိတ်ဆိုးမပြေသေးသည့် အရိပ်အယောင်များကို အထင်အရှား မြင်တွေ့နေရ၏။ ဘမှန် တောင်းပန်ပြုံးလေး ပြုံးပြလိုက်သည်။ ထို့နောက် အဖေ့အခန်းထဲ ဝင်ခဲ့လိုက်၏။

"အဖေ"

မယုံနိုင်လောက်အောင် ပိန်ချုံးသွားသည့် ဒူးဝါးကြီးမှာ အိပ်ရာကျောကပ်ဖြစ်နေလေပြီ။

"ဘမှန် မင်းပြန်လာတယ်၊ အဲဒါ တကယ်ပဲလား"

ဒူးဝါးကြီးအမေးကြောင့် ဘမှန်ရင်ထဲမချိအောင် ခံစားလိုက်ရသည်။ အဖေ့ဘေးဝင်ထိုင်ကာ အရိုးပြိုင်းပြိုင်းနှင့်အဖေ့လက်အား ဆုပ်ကိုင်ထားမိ၏။ မိသားစုပြန်လည် ဆုံစည်းသည့်ပွဲက ဝမ်းသာ





ကြည်နူး မျက်ရည်လူးလို့နေသည်။

"ဘမှန် ငါ့သား မျိုးနွယ်စုခေါင်းဆောင်တွေကို ဖိတ်လိုက် ဒူးဝါးဥသျှောင်လွှဲအပ်ပွဲ အမြန်ကျင်းပရမယ်၊ ပြီးတော့. . မင်းညီမ မြလေးနဲ့ အမြန်လက်ထပ်ဖို့လုပ်ပါ၊ ဒါမှ ငါလည်းမင်းတို့ကို စိတ်ချ သွားနိုင်မှာ. ."

အဖေစကားကြောင့် ဘမှန် မပျော်နိုင်သော်လည်း မြလေး မျက်နှာမှာ အပြုံးပန်းတွေ ဝေသွားသည်။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၇)

ဂူထဲတွင် အချိန်ယူကာဖတ်ရှုခဲ့သဖြင့် မောရစ် မှတ်တမ်းစာအုပ်ပါ အကြောင်းအရာတို့ကို ရှင်းလင်းစွာ နားလည်သွားခဲ့ချေပြီ။ ဘမှုန်(မချမ်းဘော) ဆိုသူ၏လက်ချက်နှင့် သူ သေရွာမှပြန်ထလာရကြောင်း ကောင်းကောင်းသိခဲ့ပြီ။

သူ ဝိညာဉ်ကိုနှုတ်ခဲ့သူ လူသတ်သမား၏ ဦးနှောက်၊ နှလုံးတို့နှင့် တစ်ဖန်ရှင်သန်နေရခြင်းသည် ကျိန်စာသင့်ခြင်းတစ်ရပ်သာ ဖြစ်ပေလိမ့်မည်။ လူစင်စစ်မှ ဘီလူးဘဝရောက်အောင် ပို့ခဲ့သော





ဘမှုန်ဆိုသောသူကို မောရစ် ခွင့်မလွှတ်နိုင်တော့. . ။ လောကတွင် ရပ်တည်လို့ မရလောက်သည့် အနေအထားနှင့် ရှင်သန်ခွင့်ပေးခဲ့သည့် ဘမှုန်။ ကမ္ဘာကျေသော်လည်း ဥဒါန်းကျေနိုင်စရာ အကြောင်းမရှိ. . ။

"မင်း. . မင်းကိုငါ လက်စားချေမယ် ဘမှုန်၊ မင်းထမင်းဝအောင်စားထားချေ၊ ရေမြေဆုံးစေဦးတော့ မတွေ့တွေ့အောင်ရှာပြီး လက်စားချေပြမယ် ဘမှုန်"

မောရစ် ပေါက်ကွဲသံစဉ်နှင့် အော်ဟစ်လိုက်သည်။ သူ့တစ်ကိုယ်လုံး ဆတ်ဆတ်တုန်နေ၏။ မှတ်တမ်းစာအုပ်ကို အိတ်ထဲပြန်ထည့်ပြီး ခိုအောင်းရာဂူထဲမှ ခြေလှမ်းကျဲကြီးများနှင့် ထွက်လာခဲ့တော့၏။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၈)

ခြံဝင်းထဲမှ ထင်းရှူးပင်ရိပ်ခုံတန်းတွင် ကျောဆန့်ရင်း မှေးခနဲအိပ်ပျော်သွားသော ဘမှန်. . . အိပ်မက်ဆိုးကြောင့် လန့်နိုး သွား၏။ အိပ်မက်ထဲတွင် ဘမှန်အား ဒေါက်တာမောရစ်က မသေ မချင်း လည်ပင်းညှစ်သတ်သည်ဟု မြင်မက်၍ လန့်နိုးလာခဲ့ခြင်းပင် ဖြစ်သည်။

"လန့်နိုးသွားပြီလား ကိုကို. . ရင်ဘတ်ပေါ် ထင်းရှူးသီး ခြောက် ပြုတ်ကျတာပါ"





သူ့ဘေးမှာ မခွဲမခွာရှိနေတတ်သော မြလေး ပြောလိုက်ခြင်း ဖြစ်သည်။ ထိုစဉ် မလွန်းဝါနှင့် ဘဇော်လေးတို့ အပြင်မှပြန်လာကြ ၏။ ဘဇော် ကခုန်ပေါက်ပြေးလွှားလာရင်း. .

"ကိုကြီးဘမှန် နှင်းလူကြီး သောင်းကျန်းနေတယ်တဲ့"

"ဟုတ်တယ် ဘမှန် ဟိုလူတွေ့ ဒီလူတွေ့နဲ့ တွေ့ကြပြန်ပြီ တဲ့"

"ဟားဟားဟား. . နှင်းလူဟုတ်လား၊ နှင်းလူဒဏ္ဍာရီဆိုတာ ဘိုးစဉ်ဘောင်ဆက် ပြောမဆုံးတဲ့ ကိစ္စပါကွာ၊ သူက ခါခါဘိုရာဇီနဲ့ ဂန်လန်ရာဇီ ရေခဲတောင်ဒေသမှာ နေတာပါကွ၊ ဒီနဲ့ဆို အဝေးကြီး ရယ်၊ အလကား လျှောက်ပြောနေကြတာ"

"သူက အကောင်ကြီးကြီးလေ၊ လမ်းလျှောက်တာ မြန်တော့ ရောက်ချင်လည်း ရောက်လာနိုင်တာပဲ"

ဘဇော်ပြောတာ သဘောကျပြီး အားလုံးရယ်မိကြသည်။ ထိုနေ့က နေ့လည်စာစားအပြီးတွင် ဘမှန် သူ့အခန်းထဲဝင်ကာ၊ သိမ်းထားသော သော့တစ်ချောင်းကို ထုတ်ယူကြည့်မိသည်။ ထိုစဉ် မြလေး အခန်းထဲဝင်လာလေ၏။

"ကိုကို. . အဲဒါ ဒေါက်တာရဲ့ အိမ်သော့မဟုတ်လား"

"အင်း. . မရောက်တာကြာပြီ၊ သွားရှင်းရင် ကောင်းမလား လို့"

"မြလေးပါ လိုက်မယ်လေ"

မျက်စိအောက်က အပျောက်မခံ ဖြစ်နေသည့် မြလေး အား မတားရက်တော့။ ဒေါက်တာမောရစ်အိမ်သို့ မြလေးနှင့်အတူ ထွက် လာခဲ့ကြသည်။ ထင်ထားသည့်အတိုင်း. . ဒေါက်တာ့အိမ်ကြီးထဲ၌



www.burmeseclassic.com

www.burmeseclassic.com



ကြွက်သိုက်၊ ငှက်သိုက်များဖြင့် ရှုပ်ပွနေ၏။ အဖိုးတန် ဓာတ်ခွဲခန်းကြီးကို သံယောဇဉ်မကုန်သေးသောဘမှန်. . ဓာတ်ခွဲခန်းသုံး ပစ္စည်းများကို တယုတယ သန့်ရှင်းရေးလုပ်နေမိသည်။

"ကိုကို ဒီကို တောင်တန်းသာသနာပြု ဆရာတော်တစ်ပါး ထပ်ရောက်လာတယ်၊ သူဟောတဲ့တရားက သိပ်ကောင်းတာပဲ၊ သေခြင်းတရားနဲ့ ပတ်သက်လို့ပေါ့"

"ဟုတ်လား ပြောပါဦး"

"အင်း မြေကြီးထဲက မှိုကိုနုတ်ယူလိုက်တာနဲ့ အဲဒီမှိုမှာ သဲတွေမြေကြီးတွေ ကပ်ပါလာသလိုပဲ သတ္တဝါဆိုတာလည်း မွေးဖွားလာကတည်းက သူ့ခန္ဓာမှာသေခြင်းတရားဆိုတဲ့ မြေမှုန်တွေ ကပ်ပါလာပြီးသားတဲ့၊ မှိုမှာကပ်နေတဲ့ မြေမှုန်ကို ဆေးကြောလို့ရပေမယ့် လူမှာ ကပ်တွယ်နေတဲ့ မရဏတရားကိုတော့ ဘာနဲ့မှ ဆေးကြောလို့ မရဘူးတဲ့၊

ဗုဒ္ဓမြတ်စွာတောင် ရှောင်လွှဲလို့မရတဲ့ သေခြင်းကို ကုစားနိုင်တာက နောင်ခန္ဓာအသစ်ပြန်မဖြစ်တဲ့ နိဗ္ဗာန်ပဲတဲ့၊ အဲဒီနိဗ္ဗာန်ကို ဒါန၊ သီလ၊ ဘာဝနာ အခြေပြုလို့ ဓမ္မနဲ့အညီ ဝိပဿနာကို အားထုတ်ခြင်းဖြင့် ရောက်ရှိနိုင်တယ်တဲ့၊ ဒါကြောင့် ဗုဒ္ဓဓမ္မနဲ့ လောကဓမ္မတာကို ဆန့်ကျင်တာ အကုသိုလ်တဲ့ ကိုကို၊ အသေကောင်ကို အသက်သွင်းတာတွေက အကုသိုလ်အလုပ်တွေပါ ထပ်မလုပ်ပါနဲ့တော့နော်"

"စိတ်ချပါ မြလေးရယ်"

"စိတ်မချနိုင်ဘူး ကိုကို၊ အခုပဲကြည့် အဖေဟာ အိုခြင်းနာခြင်းကို မလွှဲမသွေလက်ခံပြီး သေခြင်းကို စောင့်မျှော်နေရပြီလေ၊





ဗုဒ္ဓအယူမှာ မရဏာနုဿတိကို အမြဲနှလုံးသွင်းနေရမယ်တဲ့၊ ဒါကြောင့် အဲဒါနဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ထာဝရရှင်သန်ခြင်းဆိုတဲ့ မဖြစ်နိုင်တဲ့အရာမှာ အာရုံမစိုက်ပါနဲ့လား ကိုကိုရယ်"

"ကိုကို ကတိပေးပါတယ်"

"ဘာကတိလည်း"

"အဲဒါတွေ နောက်မလုပ်တော့ပါဘူး ဆိုတာကိုပေါ့"

မြလေးအား ကတိကိုလွယ်လွယ်ပေး လိုက်သော်လည်း ဒီဓာတ်ခွဲခန်း၌ စမ်းသပ်မှုတွေ ပြုလုပ်ချင်စိတ်က အကင်းမသေသေးကြောင်း သူကိုယ်သူသိနေသည်။ လောလောဆယ် ဘာမှလုပ်ရှားလို့ရမှာမဟုတ်သည့်အတွက် အိမ်ကိုသော့ခတ်ပြီး ပြန်လာခဲ့ရတော့သည်။

ထိုအချိန်တွင် လွှန်းဝါတစ်ယောက် ကြက်ကြော်၊ ခေါပြင်ခေါင်ရေ၊ မုန့်ဖြူမုန့်နီအစုံအလင်နှင့် ခြံအပြင်တွင် ရိုးရာနတ်အားပူဇော်ပသပေးနေရသည်။ ဒူးဝါးကြီး ပြန်လည်ကျန်းမာလာစေရန် ရည်ရွယ်ဆောင်ရွက်ခြင်းလည်း ဖြစ်သည်။ သစ်လုံးတိုင်ကို အခေါင်းထွင်းကာ ရုပ်တုများထုပြီး စိုက်ထူထားသော နတ်ကွန်းရှေ့တွင် စားပွဲတစ်လုံးနှင့် တရိုတသေပြင်ဆင်ထားခြင်း ဖြစ်သည်။

ဓလေ့ထုံးစံအတိုင်း ပူဇော်ပသပြီးနောက်၊ မျက်စိစုံမှိတ်ကာ ဒူးဝါးကြီးအတွက် ဆုမွန်များတောင်းနေလိုက်သည်။ အားပါးတရဆုတောင်းပြီး မျက်လုံးပြန်ဖွင့်လိုက်သည့်အခါတွင်တော့. . .

"အား!. . အောင်မလေး. . နှင်း. . နှင်းလူကြီး"

ရေခဲပွင့်တွေ နှင်းမှုန်တွေကပ်ပြီး တစ်ကိုယ်လုံး ဖြူဖွေးနေသော နှင်းလူကြီးအား အနီးကပ်တွေ့လိုက်ရသဖြင့် အကြောက်လွန်



www.burmeseclassic.com

www.burmeseclassic.com



ကာ. . လွန်းဝါ မေ့လဲကျသွားတော့၏။

နှင်းလူကြီးက ကြက်ကြော်အကောင်လိုက်အား ဆွဲဖဲ့စားသောက်ပြီး၊ ခေါင်ရည်အိုးကို ကိုင်မော့လိုက်သည်။ မိနစ်ပိုင်းအတွင်း ကြက်တစ်ကောင် ကုန်သွား၏။ ဒါတောင် အားမရဟန်နှင့် ကျန်မုန့်များကို ကောက်ယူကာ အကျီအိတ်ထဲကို ထည့်နေသေးသည်။

ဆာလောင်မှုဝေဒနာ အာသာပြေသွားမှ သတိမေ့နေသည့် မိန်းကလေးကို ငုံ့ကြည့်မိ၏။ ရိုးရာဝတ်စုံနှင့် အမျိုးသမီးလေးက နှင်းလူကြီးမျက်စိထဲ၌ အတော်လှနေ၏။ သို့နှင့်ယုယကြင်နာစွာ ထွေးပွေ့ပြီး ပါးလေးကိုပွတ်၍ သတိရအောင်လုပ်ကြည့်၏။

ဒါတောင်သတိရမလာသဖြင့် ခေါင်ရည်အိုးကိုယူကာ ပါးစပ်ဟ၍ လောင်းထည့်လိုက်သည်။ ခေါင်ရည်အစွမ်းကြောင့် မိန်းမပျိုသီးသွားကာ သတိရလာတော့သည်။ မျက်လုံးပွင့်သည်နှင့် သူ့အပေါ်မိုးနေသည့် ကြောက်စရာမျက်နှာကြီးကို မြင်လိုက်ရသည်မို့ အထိတ်တလန့်နှင့် ရုန်းကန်ကာ နောက်ဆုတ်လိုက်သည်။

"မကြောက်. . မကြောက်ပါနဲ့ မိန်းကလေး၊ ကျုပ်. . လူ. . လူပါ"

ရန်လိုခြင်းအမူအရာမရှိဘဲ နူးနူးညံ့ညံ့စကားပြောလာသည်မို့ လွန်းဝါ အကြောက်ပြေသွားသည်။

"ရှင်. . ရှင်က. . နှင်းလူလား"

"မဟုတ်ပါဘူး ကျုပ်ကလူပါ၊ ဆာလွန်းလို့ နတ်တင်ထားတာတွေ ယူစားမိတာ ခွင့်လွှတ်ပါကွယ်"

"ရှင်. . ငရဲကြီးမှာ မကြောက်ဘူးလား"

"ငရဲဆိုတာဘာလဲ ကျုပ်မသိဘူး၊ ကျုပ်သိတာက ဒီမချမ်း





ဘောမှာ လူတစ်ယောက်ကို ကျုပ်လာရှာတာပဲသိတယ်"

သေချာကြည့်မှ ချုပ်ရိုးများနှင့် ဆိုးဝါးလှသည့် ရုပ်သွင်မို့. . လွန်းဝါ တရွေ့ရွေ့နောက်ဆုတ်၍ လက်လှမ်းမမီသည့် အကွာအဝေးရောက်သည်နှင့် ရုတ်တရက်ထကာ ထွက်ပြေးတော့သည်။ သူ နောက်လိုက်လာ လေမလားအတွေးနှင့် လှည့်ကြည့်မိသေး၏။

နှင်းလူကြီးက ထိုနေရာ၌ ဒူးထောက်ကာ မလှုပ်မရှက် သူမကိုလှမ်းကြည့်နေ၏။

ထိုနှင်းလူကြီးမှာ မောရစ်သာဖြစ်ပေသည်။ ဘမှန်ကို တွေ့အောင်ရှာကာ လက်စားချေဖို့ ရေမြေဆုံး ခရီးဆန့်လာခဲ့ခြင်းဖြစ်သည်။ မှတ်တမ်းစာအုပ်မှ ဘမှန်(မချမ်းဘော)ဆိုသည့် သဲလွန်စကိုဆုပ်ကိုင်ကာ ဒီအထိမရပ်မနား လမ်းလျှောက်လာခဲ့ခြင်းဖြစ်သည်။

ပြေးထွက်သွားသော လွန်းဝါကို မျက်စိတဆုံး လှမ်းမျှော်ကြည့်ရင်း. .

"ဖြစ်နိုင်ရင် မင်းလေးနဲ့ မိသားစုဘဝလေး တည်ဆောက်ချင်တယ်ကွာ"

မချင့်မရဲနှင့် ရေရွတ်လိုက်ရင်း နှင်းလူကြီး နှင်းတောတိုးကာ ပျောက်ကွယ်သွားတော့၏။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၉)

ပေကျး ရွာခေါင်းဆောင်များ စုံညီစွာရောက်ရှိလာကာ ဒူးဝါးဘမှန်နှင့် တွေ့ဆုံပြီး နှင်းလူကိစ္စ ဆွေးနွေးတင်ပြကြသည်။ မချမ်းဘောအနီးတစ်ဝိုက်တွင် မျက်မြင်တွေ့သူက ဆယ်ဦးခန့်ရှိနေပြီ။ ထိုအန္တရာယ်ကို ကာကွယ်ဖို့ တိုင်ပင်ဆွေးနွေးကြ၏။

ရိုးရာဒဏ္ဍာရီထဲမှ နှင်းလူ ဒီနေ့ပေါ်လာတာ အတိတ်နိမိတ်မကောင်းဟုလည်း ပြောဆိုကြသည်။ ဘိုးစဉ်ဘောင်ဆက် နှင်းလူကိုကိုးကွယ်ရာတစ်ခုလို သဘောထားကြသော ဒေသခံအများစုက. .





သတ်ပစ်ဖို့မဟုတ်ဘဲ မူလဒေသ ရေခဲတောင်တန်းများဆီသို့ ပြန်လည်မောင်းထုတ်လိုကြခြင်းသာ ဖြစ်သည်။ ပြောဆိုဆွေးနွေးနေကြတာကို လွန်းဝါ ကြားနေသော်လည်း နှင်းလူမဟုတ်ဘဲ လူထွားကြီးတစ်ယောက်သာဖြစ်သည်ဟု ဝင်ရောက်မပြောဆိုရဲ။ ဒါတွေက. . ယောကျ်ားသားများကိစ္စသာ ဖြစ်သည်မဟုတ်လား။

ဒူးဝါးဘမှန်က လူစုပြီးလိုက်ရှာကာ တွေ့လျှင် တောခြောက်သလို ဝိုင်းဝန်းမောင်းထုတ်ကြမည်ဟု အစီအစဉ်ဆွဲပေးလိုက်၏၊ မျိုးနွယ်စုတွေ သဘောတူကြသဖြင့် ရှာဖွေခရီးစဉ်ကို စခဲ့ကြသည်၊

ဓား၊ လှံ၊ လေးမြား၊ တူမီးစသည့် လက်နက်ပေါင်းစုံကိုင်ဆောင်ထားသော လူသုံးဆယ်ပါ အစုအဖွဲ့ကြီး မောင်းတဒူဒူထု၍ ထွက်ခွာသွားကြသည်ကိုကြည့်ရင်း မြလေး၊ လွန်းဝါနှင့် ဘဇော်လေးတို့ ရင်ဖိုလှိုက်မောစွာ ကျန်ရစ်ခဲ့တော့၏။

မြလေးက ဒူးဝါးကြီးကိုဆေးတိုက်ရန် အိမ်ပေါ်တက်သွားသဖြင့် ခြံဝင်းထဲ၌ လွန်းဝါနှင့် ဘဇော်သာ ကျန်ခဲ့သည်။ ဘဇော်က ကလေးပီပီ ဆော့ကစားနေ၏။ လေးနှင့် မြားကိုင်စွဲကာ သစ်ပင်တွေကို ပစ်မှတ်ထား၍ ပစ်နေသည်။ ပစ်လိုက်သည့်မြားတံက အပင်ကို မစိုက်ဘဲ မြေကြီးပေါ်သာ ပြုတ်ပြုတ်ကျနေသည်။ တစ်ကြိမ်တွင် ပစ်လိုက်သောမြားတံက ခြံကြားထဲဝင်သွားသည်မို့ ဘဇော် ခြုံတိုးကာ မြားတံရှာရတော့၏။

ထိုစဉ်မှာ နှင်းလူကြီးကို ရိပ်ခနဲမြင်လိုက်ရသည်။ ရုတ်တရက်တော့ ကြောက်ဖို့သတိမရဘဲ စူးစမ်းချင်စိတ်နှင့် လိုက်ကြည့်မိသည်။ လူမိမှာစိုး၍ နေရာပြောင်းသည့်နှင်းလူနှင့် ပက်ပင်းဆုံမိလိုက်သည်တွင် ဘဇော် သွေးပျက်မတတ် လိပ်ပြာလွင့်သွားပြီး အော်



www.burmeseclassic.com

www.burmeseclassic.com



ဟစ်ကာ ပြေးလာတော့သည်။

"အမလေး. . မမ. . မမလွန်းဝါ ကယ်ပါဦး"

လွန်းဝါလည်း ဘဇော်အား ဆီးပွေ့ကာ ချော့မော့ရတော့သည်။

"ဘာဖြစ်လာတာလဲ သားရဲ့"

"သရဲကြီး. . ရုပ်အရမ်းဆိုးတဲ့ သရဲကြီးတစ်ကောင်ကို သားတွေ့ခဲ့တယ်"

ခြံအပြင်ကိုလှမ်းကြည့်မိသည်တွင်. . သူမကို လက်ပြနှုတ်ဆက်နေသော နှင်းလူကြီးအား တွေ့လိုက်ရပြန်သည်။ ရင်ထဲထိတ်ခနဲနေအောင် စိတ်လှုပ်ရှားသွားသည်မို့ ဘဇော်အားအိမ်ထဲခေါ်လာခဲ့ပြီး ချော့သိပ်လိုက်ရသည်။

ဘဇော် အိပ်ပျော်သွားမှ စားဖိုဆောင်သို့ ကူးလာရင်း ထမင်းထုပ်တစ်ထုပ်ထုပ်ပြီး ခြံစည်းရိုးနားတွင် ချထားကာ ပုန်းကွယ်၍ စောင့်ကြည့်သည်။ သိပ်မကြာခင်မှာပင် နှင်းလူကြီးထွက်လာကာ. . ထမင်းထုပ်ကို ယူစားတာတွေ့ရ၏။ ဘယ်လိုအကုသိုလ်ကြောင့် ဒီလိုရုပ်ဆိုးကြီး ဖြစ်နေရသလဲတွေးကာ ထိုလူ့အပေါ် ဂရုဏာသက်မိသွားသည်။ နှင်းလူကြီး စားသောက်ပြီး တောထဲဝင်သွားမှ လွန်းဝါလည်း သက်ပြင်းချကာ အိမ်ပေါ်ပြန်တက်လာခဲ့တော့၏။

ထိုအချိန်တွင် နှင်းလူအား တောနင်းရှာဖွေနေသော အဖွဲ့မှာ နှင်းလူကိုလည်းမတွေ့၊ သဲလွန်စကိုလည်းမတွေ့ ဖြစ်နေကြ၏။ ထို့အတွက် အဖွဲ့ကို သုံးစုခွဲကာ ရှာဖွေရန်နှင့်. . တွေ့က မောင်းတီး၍ ကျွဲချိုမှုတ်၍ အချက်ပေးရန် တိုင်ပင်လိုက်ကြသည်။ ဘမှန်နှင့်အတူ လူငါးယောက် ပါလာခဲ့၏။





သူတို့ ပိုနက်သည့် နှင်းတောထဲဝင်ခဲ့ကြသည်။ တောကျွမ်းသောမုဆိုးက ပုန်းခိုစရာဂူတွေရှိသည့်တောထဲသို့ ဘမှန်တို့ကို လမ်းပြခေါ်လာခဲ့သည်။

ဂူတစ်ဂူရှေ့အရောက်တွင် ခြေရာများကို တွေ့ရလေသည်။ သူတို့ခြေထောက်များနှင့် တိုင်းကြည့်ရာ လက်နှစ်လုံးခန့် ပိုကြီးတာ တွေ့ရ၏။

"ဝက်ဝံခြေရာ အကြီးစားလိုမျိုးမှ နှင်းလူခြေရာဖြစ်မှာ၊ ဒီခြေရာက နှင်းလူမဟုတ်ဘူး ဒူးဝါးဘမှန်"

မုဆိုးကျော်၏ သုံးသပ်ချက်ကမှန်နေသည်။ မျက်မြင်တွေ့ဖူးသူတွေကလည်း အကျီဝတ်ထားကြောင်း ဝင်ပြောလာ၏။ ဘမှန်အဖြစ်မှန်ကို ဆက်စပ်တွေးပြီး စိုးရိမ်သွားသည်။ အခုနှင်းလူဟု မှတ်ခံနေရသူမှာ နှင်းလူမဟုတ်ဘဲ လူထွားကြီးတစ်ယောက် ဖြစ်မှန်း အဖြေထွက်နေလေပြီ။

"ဒါ. . ဒါဆို. . ဒေါက်တာများလား၊ ဒေါက်တာ ဒီကိုပြေးလာတာလား"

ထိုသို့တွေးမိရုံနှင့်ပင်. . ဘမှန် ထိတ်လန့်တုန်လှုပ်သွားသည်။ ဘမှန်က ကျွဲချိုမှုတ်ပြီးလူစုသည်။ ခြေရာက အထွက်ခြေရာဖြစ်နေ၍ ပြန်လာမှာ သေချာသည်ဟုတွက်ဆပြီး ကင်းပုန်းဝပ်ကာ စောင့်ဆိုင်းကြသည်။ ဘမှန်တို့အုပ်စု ယောက်ယက်ခတ်နေသည် နှင်းလူမောရစ်က ပုန်းအောင်းခြောင်းမြောင်း အကဲခတ်နေခြင်းအား ဘယ်သူမှ မသိလိုက်ကြ။

"ဘမှန်တဲ့ ဒူးဝါးဘမှန်တဲ့၊ ဟုတ်ပြီ. . သူပဲ၊ ငါ့ကိုဒီလိုဖြစ်အောင် သူပဲလုပ်ခဲ့တာ၊ တွေ့ကြသေးတာပေါ့ ဘမှန်ရာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့နေရာကို လူတွေဝိုင်းထားပြီမို့ နှင်းလူက တိတ်တဆိတ် နေရာပြောင်းသွားသဖြင့် ဘမှန်တို့အုပ်စု ဘာကိုမှမတွေ့ဘဲ တပ် ခေါက်ပြန်လာရတော့သည်။ ပို၍ထူးသည်က ဘမှန်တို့အုပ်စုအား နှင်းလူက နောက်ယောင်ခံကာ လိုက်လာခြင်းဖြစ်သည်။ ဘမှန်တို့ ခြံဝင်းထဲလူတွေစုရုံးကာ နှင်းလူကိုစွ ဖြေရှင်းဖို့တိုင်ပင်ကြသည်။

နောက်ယောင်ခံလိုက်လာသော နှင်းလူက သူသဘောကျ နေသည့် မိန်းကလေးမှာ ဘမှန်အိမ်မှဖြစ်ကြောင်း သိသွားလေ၏။

"တွေ့ကြပြီပေါ့ ဘမှန်ရာ၊ ငါ့ဘဝပျက်ရသလို မင်းဘဝကို လည်း အမှည့်ခြွေ . . ခြွေပြမယ်"

ဘဇော်လေးကပါ သူမြင်ခဲ့ရသည့် နှင်းလူပုံစံကို ဝင်ပြောပြ ၏။ ဆံပင်မရှိဘဲ ချုပ်ရိုးများပါသည်ဆိုသောအချက်ကို မြင်ဖူးသူတိုင်း က ထည့်ပြောကြသည်။ ဘမှန် မအံ့သြဘဲမနေနိုင်တော့ . .

အဲဒါဆိုရင်တော့ သေချာပြီ၊ သူဟာ ဒေါက်တာမောရစ်ပဲ၊ ဒီထိရောက်လာတယ်ဆိုတာ သူ့မှတ်ဉာဏ်တွေ ကောင်းသေးတယ် ဆိုတဲ့ အဓိပ္ပာယ်ပဲလား။

ရပ်ရွာကထိတ်လန့်နေကြသူမှာ ဒေါက်တာမောရစ်ပါဟု ဖွင့်ပြောဖို့ ဘမှန်မှာသတ္တိမရှိ။

"အရင်ဆုံး လက်ရဖမ်းမိဖို့ အရေးကြီးတယ်၊ သူဟာနှင်းလူ မဟုတ်တဲ့အတွက် စကားပြောမှာပဲ၊ စစ်ဆေးမေးမြန်းပြီးမှ စီရင်ဖို့ အားလုံးကို သတိပေးပါရစေ"

နောက်နေ့မှတောနင်း၍ ထပ်မံရှာဖွေရန် ချိန်းဆိုပြီး လူစု ခွဲလိုက်သည်။ အားလုံးပြန်သွားတော့ ဘမှန်တစ်ယောက်တည်း ငိုင် တွေကာ ကျန်ခဲ့သည်။ ဘမှန် စိတ်ပျက်လက်ပျက် ဖြစ်နေစဉ် သိုင်း



ဖက်လာသည့် အထိအတွေ့ကြောင့် ရင်ခုန်နွေးထွေးသွား၏။ မြလေ ကဇက်ကြောနှင့် ပခုံးကြောများကို ဖြေလျှော့ပေးနေ၍ ဘမှန် ငြ သက်စွာ ငြိမ်ခံနေမိသည်။ ထိုစဉ် ဘဇော်လေးရောက်လာကာ ဘ ပေါင်ပေါ်တက်ထိုင်သည်။ ညီငယ်ကို ဘမှန် သိုင်းဖက်ထားလိုက်

ထိုမြင်ကွင်းကို စောင့်ကြည့်နေသည့် လူထွားကြီးမောရစ် အမြင်မှာတော့ ဘမှန်၊ မြလေးနှင့် ဘဇော်တို့အား မိသားစုအဖြစ်သ သတ်မှတ်လိုက်တော့သည်။

"ကိုကို သိပ်ပင်ပန်းနေပြီ နားလိုက်တော့နော်"

မြလေး၏တိုက်တွန်းမှုကို လက်ခံသည့်အနေနှင့် . . ခေ ညိတ်ပြလိုက်ပြီး သူတို့သုံးယောက် အတူလက်တွဲကာ အိမ်ထဲဝင်သ လေသည်။ ညအမှောင်က အားလုံးကို ဝါးမျိုသွားခဲ့ချေပြီ။





www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၀)

"ဘဖော်.. ဘဖော်လေး မရှိတော့ဘူး"

လွန်းဝါ တကြော်ကြော်အော်ရင်း အိမ်ထဲမှပြေးထွက်လာသည်။ တွေ့သမျှလူကိုလည်း လိုက်မေးနေလေ၏။ ထိုစဉ်.. မိုးကလည်း သဲကြီးမဲကြီးရွာနေ၏။

"ဘဖော်လေးကို တွေ့မိသေးလား"

ဘမှန်လဲ ပျာပျာသလဲဖြစ်သွားကာ ညီလေးအတွက် စိတ်ပူသွား၏။ လူများစုရုံးကာ ဘဖော် အရှာထွက်ကြ၏။ မြလေးလည်း





ရှာသည့်လူအုပ်ထဲတွင် လိုက်ပါသွားသည်။

"ဘဖော်ရေ.. ဘဖော်"

လွန်းဝါတစ်ယောက်တည်း အုပ်စုနှင့်ခွဲထွက်ကာ ရှာသည်၊

"ဘဖော်ထွက်ခဲ့.. ဒါဆော့စရာ မဟုတ်ဘူး"

ညနေစောင်းတဲ့အထိ ဘဖော်လေးကို ရှာမတွေ့၊ မိုးက

လည်းရွာနေသဖြင့် တစ်ကိုယ်လုံးစိုရွှဲနေကာ လွန်းဝါလည်း ပင်ပန်

လှပြီမို့ စပါးကျီတစ်ခုအရောက်တွင် ပစ်လဲကျသွားတော့သည်။

"ထွက်လာခဲ့ပါ ဘဖော်ရယ်၊ မမ မောလှပါပြီ"

အတူနေတာ ကြာပြီဖြစ်သော သံယောဇဉ်ကြောင့် လွန်း

ပြောလိုက်ခြင်းဖြစ်သည်။ မောမောနှင့် လွန်းဝါ နေရာမှာတင် အိပ်

ပျော်သွားလေတော့သည်။

ထိုအခိုက် လူရိပ်တစ်ခု လွန်းဝါကိုယ်ပေါ် ကျလာ၏။ ထို

ရိပ်ပိုင်ရှင်မှာ ဒေါက်တာမောရစ်ဖြစ်နေသည်။ ရေစိုနေသောကလေ

အဝတ်အစားတစ်စုံနှင့် စွဲကြိုးလေးတစ်ကုံးကို လွန်းဝါဘေးတွင်

ထားခဲ့ပြီး ထွက်သွားလေတော့သည်။

ဘမှန်တို့အုပ်စု စိတ်ပျက်လက်ပျက် ပြန်လာကြသည်။ ဖခ

ဦးစံဖဲမှာ သားငယ်ဖောနှင့် နေမကောင်းသည့်ကြားက အိမ်အပြ

တွင် ထွက်စောင့်နေတာတွေ့ရလေသည်။

ဖခင်ကြီးနားအရောက်..

"တွေ့လား ဘမှန်"

"မတွေ့ဘူး အဖေ"

"မင်းညီလေးကိုတောင် တွေ့အောင်မရှာနိုင်ခဲ့ဘူးလားတွ

ဒုးဝါးကြီး ဒေါသထွက်ရလေသည်။ ထိုစဉ်.. တောထဲ



www.burmeseclassic.com

www.burmeseclassic.com



လှုပ်ရှားနေသော မီးရောင်များက သူတို့ရှိရာဆီ လာနေတာကို တွေ့ကြရသည်။ မီးတုတ်များကိုင်ဆောင်လျှက် ရှေ့ဆုံးမှ ဦးဆောင်လာသူက မြလေးဖြစ်နေ၏။ မြလေးလက်ထဲတွင်တော့ အဝတ်မပါသော ကလေးငယ်တစ်ယောက်. . ။

"မြလေး. ."

"ဘဇော်လေးကို တွေ့ပြီ ကိုကို"

မြလေးက ငိုသံပါကြီးဖြင့် လှမ်းအော်ပြောနေ၏။

"ဘဇော်. . သား. . ညီလေး"

မြလေးဆီ အားလုံးပြေးလာကြလေတော့သည်။

ဘဇော်လေးမှာ အသက်မရှိတော့. . . ။

"ညီလေး. . ညီလေးဘဇော် ဖြစ်မှဖြစ်ရလေ ဘဇော်ရယ်"

ဘမှန် တောက်တစ်ချက် ခေါက်လိုက်မိသည်။ သူညီကို သတ်တာ မောရစ်မှန်း သူစိတ်ထဲက အလိုလိုသိနေ၏။ ဒေါက်တာနှင့်သူကြားမှ ပြဿနာအတွက်. . ဘာမှမဆိုင်သောညီငယ်ကို သတ်သွားသည်မို့ ဘမှန်ဖြေမဆည်နိုင်အောင် ကျေကွဲရလေသည်။

သူတို့နှစ်ယောက်ကြားမှာ အမုန်းမီးတောက်တွေ အစပျိုးလာပြီလား. .

ထိုစဉ် တစ်ဖက်ရွာမှ ရွာသားတစ်ချို့ အမောတကော ထပ်ပြေးလာကြပြန်သည်။ ဘမှန်နားအရောက်. .

"ဆရာ. . ဆရာဘမှန်၊ ကလေးကိုသတ်တဲ့ လူသတ်သမားကို မိထားပြီဗျ။ စပါးကျီတောထဲမှာ ပုံးနေတာဆရာ၊ သူဘေးမှာ ကလေးရဲ့ အဝတ်အစားတွေနဲ့ ဘဇော်နာမည် ထွင်းတဲ့ရွှေဆွဲကြိုးတစ်ကုံးလည်းတွေ့တယ်၊ သူ့ကိုဖမ်းမိထားပြီ ဆရာရေ့"





"အခုသူဘယ်မှာလဲ"

ဘမှန်မေးလိုက်သည်။

"မိတဲ့နေရာမှာ ကြိုးစင်တင်ဖို့ လုပ်နေကြပြီ ဆရာ"

ဘမှန်နှင့် မြလေးမှာ တစ်ယောက်မျက်နှာတစ်ယောက်ကြည့်ပြီး ဘယ်သူများလဲအတွေးနှင့် လိုက်ကြည့်ကြသည်။

ဟိုရောက်မှ မလွန်းဝါဖြစ်နေမှန်း သူတို့သိရသည်။

"စုန်းမ. . စုန်းမကို အခုချက်ချင်းသတ်"

"လူမမယ်ကလေးကိုသတ်တဲ့ မကောင်းဆိုးဝါးမ"

တစ်ဖက်ရွာမှလူထုက ကြိုးစင်ကို ဝိုင်းထားကာ အော်ဟစ်နေ၏။ ကြည့်နေစဉ်မှာပင် လွန်းဝါလည်ပင်းအား ကြိုးကွင်းကိုစွပ်ချလိုက်၏။

"ဟေ့. . မလုပ်နဲ့. . နေအုံး. . မှားမယ်. ."

ဘမှန်လှမ်းအော်ပါသော်လည်း သူ့အသံက ရွာလူထုအသံကိုမဖုံးလွှမ်းနိုင်ခဲ့. . ၊ ဒီနောက်. . လွန်းဝါကို စင်ပေါ်မှ ကန်ချလိုက်လေတော့သည်။ လွန်းဝါတစ်ယောက် အောက်သို့ကျသွားကာ ကြိုးတင်းသွားချိန်တွင် သူမလည်း အသက်ထွက်သွားတော့၏။

လွန်းဝါ၏အလောင်းကို အိမ်သို့သယ်ခွင့်မရှိသေး၊ ဓလေ့ထုံးစံအတိုင်း အပြစ်ပေးသည့်အနေနှင့် တစ်ရက်ချိတ်ဆွဲထားဦးမည်ဖြစ်သည်။ ထို့အတွက်လည်း ဘမှန်ရင်ထဲမကောင်း ဖြစ်နေသည်၊ မလှမ်းမကမ်းမှာရှိနေသည့် လွန်းဝါအလောင်းရှိရာ ကြိုးစင်ဆီသို့ ဘမှန် တစ်ယောက်တည်း လျှောက်လာခဲ့၏။

ကြယ်နှင့် လခြမ်းကွေး၏ အလင်းရောင်အောက်တွင် အရာရာက မှောင်မည်းနေသည်။ လွန်းဝါကတော့ တွဲလေဲကြီးနှင့်



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်သက်လျက်ပင်၊ သံဝေဂရစရာအဖြစ်ကို မတုန်မလှုပ်ရပ်ကြည့်နေမိသည်။

သို့နှင့် . . . ရှာဖြန်ပြီး ဘဇော်လေးအား အဆောတလျင် သင်္ဂြိုဟ်ဖို့ စီမံဆောင်ရွက်ကြရသည်။ မြေမြှုပ်အပြီး . . အငယ်ဆုံးလေးမို့ မိသားစုအားလုံး ဖြည့်မဆည်နိုင်ဖြစ်ရလေသည်။







# အခန်း (၂၁)

ညသန်းခေါင်ယံကျော် အချိန်ရောက်တော့မှ မောရစ်စမ်းသပ်ခန်းရှိသော နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးဆီသို့ ဘမှန် လျှောက်လာမိသည်။ ကိုယ်နှင့်မကွာဆောင်ထားသော သော့ဖြင့်ဖွင့် ဝင်ခဲ့သည်။ အထဲရောက်တော့ တစ်ချိန်က ဒေါက်တာမောရစ်ကို သတိရသွားသည်။

တစ်ဆက်တည်းဆိုသလိုပင် ဘဇော်လေးကို မျက်လုံးထဲမြင် လာကာ စမ်းသပ်ခန်းထဲရှိပစ္စည်းများကို ကန်ကျောက်ပစ်လိုက်၏



www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း!. . ခလွမ်း!. ."

ပြီးမှ ထိုအိမ်ထဲက ပြန်ထွက်လာခဲ့လိုက်သည်။

အိမ်ရှေ့အရောက်တွင် အရိပ်မည်းကြီးတစ်ခုကို တွေ့လိုက်ရ၏။

"ဟင်!. ."

အမှတ်တမဲ့မို့ အကြီးအကျယ် ထိတ်လန့်သွားသည်။ စိတ်တင်းပြီး မီးအိမ်မြှောက်၍ အသေအချာကြည့်လိုက်ရာ မောရစ် ဖြစ်နေသည်။ လွန်းဝါရဲ့အလောင်းအား ခါးတွင်ပိုက်ကာ သူ့အား လှမ်းခေါ်လေ၏။

"ဘမှန်"

"ဟင်!. . ဒေါက်တာ"

တကယ်တမ်း မျက်နှာချင်းဆိုင် တွေ့လိုက်ချိန်တွင်. .

"ဒေါက်. . ဒေါက်တာ စကားပြောလို့ရတယ်လား"

"ပြောနိုင်တယ်၊ ဖတ်နိုင်တယ်. . ပြီးတော့ တွေးလည်းတွေးနိုင်နေပြီ၊ လူတွေအကြောင်းကို တော်တော်လည်း သိနေပါပြီကွာ"

လွန်းဝါအလောင်းကို သူ့ရှေ့ပစ်ချရင်း မောရစ် ပြောလိုက်၏။ အသံသြသြကြီးနှင့် တစ်လုံးချင်း လေးလေးဖင့်ဖင့် ပြောနေခြင်းဖြစ်သည်။ လွန်းဝါအလောင်းကို ဒရွတ်တိုက်ဆွဲကာ ဘမှန်အား. . ဆောင့်ကန်မည့်ဟန်လုပ်ပြရင်း. .

"ကဲ. . အထဲမှာပဲ ပြောရအောင်ကွာ"

အိမ်ထဲဝင်ခိုင်းနေသည်မို့ ဘမှန် နောက်ဆုတ်နောက်ဆုတ်နှင့် ပြန်ဝင်ခဲ့ရသည်။ လွန်းဝါကို ခွဲစိတ်ခုတင်ပေါ် အသာအယာချထားလိုက်ပြီးနောက် သူတို့နှစ်ယောက် မျက်လုံးချင်းဆိုင်ကာ ကြည့်



ဖြစ်ကြသည်။

သူ့ဟန်ပန်က ဒီအိမ်နှင့် ဒီခွဲစိတ်ခန်းကို မှတ်မိပုံမပေါ်။

အင်းလေ. . သူ့ကိုသတ်ခဲ့တဲ့ သင်းအုပ်ဆရာဒေးဗစ်ရဲ့ ဦးနှောက်နဲ့နှလုံးပဲ သူ့ခန္ဓာကိုယ်ထဲမှာ ရှိတာမဟုတ်လား။

တစ်ယောက်ရဲ့ကိုယ်ထဲကထုတ်ပြီး နောက်တစ်ဦးဆီ ပြန်ထည့်ချိန်တွင် မှတ်ဉာဏ်တွေ အကုန်ပျောက်သွားတာပဲဖြစ်မည်ဟု ဘမှန် ကောက်ချက်ချရင်း. . .

"ခင်ဗျား ကျုပ်ကို ဘယ်လိုရှာတွေ့ခဲ့တာလဲ"

ဒေါက်တာက အိတ်ထဲမှ စာအုပ်တစ်အုပ်ထုတ်ပြ၏။

"ဒါ မင်းရဲ့စာအုပ် မဟုတ်လား"

သူ၏ ခွဲစိတ်မှတ်တမ်းစာအုပ်မှန်း ဘမှန် သိလိုက်သည်။ ဒီတော့လည်း ဒေါက်တာ ဒီကိုပြန်ရောက်လာတာ အံ့သြစရာမဟုတ်တော့။

"ဒါဆို ဒေါက်တာ ကျုပ်ကိုသတ်ဖို့ လိုက်လာတာပေါ့"

"ငါ ဒီလိုဖြစ်နေတာမင်းကြောင့်၊ မင်းက ငါ့ဘဝပျက်အောင်လုပ်ခဲ့တာပဲ၊ ငါ့ကို ဒီလိုပုံစံကြီး မင်းလုပ်ခဲ့တာ၊ လောလောဆယ်တော့ မင်းကိုမသတ်သေးပါဘူးကွာ"

"ကျုပ်. . ကျုပ်ညီကို သတ်တာ ခင်ဗျားမဟုတ်လား"

"မရည်ရွယ်ဘဲ ဖြစ်သွားတာပါ၊ ငါ မင်းညီကို လက်တစ်ဖက်တည်းနဲ့ ကိုင်လိုက်တယ်၊ ပြီးတော့ မလိုက်တယ်၊ မြေကြီးနဲ့ အတော်မြင့်မြင့်ကို သူမြှောက်တက်လာတယ်၊ ငါ မင်းညီလေးကို ကိုင်ထားတဲ့ အချိန်မှာ မင်းမျက်နှာကိုပဲ မြင်ယောင်နေတယ်၊ အဲဒီမှာပဲ ဖြည်းဖြည်းချင်း သူ့ရဲ့လည်ပင်းကို လိမ်ချိုးပစ်လိုက်မိတယ်"

www.burmeseclassic.com

www.burmeseclassic.com



ဘမှန် အံ့ကြိတ်ရင်း သက်ပြင်းသာ မှုတ်ထုတ်နေမိသည်။

"ဒီလိုကြမ်းတမ်းတဲ့ စိတ်ခံစားမှုတွေကို မင်းပဲပေးခဲ့တာလေ၊ အခု မချမ်းဘောမှာ ငါတို့နှစ်ယောက်ကြောင့် လူနှစ်ယောက် သေသွားရပြီ၊ မှတ်တမ်းထဲမှာ ရေးထားတဲ့ပုံအရ မင်းလုပ်တာတွေ အရမ်းကိုမှားနေပြီ၊ ငါဘယ်သူလဲဆိုတာ မင်းသိမှာပေါ့"

"ခင်ဗျားက ဒေါက်တာမောရစ်ပါ"

"ဒေါက်တာမောရစ် . . ဒါတွေကို ငါစဉ်းစားလို့မရဘူး၊ မှတ်လည်း မမှတ်မိဘူး၊ အဲဒီတော့ ငါဒီအတိုင်းတစ်ယောက်တည်းတော့ မနေနိုင်ဘူး၊ ငါ့ဆန္ဒတစ်ခုကို မင်းဖြည့်ဆည်းပေးရလိမ့်မယ်"

ဘာတွေထပ်ပြီး တောင်းဆိုဦးမှာလည်းတွေးကာ ဘမှန်ချွေးစို့လာသည်။

"မင်းကငါ့ကို ဘဝတစ်ခုပေးခဲ့တယ်၊ ငါ့ကိုမွေးဖွားပေးခဲ့သူလည်းဖြစ်တယ်၊ ဒါပေမဲ့ အဲဒီဘဝက အသေကောင်ကြီးလို ဖြစ်နေတယ်၊ မင်းလည်း ငါ့ကိုမကောင်းဆိုးဝါးတစ်ကောင်လို သတ်မှတ်ထားမှာပဲ"

မောရစ် စကားခဏဖြတ်လိုက်သည်။ သူ့မျက်ဝန်းတွေ အရောင်တလက်လက် တောက်ပလာတာ မြင်တွေ့ရ၏။

"ငါ တစ်ခုခုလိုချင်နေတယ်၊ ငါ့ဘေးနားမှာ အမြဲရှိနေနိုင်မယ့် အဖော်မွန်ကိုပေါ့၊ သူက မိန်းကလေးဖြစ်ရမယ်၊ ပြီးတော့ ငါ့လို အသက်ပြန်သွင်းထားတဲ့ လူမျိုးလိုပေါ့၊ ဒါဆို သူလေးငါ့ကို မမုန်းနိုင်တော့ဘူး"

ဒေါက်တာ တောင်းဆိုမှုကြောင့် အံ့ဩလွန်းသဖြင့် ဘမှန် မျက်လုံးပြူးသွားရသည်။





"ခင်ဗျားလို မိန်းကလေးတစ်ယောက်ကို အသက်ပြန်သွင်းပေးရမယ် ဟုတ်လား"

"ဟုတ်တယ် . . ငါတစ်ယောက်တည်း ဒီလိုဘဝကြီးထဲ မရပ်တည်ချင်ဘူး၊ ဘဝတူမိန်းကလေးတစ်ယောက် လိုတယ်"

ဘမှန် မောရစ်ကို စေ့စေ့တစ်ချက်ကြည့်ပြီး . .

"ဒါဆို ခင်ဗျားတို့ ဘယ်မှာနေကြမှာလဲ"

"ငါတို့တွေ သွားကြမှာပေါ့ . . မြောက်ဘက်စွန်းက တောင်တွေပေါ် သွားနေမယ်လေ၊ လူတွေခြေချလို့မရတဲ့ နေရာတွေကို ငါတို့သွားနေမယ်၊ ငါ့ဘဝကို ဒီမိန်းကလေးနဲ့ပဲ ဖြတ်သန်းတော့မယ် ဘယ်သူမှလည်း ငါတို့ကိုမမြင်ရတော့ဘူးပေါ့ကွာ၊ ဒါတွေအားလုံးဖြစ်ဖို့ မင်းငါ့ကို ကူညီရလိမ့်မယ်"

ဘမှန်သေချာစွာ စဉ်းစားပြီးမှ . .

"ခင်ဗျား မှန်တယ်လို့ထင်နေတဲ့ အရာအားလုံးက မှားယွင်းနေတယ်နော်၊ ဘာပဲဖြစ်ဖြစ် ကျုပ်အမှားအတွက် ခင်ဗျားကိုကျုပ်လုပ်ပေးမှာပါ"

"သူ့ကို ငါလိုချင်တယ်"

လွန်းဝါအလောင်းအား ညွှန်ပြကာ ပြောလာလေသည်။ သူနှင့် ငယ်ငယ်ကတည်းက အတူနေလာခဲ့သော မလွန်းဝါကို . . ဘမှန် အစ်မတစ်ယောက်လိုချစ်၏။ ထို့အတွက် သူမကို ဒီဒုက္ခတောထဲ ဆွဲမသွင်းရက်ပေ . .

"ခင်ဗျား . . ဘာလို့ သူ့ကိုရွေးရတာလဲ"

"ငါ သူ့ကိုသဘောကျတယ် ဘမှန်"

"တစ်ခြား မိန်းကလေးတစ်ယောက်ကို ရွေးပါလားဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကိုပဲ ငါလိုချင်တယ်"

ဘမှန် ချက်ချင်းကျောခိုင်းကာ လှည့်ထွက်သွား၏။ မောရစ် နောက်မှလှမ်းဆွဲကာ ဘမှန်အား လည်ပင်းညစ်လေတော့သည်။

"အား!. ."

"မင်းငါ့ကို လုပ်ပေးမယ်လို့ ကတိပေးထားပြီးပြီ ဘမှန်"

"ကျုပ်မလုပ်နိုင်ဘူး"

"ငါ မင်းကိုသတ်ပစ်လို့ရတယ်"

"လုပ်စမ်းပါ ကျုပ်ကိုသတ်လိုက်စမ်းပါ"

"မင်း ငါ့ကိုလိမ်တာပဲ ဘမှန်၊ မင်းအလှည့် ရောက်လာအုံးမှာပါ ဘမှန်ရာ"

မောရစ် ပြောရင်း. . ညှစ်ထားသောလက်ကို ဖြေလျှော့ပေးလိုက်သည်။ ပြီးနောက် ဘမှန်ကို ခပ်စူးစူးတစ်ချက်ကြည့်ပြီး ထွက်သွားလေတော့သည်။









# အခန်း (၂၂)

"ကို ကို. . ဘာဖြစ်လာတာလဲဟင်၊ မျက်နှာလည်းမကောင်းပါလား"

ဘမှန် ဘာစကားမှမပြောဘဲ အိမ်ထဲတန်းဝင်သွား၏။

"မြလေးကို မပြောပြတော့ဘူးလား၊ ကိုကို ဘာတွေဖြစ်လာသလဲဆိုတာ"

မြလေး ဘမှန်လက်ကိုဖမ်းဆွဲကာ မျက်ရည်စက်လက်နှင့် ပြောလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကို မြလေးကို မချစ်တော့ရင်လည်း မြလေးဒီအိမ်မှာ မနေတော့ပါဘူး"

မြလေး ပြောပြောဆိုဆိုနှင့် သူ့အခန်းဆီပြေးသွားကာ အဝတ်အစားများကို သိမ်းလေသည်။ ဘမှန် ထိုင်ခုံတွင်ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး ဘာပြောရမှန်းမသိ ဖြစ်သွား၏။ စိတ်ထဲတွင်လည်း အတော်မွန်းကျပ်နေသည်။

မြလေးထွက်သွားပါက သူမအတွက် အသက်အန္တရာယ်ပင် စိုးရိမ်ရသော အခြေအနေဖြစ်နေ၏။

မောရစ်က မြလေးကိုလည်း. . အလွတ်ပေးမည်မဟုတ်ကြောင်း ဘမှန်သိထား၍လည်းဖြစ်သည်။ အဝတ်အစားထုပ်များဆွဲကာ သူ့ရှေ့မှ မြလေးထွက်သွားလေပြီ။

မြလေး အိမ်ရှေ့အရောက်. . .

"မြလေး. . မြလေး"

ဘမှန် အမောတကော ပြေးလိုက်ကာ တားရသည်။

"နေအုံး. . မြလေး၊ မြလေးကို ကိုကို ပြောစရာတွေရှိသေးတယ်"

သူ့စကားကို နားမထောင်ဘဲ မြလေး လှည့်ထွက်သွား၏။

"မြလေး. ."

ကျယ်လောင်စွာ အော်လိုက်သော ဘမှန်အသံက တစ်အိမ်လုံး ဟိန်းသွား၏။ ဒီတော့မှ မြလေး ခြေလှမ်းတွေရပ်သွားကာ သူ့ကို လှည့်ကြည့်သည်။

"မြလေးကို ဘာပြောချင်တာလဲ ပြောလေ"

အားနွဲ့သော အသံလေးဖြင့် မြလေးပြန်ပြောလိုက်၏။





"မသွားပါနဲ့လား. . မြလေးရယ်"

လေးဖင့်စွာ စကားလုံးတစ်လုံးချင်း ထွက်လာ၏။

"ကိုကို အရမ်းကြောက်နေမိတယ် မြလေး"

"ဘာကိုကြောက်တာလဲ"

"ကိုကို ကြီးမားတဲ့အမှားကြီးကို လုပ်ခဲ့မိပြီ မြလေးရယ်၊ အဖြစ်မှန်တွေကို ဖွင့်ပြောဖို့ အရမ်းကြောက်နေမိတယ်၊ မြလေးကို ကိုကို အဆုံးရှုံးမခံနိုင်ဘူး"

ဘမှန် မြလေးကိုကြည့်ပြီး မျက်လုံးများမှေးစင်းလာကာ. .

"ကိုကို ဘာဆက်လုပ်ရမှန်း မသိတော့ဘူး မြလေးရယ်"

ဘမှန် ဝမ်းနည်းကာ နေရာမှာတင် ထိုင်ချလိုက်လေ၏။

ဒီတော့လည်း မြလေး မနေနိုင်တော့၊ ဆွဲထားသော အဝတ်အိတ်ကိုပစ်ချပြီး ဘမှန်ဆီပြေးလာတော့သည်။ အနားအရောက် တစ်ယောက်ကို တစ်ယောက်တင်းကျပ်စွာ ဖက်ထားလိုက်ကြ၏။

"မြလေးတို့နှစ်ယောက် လက်ထပ်ကြရအောင်လား ကိုကိုရယ်၊ မြလေးတို့ ဒီနေ့ပဲ လက်ထပ်ကြရအောင်လားဟင်၊ မြလေးငအရာရာကို ရင်ဆိုင်ကြမယ်လေ၊ မြလေး ကိုကိုကိုအရမ်းချစ်တယ်"

ထိုနေ့မှာပင် မင်္ဂလာပွဲကို အိမ်ထဲ၌ အကျဉ်းရုန်းကျင်းလိုက်သည်။

နေမကောင်းသည့် ဖခင်ဒူးဝါးကြီးမှာ အိပ်ရာထဲမှ သူတို့ဇနီးမောင်နှံကိုကြည့်ရင်း ဝမ်းသာမဆုံး ဖြစ်နေတော့သည်။

အားကိုးလောက်စရာ သားကြီးကလည်း ဒူးဝါးအမွေဆက်ခံကာ ထည်ဝါခမ်းနားသည့်ဘဝကို စတင်လျှောက်လှမ်းနေဖြစ်သလို ဇနီးချောလည်းရှိနေပြီမို့ စိတ်ချလက်ချဖြစ်နေဟန်လည်း



www.burmeseclassic.com

www.burmeseclassic.com



တူသည်။

မောရစ် ရောက်လာမည်ကို ဘမှန်ကြိုသိနေ၏။ သူလိုချင်သော မိန်းကလေးအား အသက်မသွင်းပေးခဲ့၍ အခုချိန်လောက်ဆိုဒေါသတွေ မီးဟုန်းဟုန်းတောက်နေလောက်ပြီ ဖြစ်သည်။

ထို့ကြောင့် မင်္ဂလာဦးနေ့ရက်တွေကို ခြေရာဖျောက်ရန် သေနတ်သမားတစ်ချို့ကိုခေါ်ကာ တောင်ပေါ်မှ သူတို့ပိုင်သော အိမ်ကြီးဆီသို့ သွားရှောင်နေရန် ကြံစည်ရလေသည်။

"မင်းတို့တွေ စိတ်ချသွားပါကွာ၊ မင်းအဖေကို ငါစောင့်ရှောက်ထားလိုက်ပါ့မယ်"

သူငယ်ချင်း မောင်ပေါက်ကျိုင်း၏ စကားကြောင့် ဘမှန်ရော၊ မြလေးပါ စိတ်ချသွားပြီး. . လက်ပြနှုတ်ဆက်ကာ သူတို့အုပ်စုမြင်းကိုယ်စီနှင့် ထွက်သွားကြလေတော့သည်။

ထိုစဉ်. . ဘမှန်တို့အား အိမ်ပေါ်ရှိ ဒူးဝါးကြီးအခန်းပြတင်းပေါက်မှ လှမ်းကြည့်နေသူရှိ၏။ အခြားသူမဟုတ်. . ဒေါက်တာမောရစ်သာဖြစ်၏။ ဒူးဝါးကြီးဦးစံဖဲမှာတော့ ခုတင်ပေါ်တွင် မျက်လုံးကြီးပြူးထွက်ကာ အသက်ထွက်နေလေပြီ။

"မင်းအဖေ ဒူးဝါးကိုတော့ တမလွန်ပို့လိုက်ပြီ ဘမှန်"

တောင်ပေါ်အိမ်ကြီးဆီသို့ နေဝင်မှ ဘမှန်တို့ ရောက်သွားကြ၏။ နှစ်ထပ်အိမ်ကြီးဖြစ်ပြီး လုံခြုံရေးအတွက် သေနတ်သမားများကို နေရာလိုက်ချပေးနေရသေးသည်။

"ဆရာ ဘမှန်ရယ် ဘာမှစိတ်ပူမနေပါနဲ့ဗျာ. .၊ ဆရာ့ရဲ့မင်္ဂလာဦးညမှာ ဇနီးဘေးမှာပဲ နေသင့်တယ်လေ၊ အပေါ်မှာ ဆရာမိန်းမ စောင့်နေလောက်ပြီ တက်သွားလိုက်ပါအုံး"





ထိုအခါမှ မြလေးကို သတိရသွားကာ အိမ်အပေါ်ထပ်သို့ပြေးတက်သွား၏။ အခန်းထဲ ဖယောင်းတိုင်များ လိုက်ထွန်းရင်းမြလေးတစ်ယောက် ပျော်မြူးနေ၏။

"ကျွိ. . "

တံခါးဖွင့်သံကြား၍ မြလေးလှည့်ကြည့်လိုက်သည်။ အခန်းထဲဝင်လာသူက ဘမှန်ဖြစ်နေပြီး နှစ်ယောက်သား အကြည့်ချင်းဆုံကာ တစ်ယောက်ကိုတစ်ယောက်ပြုံးပြကြသည်။ တံခါးပိတ်လိုက်ပြီးလက်ထဲမှသေနတ်ကို ခုံပုလေးပေါ်တင်လိုက်သည်။

ထို့နောက် မြလေးအနား တိုးကပ်သွားလိုက်သည်။

"အစ်ကို့လက်တွေ အေးစက်နေပါလား"

"ဟုတ်တယ် မြလေး ကိုယ်အရမ်းပင်ပမ်းသွားလို့ပါ"

နှစ်ယောက်သား အိပ်ရာပေါ်လဲကျသွား၏။ ငယ်စဉ်တောကျေး ကလေးဘဝကတည်းက စတင်ခဲ့သည့် မောင်နှမဆက်ဆံကို ဒီညအဆုံးသတ်ပစ်ကြတော့မည်ဖြစ်၏။ ထိုစဉ် ပုလွေမှုတ်သံဘမှန်နားထဲ၌ ကြားလိုက်ရသည်။

ထို့နောက်. . .

"ထိန်း!. . "

သေနတ်သံကြောင့် ဘမှန် အိပ်ရာထက်မှ ဖာတ်ခနဲလိုက်ကာ. .

"မြလေး တံခါးတွေကိုမင်းတုံးသေချာချထားလိုက်. . ကိုပြန်လာခဲ့မယ်"

ခုံပုလေးပေါ်မှ သေနတ်ကိုကောက်ယူကာ အောက်ဆင်းလာခဲ့သည်။ မြလေးမျက်နှာလေး ဆူပုပ်ကာ အိပ်ရာပေါ်



www.burmeseclassic.com

www.burmeseclassic.com



လှဲချလိုက်တော့သည်။ အောက်ထပ်ရောက်သည်နှင့် သေနတ်သ
မားများက. .

"ကျွန်တော် နှင်းလူကြီး ဖြတ်ပြေးသွားတာ မြင်လိုက်လို့
ပစ်လိုက်တာဆရာ"

"တွေ့တာနဲ့ မသေမချင်းပစ်သတ်ပစ်ကွာ"

"ဟုတ်ကဲ့. . ဆရာ"

သေနတ်သမားနှစ်ယောက်ကို လှမ်းခေါ်ကာ ပူပူနွေးနွေး
ဇနီးသည်အခန်းကို အောက်ထပ်မှ စောင့်ကြည့်နေစေသည်။ အိမ်
ပေါ်ထပ်တွင်တော့ အစောင့်တစ်ယောက်မှမရှိ။

ကျန်သေနတ်သမားများနှင့် ဘမှန်က အိမ်ကိုပတ်ရှာကြ
သည်။

"ဘယ်ရောက်သွားပြီလဲ မသိဘူး၊ မတွေ့ရတော့ဘူး ဆရာ
ရေ"

ထိုစဉ် ရုတ်တရက် ဘမှန် ဇနီးသည်အခန်းဆီကို မော့ကြည့်
လိုက်သည်။ ပြူတင်းပေါက်တံခါး ပွင့်နေတာတွေ့၍ မြလေးအတွက်
စိတ်ပူသွားမိသည်။ ထိုအချိန်တွင် အိပ်ရာပေါ် လဲလျောင်းနေသော
မြလေးမှာ အထိအတွေ့ထူးကို ခံစားလိုက်ရ၍. . .

"ကိုကိုလားဟင်"

မြလေး လှည့်ကြည့်လိုက်စဉ် လက်ကြမ်းကြမ်းကြီး တစ်ဖက်
က မြလေးပါးစပ်အား လှမ်းအုပ်လိုက်၏။

"မအော်နဲ့နော်. ."

"အုံ. . အုံ. . အုံ. . ."

အော်ဖို့ကြိုးစားနေသဖြင့် နှင်းလူကြီးမောရစ်က. .





"ငါ့ကိုစိတ်တိုလာအောင် မလုပ်နဲ့"

မြလေး မျက်နှာငယ်လေးနှင့်. . မအော်ပါဘူးဆိုသောသ
ဘောဖြင့် ခေါင်းညိတ်ပြလိုက်၏။ မောရစ်လည်း အုပ်ထားသော
လက်ကို ဖြည်းဖြည်းချင်းခွာပေးလိုက်သည်။

"ကျွန်မ. . ကျွန်မကို မသတ်ပါနဲ့ရှင်"

မောရစ် မြလေးအပေါ် မှိုးကြည့်ကာ. .

"မင်းလေးက. . ငါလိုချင်တဲ့ မိန်းကလေးထက်တောင် အ
တော်လှနေတာပါလား"

ဘမှန်နှင့်တပည့်များ အိမ်ပေါ်သို့ ပြေးတက်လာနေကြပြီ။

"မြလေး. . မြလေး. . တံခါးမြန်မြန်ဖွင့်"

တံခါးကို တဝုန်းဝုန်းထုကာ တကျော်ကျော်အော်ခေါ်သော်
လည်း တံခါးပွင့်မလာသဖြင့် ဘမှန်ရင်ထဲ မီးတောက်လာသည်။
ပူပန်စိတ်၏ စေ့ဆော်မှုကြောင့် အခန်းတံခါးကို ပခုံးစောင်းနှင့် တွန်း
တိုက်ဖွင့်လိုက်သည်။

"ဝုန်း!. . ဒုန်း!. ."

တံခါးပွင့်သွားလေပြီ။ မြင်ရသည့်မြင်ကွင်းက မလှပ. . . ၊
အိပ်ရာပေါ်တွင် လဲနေသော မြလေးအပေါ် ခွစီးထားသည့် မောရစ်
အား တွေ့လိုက်ရ၏။ ထိုအချိန်တွင် မောရစ်က ညာလက်ကို အား
ကုန်မြှောက်လိုက်ပြီး မြလေး၏ ဘယ်ရင်အုံအား လက်သည်းချွန်
များဖြင့် ထိုးဖောက်လိုက်တော့သည်။

"မလုပ်နဲ့. ."

"အား!!. ."

မြလေး၏ အသည်းနှလုံးကား မောရစ်လက်ထဲတွင် ပြန်ပါ



www.burmeseclassic.com

www.burmeseclassic.com



လာ၏။ မြလေး တဆတ်ဆတ်တုန်နေကာ ရင်ဘတ်မှလည်း သွေးများပန်းထွက်နေလေ၏။ မောရစ်လက်ထဲမှ မြလေးအသည်းနှလုံးကလည်း တဒုတ်ဒုတ်ခုန်နေဆဲ. . .

ထိုအသည်းနှလုံးလေးကို. . တံခါးဝတွင် ကြောင်ကြည့်နေသော ဘမှန်အား မြှောက်ပြလိုက်သည်။ ဘမှန်ရင်ထဲ မီးခဲမြှုချိုင်းသလို ခံစားလိုက်ရသည်။

"ဘမှန်. . ငါက ကတိတစ်လုံးကို တန်ဖိုးထားတယ်ကွ"

ဘမှန်တို့ လျှပ်တပြတ် လှုပ်ရှားလိုက်ကြတော့သည်။

"ပစ်. . ပစ်. ."

"ထိန်း!. . ထိန်း!. ."

သူတို့ထက်လျှင်သော မောရစ်က ပြတင်းပေါက်မှ ခုန်ချသွားလေတော့၏။ ဘမှန် အိပ်ရာထက်တွင် အသက်မဲ့နေပြီဖြစ်သော ရင်ဟောင်းလောင်းပွင့်နေသည့် မြလေးအား ပွေ့ချီလိုက်သည်။

"မြလေး. . မြလေး. . ဒါတွေအားလုံး ကိုကို့ကြောင့်၊ ကိုကို့ကြောင့်. .၊ မြလေး မသေရဘူး၊ မြလေးကို အသက်ပြန်သွင်းမယ်"

သွေးရူးသွေးတမ်းနှင့် ပြောဆိုရင်း မြလေး၏ သက်မဲ့ခန္ဓာကို အောက်ထပ်သို့ ပွေ့ချီလာသည်။ အိမ်ရှေ့အရောက် မြလေးအလောင်းကို မြင်းပေါ် လှမ်းတင်လိုက်ချိန်တွင် မြင်းတစ်စီး သူတို့ရှိရာဆီ ဒုန်းဆိုင်းပြေးလာနေသည်။ သူတို့နားအရောက် မြင်းပေါ်မှ သေနတ်သမားတစ်ယောက် အမောတကောပြေးဆင်းလာပြီး. .

"ဆရာ. . ဆရာဘမှန်. . ဒူးဝါးကြီးဆုံးသွားပြီ"

"ဘာ!!. ."

ဘမှန် ခဏမျှတွေဝေသွားသည်။ မျက်နှာကို လက်ဖြင့်ပွတ်





သပ်ချလိုက်ပြီး. .

"ငါ့ဘဝမှာ နောက်ထပ်ဆုံးရှုံးဖို့ ဘယ်သူမှ မရှိတော့ဘူးပေါ့ကွာ"

အဖေလည်းဆုံးပြီတဲ့။ သူ့ဘေးနားမှ သူ့ကိုချစ်သူခင်သူတွေအားလုံး သူ့ပယောဂနှင့်ဆက်နွယ်ကာ အသက်ဆုံးရှုံးကြရပြီ။ ထိုအဖြစ်အတွက် ဘမှန်ရင်တွေ ပေါက်ကွဲထွက်လုမတတ် နာကျင်ခံစားနေရ၏။ တွယ်တာစရာ ဘာမှမရှိတော့သည့်ဘဝမှာ မြလေးကိုတော့ ထပ်ပြီးအဆုံးရှုံးမခံနိုင်တော့. . .

မြင်းပေါ် ခုန်တက်လိုက်ကာ ဒေါက်တာမောရစ် ဓာတ်ခွဲခန်းရှိသောအိမ်ကြီးဆီသို့ ဦးတည်ထွက်လာခဲ့၏။ ဓာတ်ခွဲခန်းသို့အရောက်တွင် ရေခဲကန်ထဲမှ ထည့်ထားခဲ့သော လွန်းဝါအလောင်းကို ဆယ်လိုက်၏။ မြလေး၏ ခန္ဓာကိုယ်ကို စစ်ဆေးကြည့်သည့်အခါ ရင်ခေါင်းဟောင်းလောင်းနှင့် နံရိုးများပါ ကျိုးကြေနေသည်မို့ ပြန်လည် အသုံးပြုဖို့ မဖြစ်နိုင်တော့တာ တွေ့ရသည်။ ကြိုးဆွဲချခံထားရသော လွန်းဝါအလောင်း၏ ခန္ဓာကိုယ်တွင် အပျက်အစီး လုံးဝမရှိသေး. .။

ဘမှန် ဦးနှောက်ခြောက်သွား၏။ သေချာစဉ်းစားကြည့်တော့ သူ့အတွက်ပြန်ရှင်သန်လာမည့် မြလေးမှာ စင်းလုံးချော မဖြစ်နိုင်တော့ပေ။ လွန်းဝါ၏ကိုယ်နှင့် မြလေး၏ခေါင်းကိုဆက်ပြီး အစားထိုးရန် ဆုံးဖြတ်လိုက်သည်။ ဒါမှ မြလေးဦးနှောက်ကို မထုတ်သဖြင့် မှတ်ဉာဏ်တွေမပျောက်ဆုံးနိုင်ကြောင်း ဘမှန်တွက်ဆမိသည်။ ထို့ကြောင့် မပုပ်မသိုးခင် အမြန်လဲလှယ်မှဖြစ်မည်။ လွန်းဝါ၏ လည်ပင်းကို အသားလှီးဓားမကြီးဖြင့် ခုတ်ချလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ခွင့်လွှတ်ပါ အမလွန်းဝါ"

"ဒုတ်!. ."

လွန်းဝါ ဦးခေါင်းပြတ်ကြီးမှာ ကြမ်းပြင်ပေါ် သို့ ပြုတ်ကျသွား လေ၏။

ထို့နောက် မြလေးဦးခေါင်းကိုဖြတ်ဖို့ လုပ်ရပြန်သည်။ မြလေးမျက်နှာကိုကြည့်ပြီး မလုပ်ရက်သော်လည်း မြလေးပြန်ရှင်လာဖို့က ဘမှန်အတွက် အဓိကဖြစ်နေသည်။

ဘာပဲဖြစ်ဖြစ် မြလေးသေပြီးပြီးချင်းမို့ သူ့ကိုမှတ်မိမည်ဟု ဘမှန်တွေးထင်နေ၏။ မြလေး၏ မှတ်ဉာဏ်ဦးခေါင်းပိုင်းတစ်ခုလုံးကို ပြန်သုံးမည်ဖြစ်၍ အရာရာသူ့ကိုမှတ်မိနိုင်လိမ့်မည်။

ဘမှန် အတွေးဆုံးသွားသည်နှင့်. .

"ဒုတ်!. ."

မြလေး၏ ဦးခေါင်းလည်း ကြမ်းပြင်ပေါ် လိမ့်ကျသွားလေပြီ။ ဒီတစ်ခါတော့. . ဘမှန် လိုက်ကောက်ရသည်။ မြလေးဦးခေါင်းကို ပိုက်ယူကာ ခေါင်းမရှိတော့ပြီဖြစ်သော လွန်းဝါခန္ဓာကိုယ်နှင့် တွဲဖက်ချုပ်နှောင်သည်။ သွေးကြောများနှင့် အာရုံကြောများ ပြန်တွဲဆက်ပြီး လည်ပင်းနေရာ၌ ချုပ်ရိုးကို ခပ်စိတ်စိတ်ကလေးချုပ်၏။ ဦးနှောက်အား ပြန်အသက်သွင်းရန် အပ်စိုက်ဖို့ ဆံပင်များကို ရိတ်သင်ရသည်။

အသက်ထွက်ခါနီးက နာကျင်မှုဝေဒနာကို အဆုံးစွန်ထိ ခံစားခဲ့ရသဖြင့် မြလေး မျက်လုံးများပြူးထွက်နေသည်။ မျက်ခွံက ပိတ်လို့မရ၍ အနည်းငယ်ဆွဲစိကာ ချုပ်ရသေးသည်။ အားလုံးစိတ်တိုင်းကျ ပြင်ဆင်ပြီးသည်တွင် ရေချိုးကန်ထဲ ရေဖြည့်ကာ လွန်းဝါကိုယ်နှင့် မြလေးဦးခေါင်းတွဲထားသော ခန္ဓာကိုယ်အား ကန်ထဲထည့်





လိုက်သည်။ ခြေလက်များနှင့် ဦးခေါင်း၊ နှလုံးတို့တွင် ကြေးနန်းကြိုးနှင့်ဆက်ထားသော အပ်ချွန်များထိုးစိုက်လိုက်သည်။

ဒိုင်နမိုကိုဖွင့်ပြီး လျှပ်စစ်ဓာတ်အားကို ထုတ်လွှတ်လိုက်သည်။ ရေကိုဖြတ်သန်းကာ ဓာတ်အားတို့ စီးဆင်းသွားတာကိုပင် မြင်နေရသည်။ အလင်းရောင်အားနည်းနေ၍ မှန်အိမ်ကိုကိုင်ကာ ကန်ထဲမှ ခန္ဓာကိုယ်၏အခြေအနေကို မျက်ခြေမပြတ်ကြည့်သည်။

တစ်ကိုယ်လုံးတွန့်လိမ်ကာ အကြောတွေဆွဲနေတာကို တွေ့ရ၏။ သတ်မှတ်ချိန်ပြည့်သည်တွင် ဒိုင်နမိုပိတ်ပြီး မြလေးအား ရေကန်ထဲမှ ဆွဲထုတ်ယူလိုက်သည်။ ဘယ်ဘက်ရင်အုံအပေါ် နားကိုနားကပ်စမ်းသပ်ကြည့်သည်။ ရင်ခုန်သံ နရီစည်းချက်က မမှန်သေး၊ စိတ်စောလောကြီးစွာဖြင့် ကျောကုန်းကို ထုပေးကာ နှလုံးကိုဆွပေးလိုက်သည်။

"အဟွတ်. . အဟွတ်. . အဟွတ်"

မြလေးဆီမှ အသံထွက်လာ၍ ဘမှန် အကြီးအကျယ် ဝမ်းသာသွား၏။ သူ မြလေးကို အသက်ပြန်သွင်းနိုင်ခဲ့ပြီလေ။ မြလေးအား သွေးစွန်းနေသည့် မင်္ဂလာဝတ်စုံကိုပင် ပြန်ဝတ်ပေးထားလိုက်သည်။ ပြီးတော့. . . ထိုင်ခုံတစ်လုံးတွင် သက်သောင့်သက်သာဖြစ်အောင် နေရာချထားပေးလိုက်၏။ ခေါင်းငိုက်စိုက်ကျနေသဖြင့် မေးဖျားမှကိုင်ကာ ခေါင်းကိုမော့ပေးထားရ၏။ လှုပ်ရှားခြင်းမရှိတော့သော မျက်ခွံများကြောင့် အနည်းငယ်မျက်လုံးပြူးနေ၏။ မြလေးပုံစံက မောရစ်ပုံစံနှင့် ထူးမခြားနားပင် အရုပ်ဆိုးအကျည်းတန် နေလေသည်။

ကျို့တို့ကျဲတဲဆံပင်၊ လည်ပင်းချုပ်ရိုးဗလပွနှင့် ကြောက်စရာ



www.burmeseclassic.com

www.burmeseclassic.com



မြလေးမျက်နှာက ဘမှန်အတွက်တော့ အားဆေးတစ်ဖုံပင် ဖြစ်နေတော့သည်။ မြလေး မျက်ဝန်းများက သူ့ကိုမမြင်ဖူးသူလို စူးစူးနစ်နစ်စိုက်ကြည့်နေ၏။

"မြလေး. . မြလေးရှေ့မှာရပ်နေတာ ဘယ်သူလဲကြည့်ပါဦး၊ ကိုကို့နာမည်ကို မှတ်မိလား၊ ကိုကို့နာမည်ဘယ်သူလဲ ပြောပါဦး"

မြလေးက ကြောင်တောင်တောင်သာ စိုက်ကြည့်နေသည်။

"မြလေး ကိုယ်တို့ဒီနေ့လက်ထပ်ခဲ့တာလေ မှတ်မိတယ်လို့ ပြောပါဦး မြလေးရယ်"

ခေါင်းနှင့် ကိုယ်ဆက်ထားသော. . လည်ပင်းချုပ်ရိုးများကြောင့်လားမသိ၊ မြလေး ခေါင်းညိတ်ခေါင်းခါ လုပ်ဖို့တောင် ခက်ခဲနေပုံရသည်။

တဖြည်းဖြည်းနှင့် မြလေးလည်း မြင်ကွင်းများကို တစ်ခုပြီးတစ်ခု ပြန်မြင်လာလေသည်။

"မြလေး. . ကိုကို့ကို မှတ်မိပြီလား"

မြလေး သူ့ရင်ခွင်ထဲ မျက်နှာအပ်လိုက်၏။

ဘမှန် တင်းကျပ်စွာပြန်ဖက်ထားလိုက်၏။ ထိုအချိန်၌ မြေအောက်ခန်းထဲဆင်းလာသော ခြေသံတစ်စုံကို ကြားလိုက်ရသည်။

မဝံ့မရဲ လှမ်းကြည့်လိုက်တော့ မျှော်လင့်ထားသည့်အတိုင်း ဒေါက်တာမောရစ် ဆင်းလာတာတွေ့လိုက်သည်။

"အင်း. . ကောင်မလေးက တော်တော်လှသားပဲ၊ မင်း ငါ့အတွက်အဖော်မွန်ကို အသက်သွင်းပေးလိုက်တာလား"

"မဟုတ်ဘူး သူက ကျုပ်မိန်းမ၊ ခင်ဗျားအတွက် မဟုတ်ဘူး"





"မိန်းကလေး မင်းနဲ့ကျုပ်က ပုံစံတူတွေပဲ၊ မင်းမှာလည်း ကျုပ်လိုချုပ်ရိုးတွေနဲ့လေ. . ."

မောရစ်စကားကြောင့် မြလေး သူ့ကိုယ်သူ စမ်းသပ်ကြည့်သည်။ မောရစ်ပြောသလိုပင် ချုပ်ရိုးတွေကို စမ်းမိသွားသည်။ ဝမ်းနည်းနာကျည်းသွားသည့်ဟန်ပန်နှင့် ဘမှန် အားလှည့်ကြည့်သည်။

"ကိုကို. . ကိုကို အရမ်းရက်စက်တယ်၊ မြလေးကို ဘယ်လိုလုပ်လိုက်တာလဲ၊ မြလေးကို မကောင်းဆိုးဝါးတစ်ကောင်လို အသက်သွင်းလိုက်တာလား၊ မြလေး ဒီပုံစံကြီးနဲ့ လူ့ဘဝမှာဘယ်လိုရပ်တည်ရမှာလဲ"

အဖြစ်မှန်ကို မြလေး သိသွားလေပြီ။

"မြလေး အကုန်မှတ်မိနေပါလား၊ ကိုကို့ နာမည်ကော ပြောပြပါလား"

"ဘ. . မှန်. . ဘမှန်လေ"

"မဟုတ်ဘူး မင်းဟာ ငါ့အတွက်ပဲ"

မောရစ်က ပြောပြောဆိုဆိုပင် မြလေးအား လှမ်းဆွဲလေသည်။ ဘမှန် ဒေါပွသွားသည်မို့ ရင်ခေါင်းသံနှင့် ဟိန်းဟောက်လိုက်သည်။

"ဟေ့လူ. . ကျုပ်မိန်းမ ကျုပ်ကိုမှတ်မိသွားပြီ၊ ကျုပ်နာမည်ကိုလည်းသိနေတယ်လေ"

ဘမှန်ကလည်း ထိုသို့ပြောကာ မြလေးကိုပြန်ဆွဲထားလေ၏။

"ဒါ ငါ့အဖော်. ."

ဘယ်လိုမှ ညှိမရဘဲ အငေမတည့်ဖြစ်နေကြသည်မို့ မြလေး



www.burmeseclassic.com

www.burmeseclassic.com



အား နှစ်ယောက်အပြိုင် ဆွဲကြလွဲကြ လုယူကြတော့သည်။ မြလေး ခမျာ ယောက်ျားသားနှစ်ယောက်ကြားတွင် အကြမ်းဖက်ခံနေရ တော့၏။ မြလေးမှာ ထိုအဖြစ်ကို မခံစားနိုင်တော့ဟန်နှင့်. . .

"အား!. . အား!. ."

ဟုအော်လိုက်လေသည်။ ထိုသို့အော်မှ နှစ်ယောက်သား ဆွဲနေသော လက်တို့ကိုလျှော့ပေးလိုက်ကြသည်။ မြလေးသူတို့နှစ် ယောက်ကြားမှ ပြေးထွက်သွားပြီး ခုံပေါ်တင်ထားသော မီးအိမ်အား ကောက်ကိုင်လိုက်သည်။ ထို့နောက်. . ခုံပေါ်မှကြည့်မှန်တစ်ချပ်ကို ယူကာ သူ့ရုပ်သူကြည့်လိုက်၏။

"အား!. ."

"ခွမ်း!. ."

မှန်လွတ်ကျသွားအောင်ပင် မြလေးလန့်သွား၏။ အဲဒီ နောက်တွင်တော့ မြလေးဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာချလိုက် နိုင်သည်။ ရေနံဆီမီးအိမ်အား ခေါင်းပေါ်သို့မြှောက်တင်လိုက်ပြီး. . သူမဦးခေါင်းနှင့် ရိုက်ချလိုက်လေတော့သည်။ မြလေးတစ်ကိုယ်လုံး မီးစွဲလောင်သွားလေသည်။

"ဟာ!. . မြလေး"

"မိန်းကလေး. . ."

မီးလောင်ကျွမ်းသည့် ဝေဒနာကို မချိမဆန့်ခံစားရင်း. . . မြလေး အလန့်တကြားလျှောက်ပြေးနေသည်။ ဒီလိုပုံစံနှင့် အသက် ဆက်ရှင်ရခြင်းထက် အသက်သေခံမည်ဟု ရည်ရွယ်ပြီး လုပ်ခဲ့သည် မို့ မြလေး ဘယ်လောက်ထိ စိတ်နာသွားသလဲဆိုတာ ဘမှန် ကောင်း စွာမှန်းဆမိသည်။





လျှောက်ပြေးနေသော မြလေးကြောင့် မြေအောက်ခန်းငယ် ၌ နေရာအနှံ့ မီးစွဲလောင်နေပြီဖြစ်သည်။ နောက်ဆုံးတော့ နှစ်ထ ပျဉ်ထောင်အိမ်ကြီးတစ်ခုလုံး မီးလောင်ကာ ပြာကျသွားလေတော့ သည်။



www.burmeseclassic.com





# (နိဂုံး)

ဘမှန် အတော်ပင်မောပန်းသွားပြီမို့ စကားရပ်ပြီး အနားယူလိုက်သည်။ အသက်ကိုလည်း ခက်ခက်ခဲခဲ ရှူနေရသည်။ တပ္ပတိန် စောလှေဒူးက မဲခေါင်အရက်တစ်ခွက် လှမ်းပေးပြန်သည်။ ဘမှန် လှမ်းယူပြီး မရပ်မနား မော့ချလိုက်၏။ မျက်နှာတစ်ခုလုံး မြူဖွေးနေကာ အားအင်ကုန်ခမ်းနေသည့်ပုံလည်း ပေါက်နေ၏။

"ကျုပ်အသက်ရှင်နေသရွေ့ ဒေါက်တာမောရစ်ဆိုတဲ့လူကို အခဲမကျေဘူး၊ ကျုပ်မိသားစုနဲ့ ကျုပ်ချစ်ရတဲ့ မြလေးလည်း ဆုံးရှုံး





လိုက်ရပြီ၊ ကျုပ်သူ့ကို ရေအဆုံးမြေအဆုံးလိုက်သတ်ဖို့ ကြိုးစား‌ တယ်"

"သူဘယ်သွားသွား ကျုပ်ခြေရာခံလိုက်ခဲ့တယ်၊ သူကလည်း ကျုပ်လိုက်နေတာကို သိတယ်လေ၊ ကျုပ်ခြေရာခံလို့ရအောင်လည်း သူကတမင်လုပ်ထားခဲ့တယ်လေ၊ သူက မချမ်းဘောကနေ တော အရပ်ကို တည့်တည့်ကြီးဆင်းချသွားတာ"

"လပေါင်းများစွာ သူသွားတယ်၊ ကျုပ်ကလည်းလိုက်တယ် ကျုပ်စိတ်ထဲမှာ သူ့ကိုသတ်ဖို့ကလွဲပြီး ဘာမှကိုမရှိတော့ဘူး၊ အ တော့ ကျုပ်သူ့နောက်လိုက်ရတာ ခြေကုန်လက်ပန်းကျနေပြီ၊ ကျ အရမ်း. . အရမ်းကိုပဲ ပင်ပန်းနေပါပြီဗျာ"

ဘမှန်က ပြောလက်စ စကားကို လုံးဝအဆုံးသတ်ကာ မျ လုံးစုံမှိတ်ပြီး အနားယူနေလိုက်သည်။ စောလှေဒူးက ရင်ဘတ်အင စောင်ကို ခြုံပေးလိုက်သည်။ ထို့နောက် ဘမှန်ဆိုသူအား ကြည့် သနားမိ၏။ ဘမှန်အား မျက်တောင်မခတ်ကြည့်နေစဉ်. .

"မြလေး. . မြလေး. . ကိုကို့ကိုလာခေါ်တာလားဟင်"

ကယောင်ကတမ်း အော်ဟစ်ပြီး ကုန်းထလာသည့် ဘမှ အား လှမ်းပွေ့လိုက်သော်လည်း မမိလိုက်ဘဲ ဝုန်းခနဲပြန်လဲကျသွ ၏။ ဒီတစ်ခါတော့ ဘမှန် လုံးဝထမလာတော့. . ။ စောလှေဒူးလည် နှလုံးနှင့် သွေးကြောတို့ကို စမ်းသပ်ကြည့်ပြီးနောက်. . .

"အင်း ခင်ဗျား ဆုတောင်းပြည့်ပါပြီ ကိုဘမှန်၊ ရှေ့လျှော ထာဝရအိပ်စက် အနားယူနိုင်ပါပြီဗျာ"

အသက်ဆုံးသွားပြီမို့ သဂြိုဟ်ဖို့ကိစ္စ စီစဉ်ဆောင်ရွက်ပေးရ စောလှေဒူး သူ့အခန်းထဲမှ ထွက်လာခဲ့၏။ မင်းဒင်နှင့် ပုညတို့က. .



www.burmeseclassic.com

www.burmeseclassic.com



ကပ္ပတိန်စောလေ့ဒူးအား လှမ်းမေးကြသည်။

"ဆရာ. . ဟိုလူ ဆရာ့ကို ဘာတွေပြောပြနေတာလဲ"

ကပ္ပတိန်စောလေ့ဒူးက ဘာစကားမှပြန်မဖြေဘဲ တစ်လုံးတည်းသောစကားကို ဆိုလေ၏။

"သူ. . သေပြီ"

ပြီးမှ တပည့်လက်သားများ စိတ်လက်ပေါ့ပါးသွားစေရန်. .

"အဖျားအရမ်းတက်ပြီး ကယောင်ကတမ်းတွေ ပြောသွားတာပါကွာ"

ထိုအခါ သင်္ဘောသားများက ကြောက်ကြောက်လန့်လန့်နှင့်. .

"ဒါဆို တောထဲကဟာကြီးက ဘာများလဲ ဆရာ"

ကပ္ပတိန်စောလေ့ဒူးက တွေးတွေးဆဆစဉ်းစားပြီး. .

"ဒီလူ အဲဒီ့အကြောင်းကိုတော့ ပြောသွားတယ်ကွ၊ ဒါပေမယ့်မဖြစ်နိုင်ပါဘူးကွာ၊ ငါထင်တာတော့ ဒီလူရူးနေတယ်နဲ့တူတယ်"

ထိုစဉ်. .

"အား!!. ."

ကျယ်လောင်စွာ အော်လိုက်သောအသံကြီးက ကပ္ပတိန်စောလေ့ဒူးအခန်းထဲမှ ထွက်လာလေသည်။

စောလေ့ဒူးနှင့် သင်္ဘောသားများ အခန်းထဲသို့ ဝင်ကြည့်ကြသည်။ ကပ္ပတိန်အခန်းမှ ပြူတင်းပေါက်ကြီး ဟောင်းလောင်းပွင့်နေကာ လဲလျောင်းနေသော ဘမှန်အေးတွင် ထွားကျိုင်းလှသော လူကြီးတစ်ယောက်အား တွေ့ရလေသည်။ ထိုလူကြီးလက်ထဲတွင် မှတ်တမ်းစာအုပ်တစ်အုပ်ကို ကိုင်ထား၏။ ကပ္ပတိန်စောလေ့ဒူးက ထိုလူထွားကြီးအား သေနတ်နှင့်ချိန်လိုက်ရင်း. .

"ခင်. . ခင်ဗျား ဘယ်သူလဲ"

လူထွားကြီး၏ပုံစံမှာ ရန်လိုခြင်းအမူအရာ အလျဉ်းမရှိရုံသာမက မျက်ဝန်းမှမျက်ရည်တို့ ရစ်ဝဲနေသည်ကိုပါ သတိပြုမိကြသည်။ လူထွားကြီးက ဘမှန်အား စောင်းငဲ့ကြည့်ရင်း. .

"ကျုပ် ဘယ်သူလဲဆိုတာ အခုထိမသိသေးပါဘူး. . ၊ ဒါပေမယ့် သူကတော့ကျုပ်ကို ဒေါက်တာမောရစ်လို့ ပြောသွားတယ်"

လူထွားကြီး၏စကားကို ကပ္ပတိန်တစ်ယောက်သာ ဆက်စပ်ပြီး နားလည်နိုင်လေသည်။ ဘမှန်ပြောခဲ့သော ဒေါက်တာမောရစ်ခေါ် သေရွာပြန်နှစ်ဘဝစံ လူ့ဘီလူးကြီးဆိုတာ ဒီချုပ်ရိုးဗလပွနှင့် ပုံဆိုးပန်းဆိုး လူထွားကြီးပင်ဖြစ်ရမည်။ လူထွားကြီး ငိုယိုနေသဖြင့် စောလေ့ဒူးက. .

"ခင်ဗျား ဘာလို့ဒီလောက်တောင် ဝမ်းနည်းနေရတာလဲ"

လူထွားကြီးက စောလေ့ဒူးကို တစ်ချက်လှမ်းကြည့်ကာ. .

"သူက. . ကျုပ်ကိုမွေးဖွားပေးခဲ့တဲ့ ကျုပ်ရဲ့အဖေလေ"

"ဒါပေမယ့် အားလုံးပြီးဆုံးသွားပါပြီ၊ ခင်ဗျားတို့နှစ်ယောက်ကြားက အမုန်းတရားတွေနဲ့ အာဃာတတွေလည်း ပြည်ဖုံးကားချသွားပါပြီ၊ ကျုပ်တို့လည်း ဒီကျွန်းကခွာပြီး ခရီးဆက်ရဦးမှာမို့ သူ့ကို သင်္ဂြိုဟ်လိုက်ရအောင်ဗျာ"

လူထွားကြီးက ခေါင်းညိတ်သဘောတူသည်။ သူကိုယ်တိုင်ပင် ဘမှန်၏အလောင်းကို သယ်ယူလာခဲ့၏။

သောင်ပြင်တွင် အလောင်းကိုချကာ ဒူးထောက်ထိုင်ပြီး. . မမှိတ်မသုန် ကြည့်နေလေ၏။

www.burmeseclassic.com



သင်္ဘောသားများလည်း အနီးဆုံးတောထဲဝင်ကာ ထင်းတွေ စုကြသည်။ ထင်းပုံကြီးပေါ် ဘမှန်အလောင်းကို တင်လိုက်ကြသည်။ ထင်းများကို ရေနံဆီလောင်း၍ မီးတုတ်တစ်ချောင်း မီးညှိကာ လူထွားကြီးလက်ထဲ ထည့်ပေးလိုက်၏။

"ကဲ. . . ရန်သူတော်ဖြစ်ခဲ့တဲ့ ခင်ဗျားအဖေကို ကိုယ်တိုင် သင်္ဂြိုဟ်လိုက်ပါဗျာ"

ကပ္ပတိန်စောလှေဒူးက မီးတုတ်ကိုလှမ်းပေးရင်း ပြော သည်။ မီးတုတ်ကို လက်လွှဲယူလိုက်သည့် လူထွားကြီးက မီးတုတ်ကို ကိုင်ထားရင်း ငိုင်တွေနေလေ၏။

"ကျုပ်တို့မှာ အချိန်သိပ်မရှိတော့ဘူး၊ သင်္ဂြိုဟ်ပြီးတဲ့အခါ ခင်ဗျားလည်း ကျုပ်တို့သင်္ဘောနဲ့ ပြန်လိုက်ခဲ့ပေါ့ဗျာ"

"မလိုက်တော့ပါဘူး၊ ကျုပ်က လူ့အသိုင်းအဝိုင်းအပြင်ဘက် က လူတစ်ယောက်ပါ၊ ကျုပ် ဒီမှာနေခဲ့တာပဲ ကောင်းပါလိမ့်မယ်၊ အခုလို ကျုပ်အဖေကို သင်္ဂြိုဟ်ခွင့်ရအောင် ကူညီပေးလို့. . ကျေးဇူး တင်ပါတယ်၊ ခင်ဗျားတို့ သွားစရာရှိတာ သွားကြပါတော့"

နေခဲ့မည်ဟု ငြင်းဆန်နေသဖြင့် စောလှေဒူး နားချသေး၏။ လူထွားကြီးက ခေါင်းမာမာနှင့်ငြင်းဆန်နေသဖြင့် ကပ္ပတိန်စောလှေ ဒူးလည်းလက်လျှော့ကာ သင်္ဘောပေါ် တက်လိုက်တော့၏။ ကျောက် ဆူးဖြုတ် ရွက်လွှင့်ပြီး ဒေါ်(လ်)ဖင်သင်္ဘော ကျွန်းမှခွာခဲ့သည်။ ကုန်း ပတ်လက်ရန်းတွင် သင်္ဘောသားများတန်းစီရပ်ကာ လူထွားကြီးအား လက်ပြနှုတ်ဆက်ကြသည်။ လူထွားကြီးကလည်း မီးတုတ်တစ်ဖက် နှင့် ပြန်လည်လက်ပြနှုတ်ဆက်ရှာသည်။

သင်္ဘောက တဖြည်းဖြည်း ကမ်းနှင့်ဝေးသွား၏။ ထိုအချိန် ကျမှ လူထွားကြီး ဘမှန်အလောင်းနားသို့ ကပ်လာခဲ့သည်။ ထင်းပုံ၏ အောက်ခြေကို မီးတုတ်နှင့်မီးညှိလိုက်၏။ ရေနံလောင်စာကြောင့် မီးက ချက်ချင်းပင် တောက်လောင်လာပြီး. . တဖြည်းဖြည်း အား ကောင်းလာတော့သည်။ ဘမှန် တစ်ကိုယ်လုံး မီးဟုန်းဟုန်းတောက် အောင် စွဲလောင်လျက်ရှိနေပြီ။

ထိုအခိုက်တွင်မှ လူထွားကြီးက မီးပုံအတွင်းသို့ ခုန်ဝင်လိုက် လေတော့သည်။ ဒါကိုမြင်လိုက်ကြရသည့် ဒေါ်(လ်)ဖင် သင်္ဘောပေါ် မှ ကပ္ပတိန်စောလှေဒူးနှင့် သင်္ဘောသားအားလုံး. . အံ့ဩသွားကြ သည်။

ဇာတ်လမ်းတစ်ခုလုံး သိထားသော ကပ္ပတိန်စောလှေဒူးမှာ မီးပုံထဲမှ ဘမှန်နှင့် ဒေါက်တာမောရစ်ကို မျက်စိတစ်ဆုံးကြည့်နေမိ သည်။ မီးရောင် မှိန်ပြပြလေးမြင်ရတော့သည့်အခါမှ ပုညက. .

"ကျွန်တော်တို့ ဘယ်ကိုခရီးဆက်မလဲ ဆရာ"

ချက်ချင်းပြန်မဖြေသေးပဲ အတန်ကြာတော့မှ ကပ္ပတိန်စော လှေဒူး ပြန်အဖြေပေးလိုက်၏။

"အိမ်ပြန်မယ်. ."

ပြီး







www.burmeseclassic.com